www.burmeseclassic.com

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ဝိုင်း

## ခုလိုပြောကြားပေးတာကျေးဇူးတင်ပါတယ်

### ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း။ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း။ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

အတွင်းဖလင် - ကိုပေါက်

မျက်နှာဖုံးဒီဇိုင်း - Yelay@Ye Wint Kyaw

အချုပ်ချုပ် - ကိုစိုးနိုင်နှင့်အဖွဲ့

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၃၊ ဇူလိုင်လ

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်

ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂(B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁၂၆၃၅၈

၈၉၅ .၈၃
မိုးစက်ဝိုင်း
ခုလိုပြောကြားပေးတာကျေးဇူးတင်ပါတယ် / မိုးစက်ဝိုင်း ။ – ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၃ ။
၁၈၈ – စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) ခုလိုပြောကြားပေးတာကျေးဇူးတင်ပါတယ်

www.burmeseclassic.com

# မိုးထက်ဝိုင်

## ခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အမှာစကား

ဒီဝတ္ထုဟာလည်း ကျွန်တော် တခြားကလောင်နာမည်နဲ့ ထုတ်ဝေဖူးခဲ့တဲ့ ဝတ္ထုတစ်ပုဒ်ပါ။ မဖတ်ရသေးတဲ့ ကျွန်တော့် ပရိသတ်တွေကို ဖတ်စေချင်တဲ့စိတ်နဲ့ ပြန်လည်ပြင်ဆင်မွမ်းမံပြီး ပြန်ထုတ်ဝေလိုက်ပါတယ်။

ပရိသတ်ကို အစဉ်လေးစားလျက်

ကျွန်တော်

BURMESE CLASSIC .com

## (က)

မွေးကတည်းက ဓားထမ်းမကျော်ခဲ့ရပေမယ့် တနင်္လာသား ခင်မောင်ဇော်ဆိုတဲ့ကောင်က ပေါ့သေးသေးမဟုတ်။ သူ့အမေဗိုက်ကို ဆရာဝန်တွေခွဲပြီး ထွက်လာကတည်းကပဲ ရှစ်ပေါင်ခွဲလောက်ရှိတယ်။ မွေးပြီး သုံးနှစ်သားလောက်ရောက်တဲ့အထိလည်း ပြဿနာမရှိခဲ့ပါဘူး။ အဲ . . . သုံးနှစ်ကျော်လောက်ကျတော့ ဒင်းကလေးက စကားပြောတတ်လာပြီ။

ရုပ်ကလေးကလည်း သနားကမား၊ စကားကလည်း ပြောတတ်လွန်းတော့ ရပ်ကွက်ထဲကလူတွေက ခင်မောင်ဇော်ကို ချစ်ကြတယ်။ အဲဒါကြောင့် ခင်မောင်ဇော်ကိုတွေ့ရင် ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမတွေက ချစ်စနိုးနဲ့ မေးကြတယ်။

"ဟယ် . . . သားလေးက ချစ်စရာလေးပဲ၊ ကဲ ပြောပါဦး . . . သားလေး ကြီးရင် ဘာလုပ်မှာလဲ"

သူများတွေဆိုရင်တော့ အမေ၊ အဖေတွေ သင်ထားတဲ့အတိုင်း ဆရာဝန်ကြီးလုပ်မှာ၊ ရဲမှူးကြီးလုပ်မှာ၊ လွှတ်တော်အမတ်ကြီးလုပ်မှာ ဆိုပြီး ဖြေကြမှာပဲ။ ခင်မောင်ဇော်ကတော့ အဲဒီလို မဟုတ်ဘူး။ သူဖြေတာက ရှင်းတယ်။

"သားမှ မကြီးသေးတာ၊ ဘယ်ပြောလို့ရဦးမှာလဲ"

တဲ့။ ခင်မောင်ဇော်ဆိုတဲ့ ငတိက အဲဒီလို။ ငယ်ငယ်ကတည်းကပဲ ဆောက်ကြောတင်းလေး။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁)

တစ်ခါကလည်း သူ့အဖေ အလုပ်ကပြန်လာပြီး ခင်မောင်ဇော်မသိခင်မှာ အပြင်ကို အသာလေးလစ်ထွက်သွားတယ်။ အမှန်တော့ သူ့အဖေက အပေါင်းအသင်းတွေနဲ့ စားသောက်ပျော်ပါးဖို့ ထွက်သွားတာ။ ဒါကို သူ့အမေက သိတော့ ဒေါကန်နေတာပေါ့။ အဖေကိုမတွေ့တော့ ခင်မောင်ဇော်က မေးတော့တယ်။

"မေမေ ... ဖေဖေ ဘယ်ရောက်သွားတာလဲ"

စိတ်တိုနေတဲ့ အမေကလည်း ရွဲ့ပြီး ဖြေလိုက်တယ်။

"နင့်အဖေ အလေလိုက်ဖို့သွားတာဟေ့"

အဲဒီမှာ သုံးနှစ်သား ခင်မောင်ဇော်ဆိုတဲ့ ငတိကလည်း ဘယ်လိုထင်တယ်မသိပါဘူး။ သူ့အတွေးနဲ့သူ ပြန်ပြောလိုက်တယ်။

"မေမေ ... သားကို ဖေဖေ့ဆီ လိုက်ပို့ပေး။ သားလည်း ဖေဖေ့လို အလေလိုက်ချင်တယ်"

အမေဖြစ်သူ မျက်လုံးပြူးရတော့တယ်။ ခင်မောင်ဇော်ဆိုတဲ့ ငတိက သုံးနှစ်သားလောက်ကပဲ ဘုမသိ၊ ဘမသိနဲ့ အလေလိုက်ချင်နေတာ။

တကယ့်ကောင် ...။

■



## (၈)

ဒီလိုနဲ့ ငါးတန်းလောက်ရောက်လာတော့ သူတို့ကျောင်းမှာ အလယ်တန်းအဆင့် စာစီစာကုံးရေးခိုင်းတယ်။ ခေါင်းစဉ်က 'ဖေဖေ့အကြောင်း' ဆိုပဲ။ အလယ်တန်းအဆင့်ဆိုတာ ငါးတန်းကနေ ရှစ်တန်းအထိ ပါတာပေါ့။ အဲဒီမှာ ခင်မောင်ဇော်က သူ့ဟာသူ မရေးဘဲ ခုနစ်တန်းကျောင်းသူ သူ့အစ်မရေးထားတာကိုပဲ ပြန်ကူးပြီး ရေးပေးလိုက်တယ်။ မောင်နှမနှစ်ယောက်စလုံးကရေးတဲ့ စာစီစာကုံးက တူနေတော့ ဆရာမက ခင်မောင်ဇော်ကို ခေါ်မေးတော့တယ်။

"ခင်မောင်ဇော် ... ဒီမှာ သားရေးထားတာနဲ့ သားအစ်မရေးထားတာဟာ အကုန်လုံး တူနေတယ်၊ အဲဒါ ဘယ်လိုဖြစ်တာလဲ"

ဆရာမကတော့ ဘယ်သူ့ဆီက ဘယ်သူကူးရေးတာလဲဆိုပြီး မေးလိုက်တာပါ။ ခင်မောင်ဇော်ကလည်း အမှန်အတိုင်းပဲ ဖြေလိုက်ပါတယ်။

"တူမှာပေါ့ ဆရာမရဲ့၊ သားနဲ့ သားအစ်မမှာက ဒီအဖေတစ်ယောက်တည်းပဲ ရှိတာလေ၊ မတူရင် သားတို့မှာ အဖေနှစ်ယောက် ဖြစ်သွားမှာပေါ့"

မေးမိတဲ့ ဆရာမမှာ ခင်မောင်ဇော်အပြောကြောင့် အူတိအူကြောင် ဖြစ်သွားလေရဲ့။

■



www.burmeseclassic.com

www.burmeseclassic.com

## (ဃ)

နည်းနည်းကြီးလာတော့ မောင်နှမတွေရဲ့ ထုံးစံအတိုင်း အစ်မနဲ့ မတည့်တော့ဘူး။ အိမ်မှာနေရင် အစ်မက ဟိုခိုင်း ဒီခိုင်း။ ပြီးရင် ဆရာကြီး လုပ်လုပ်လွန်းလို့ ခင်မောင်ဇော်က သိပ်မကြည်ဘူး။

တစ်ရက် ... အစ်မက ဟင်းချက်နေရင်း ခင်မောင်ဇော်ကို မန်ကျည်းသီး ဝယ်ခိုင်းတယ်။ ဈေးရောက်တော့ မန်ကျည်းသီးရှာမတွေ့တာနဲ့ ခင်မောင်ဇော်က ချဉ်တာချင်းအတူတူဆိုပြီး သံပုရာသီးဝယ်သွားလိုက်တယ်။ အိမ်ပြန်ရောက်တော့ အစ်မက တဗျစ်တောက်တောက် ဆူပါလေရော။

"နင်ဟာလေ အသုံးကိုမကျဘူး။ ခိုင်းလိုက်ရင် တလွဲတွေပဲ လုပ်လာတယ်"

ခင်မောင်ဇော်က တင်းပြီး ပြန်ပြောလိုက်တယ်။

"အစ်မကိုက ရှာတော်ရှင်ဖြစ်နေတာပါဗျာ"

"အောင်မာ ... ဘာ ရှာတော်ရှင် ဖြစ်ရမှာလဲ"

"အမှားမခံဘူးလေ"

အဲဒီမှာပဲ သူ့အစ်မက ယောက်မနဲ့ကောက်ပေါက်လို့ ခင်မောင်ဇော် ထွက်ပြေးခဲ့ရတယ်။

■



## (င)

တစ်ခါကလည်း လက်ဖက်ရည်ဆိုင်ထိုင်နေရင်း ဦးညွန့်လှိုင်တစ်ယောက် ခင်မောင်ဇော်ကို ကပ်ကြွားတယ်။

"ငါက ရှေးဟောင်းပစ္စည်းတွေ စုတာ သိပ်ဝါသနာပါတာ ခင်မောင်ဇော်ရ"

စကားဆုံးဆုံးချင်းမှာပဲ ခင်မောင်ဇော်က ပြေးပေါက်ကို အရင်ရှာထားလိုက်တယ်။ ပြီးမှ ပြန်ပြောလိုက်တယ်။

"ဟုတ်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဦးရဲ့မိန်းမကိုကြည့်တာနဲ့ သိသာပါတယ်ဗျ"

ဦးညွန့်လှိုင်ခမျာ တွေခနဲ စဉ်းစားလိုက်ပြီးမှ ဒေါသအမျက် ခြောင်းခြောင်းထွက်သွားလေရဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူ့မိန်းမက သူ့ထက် ဆယ်နှစ်လောက် ကြီးတာလေ။ ရှေးဟောင်းပစ္စည်းကြီးပေါ့။ အဲဒီလိုတွေးမိပြီး ထထိုးဖို့ လုပ်တဲ့အချိန်မှာ ခင်မောင်ဇော်က မရှိတော့ဘူး။

လစ်ပြီ ...။

■



www.burmeseclassic.com

www.burmeseclassic.com

## (၉)

ဆယ်တန်းရောက်လာတော့ အမေက စာမလိုက်နိုင်မှာစိုးလို့ အပြင်ကျူရှင်တက်ခိုင်းတယ်။ ဒါတောင် ခင်မောင်ဇော်က အမေကို အပေးအယူနဲ့။ ကျူရှင်တက်ရလို့ဆိုပြီး တစ်ပတ်တစ်ကြိမ် ကြေးအိုးဝယ်တိုက်ခိုင်းတယ်။ ဒီတော့ သူ့အမေကလည်း အပေးအယူသဘောလေး ပြန်ပြောတော့တာပေါ့။

"စာမေးပွဲတော့ အောင်အောင်ဖြေနော်၊ နင့်အတွက် ကျူရှင်လခ တင်မဟုတ်ဘူး။ ကြေးအိုးဖိုးကလည်း ကုန်သေးတယ်"

"ပိုက်ဆံစကား သိပ်မပြောပါနဲ့ မေမေရာ၊ သား စာမေးပွဲမအောင်လည်း ကြီးလာရင် ပိုက်ဆံရှာမှာပေါ့၊ ဘာမှပူမနေနဲ့ . . . အဲဒီအခါကျရင် မေမေ့ကို ကျူရှင်ပြန်ထားပြီး ကြေးအိုးဝယ်တိုက်ပါ့မယ်"

ခင်မောင်ဇော်ဆိုတဲ့ကောင်က မွေးသမိခင်ကိုတောင် အဲဒီလို ပြန်ချုပ်ပစ်တာ။

## (၁၀)

ဆယ်တန်းစာမေးပွဲ ဖြေပြီးတော့လည်း ခင်မောင်ဇော်ဆိုတဲ့ကောင်က လတ်လျားလတ်လျားနဲ့။ တစ်ချိန်လုံး ရပ်ကွက်ထဲမှာပဲ ဂလေရိုက်နေတာ။ အဲဒါကို မျက်စိစပါးမွေးစူးနေတဲ့ ရပ်ကွက်ထဲက သင်္ချာဆရာဟောင်း ဦးသိန်းဟန်က ခေါ်ပြီးဆိုဆုံးမတယ်။

"မင်းကွာ . . . ကျောင်းပိတ်ထားတုန်း လျှောက်လေမနေဘဲ တခြား သင်တန်းလေး ဘာလေးတက်ပါလား။ ဒါမှမဟုတ် ငါ့ဆီမှာ သင်္ချာလာသင်"

ခင်မောင်ဇော်က ခပ်တည်တည်ပဲ . . .

"ကျေးဇူးပါပဲ ဆရာကြီး၊ ဒါပေမဲ့ . . . သင်္ချာဆိုတာက ကျွန်တော်ပိုင်တဲ့ ဘာသာရပ်မို့ မသင်တော့ပါဘူး"

သင်္ချာဆရာကြီးလည်း တင်းသွားပြီး ခင်မောင်ဇော်ကို ပြန်မေးလိုက်တယ်။

"အေး . . . မင်း သင်္ချာပိုင်တယ်ဆိုရင် ငါ တစ်ခုမေးမယ်၊ A=B, B=C, A=C ဆိုတဲ့ သဘောတရားက ဘာလဲ"

ခင်မောင်ဇော်ဆိုတဲ့ သင်္ချာမဟာပညာရှိ ဖြေပုံကလည်း ပီပြင်ပါတယ်။

"အဲဒါကတော့ ရှင်းပါတယ်ဆရာကြီး၊ ဥပမာ ကျွန်တော်က ဆရာကြီးကိုချစ်တယ်၊ ဆရာကြီးက ဆရာကြီးရဲ့သမီးကိုချစ်တယ်၊ ဒီတော့ ကျွန်တော်ကလည်း ဆရာကြီးရဲ့သမီးကိုချစ်တယ်ဆိုတဲ့ သဘောတရားမျိုးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါလည်း ဆရာဦးသိန်းဟန် ဖက်ပိုးမအုပ်ခင် ခင်မောင်ဇော် တစ်ယောက် ပုဆိုးလေးကွင်းသိုင်းပြီး လိမ်ကျစ်လိမ်ကျစ်နဲ့ ထွက်ပြေးခဲ့ရတယ်။

ဟုတ်တယ်လေ . . .။ အဲဒီ ဆရာဦးသိန်းဟန်မှာက သမီးအပျိုတစ်ယောက် ရှိနေတာကို။

■



(၈)

ရည်းစားရထားတာ မကြာသေးတဲ့ သူငယ်ချင်းညွန့်အောင်က ဘလိုင်းကြီး ကပ်ကြွားလာသေးတယ်။

"ဟေ့ကောင် ခင်မောင်ဇော် . . . မနေ့က ငါနဲ့ငါ့ရည်းစား တွဲသွားတာ ဘယ်လိုနေလဲကွ၊ မင်း အားမကျဘူးလား"

ပြန်မဖြေခင်မှာ ခင်မောင်ဇော်က အဲဒီသူငယ်ချင်းကို သေသေချာချာ ကြည့်လိုက်သေးတယ်။ ဒီကောင်က မည်းမည်းတူးတူးအညာသား။ အသားမည်းလွန်းလို့ ကုလားကြီးလို့တောင် ခေါ်ကြတယ်။ ဒင်း ကံစွပ်ပြီး ရသွားတဲ့ ရည်းစားက ဘဲဥလို ဖြူလုံးနေတဲ့ တရုတ်မ။ ဒီတော့ စိတ်ရင်းအတိုင်းပဲ ဖြေလိုက်ပါတယ်။

"ဘယ်လိုနေရမှာလဲကွ . . . မင်းတို့နှစ်ယောက်ကို ကြည့်ရတာ ဇမာဖင်နဲ့ ဘိုထိုင်အိမ်သာကိုပဲ ပြေးပြီးမြင်ယောင်မိတယ်"

"အင်"

ခင်မောင်ဇော်တို့က အဲဒီလို ဥပမာပေးတာလည်း ပြောင်မြောက်သေးတယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## (၅)

တစ်ခါကလည်း မုံရွာကသူငယ်ချင်း အုန်းခိုင်နဲ့ လမ်းမှာဆုံတယ်။ သူ့ဟာသူ ဘာဖြစ်နေလဲတော့ မသိဘူး။ အဲဒီသူငယ်ချင်းက မျက်နှာအိုအို အသံလေးလေးကြီးနဲ့ ...

"ငါ ဒီနေ့ တော်တော်စိတ်ညစ်နေတယ် ခင်မောင်ဇော်ရာ"

ခင်မောင်ဇော်ဆီက နှစ်သိမ့်တဲ့စကားလေးများ ထွက်လာမလား ဆိုပြီး ပြောလိုက်တာပါ။ ခင်မောင်ဇော်ကလည်း ကိုယ်ချင်းစာစိတ်အပြည့်နဲ့ ပြန်ပြောလိုက်ပါတယ်။

"ဟ ... ညစ်ရမှာပေါ့ကွ၊ နေ့တိုင်း ပျော်နေနိုင်တာ အရူးပဲရှိမယ်"

အဲဒါပဲ ...။

ခင်မောင်ဇော်ဆိုတဲ့ကောင်က ဆွဲထိုးပစ်ချင်စရာကောင်းလောက် အောင် စပ်မြင်ကတ်ဖို့ကောင်းတယ်။

■



## (၁၀)

ပြီးတော့ ခင်မောင်ဇော်က ခုလို ဒီမိုကရေစီအသွင်ကူးပြောင်းနေတဲ့ ကာလမှာ ဂျာနယ်တွေ သိပ်ဖတ်တယ်။ အဲဒီဂျာနယ်တွေထဲက သတင်းသမား တွေ အင်တာဗျူးမေးပြီးတိုင်း ပြောတဲ့စကားကိုလည်း သိပ်သဘောကျတယ်။

အဲဒီစကားကတော့ ...

"ခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်"

ဆိုတဲ့စကားပဲ။

ကဲ ...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မနက်မိုးလင်း၍ မျက်စိနှစ်လုံးဖွင့်ပြီဆိုတာနှင့် ခင်မောင်ဇော် လုပ်ဖြစ်သည့်အလုပ်မှာ သူငယ်တန်းစာအုပ်ထဲကအတိုင်း စောစောထ၊ သွားတိုက်၊ မျက်နှာသစ်၊ အိပ်ရာသိမ်း ဆိုတာလောက်ပဲ ဖြစ်သည်။

ပြီးလျှင်တော့ မနက်စာစားရန် ကိုယ့်ရုပ်ကွက်နှင့် ကပ်လျက်ရှိသော အိမ်နီးချင်းရုပ်ကွက်သို့ ကြွချီတော်မူပါတော့သည်။

ခင်မောင်ဇော်တင်သွင်းလာမည့် ဝိစိကိစ္စအားလုံးကို အိမ်နီးချင်း ရုပ်ကွက်မှ ငယ်ပေါင်းကြီးဖော်များဖြစ်သော သိန်းထွန်း၊ ညွန့်လှိုင်၊ ဇော်မင်းအောင်၊ နိုင်ဝင်းတို့က ပခုံးပြောင်း၍ ရင်စည်းခံနေရပါသည်။ ထိုရုပ်ကွက်တွင် ခင်မောင်ဇော် ပရိမ်းယား ဘယ်နှရာသီခြေစွမ်းပြဦးမည် မသိချေ။ ယခုထိတော့ မောင်မင်းကြီးသားက အနှီရုပ်ကွက်ကိုပဲ ဓာတ်ကျနေသေးသည်။

ခုံနှစ်စဉ်ကြယ်တာရာ

www.burmeseclassic.com

www.burmeseclassic.com

ခုလည်း မနက်မိုးလင်းသည်နှင့် လာ လာချေပြီ။ ပျို့ချစ်ဦးလည်း မြူးတဲ့ရာသီ ဖြစ်ပါသည်။ နေရောင်ခြည်ကပင် ဖျော့ဖျော့လေး ဝင်းသွဲ့နေပြီ။

ရပ်ကွက်ချင်းက မဝေးပါ။ နီးလည်း မနီးပါ။ သို့သော်လည်း ခြေထောက်အညောင်းမခံချင်သော ခင်မောင်ဇော်က ကားစီးပြီးသွားသည်။ လမ်းလျှောက်လျှင် သိပ်မဝေးသော်လည်း လိုင်းကားက သူ့လမ်းနှင့်သူ ရပ်ကွက်ကိုပတ်သွား၍ ပိုဝေးသလိုရှိ၏။ ရပါသည်။ ကားလမ်းတစ်လျှောက် ချိုင့်ခွက်ကျလျှင် အသက်အောင့်၊ ဒူးညွှတ်ထားရုံကလွဲပြီး ပိုက်ဆံပေးကာ အခန့်သားလိုက်စီးသွားရုံသာ။ ထိုသို့သောအတွေးနှင့် ခင်မောင်ဇော် ကားပေါ် လှမ်းတက်လိုက်သည်။

ကားပေါ်ရောက်ရောက်ချင်း ပြဿနာက (ရုပ်ရှင်၊ ဗီဒီယိုတွေထဲက လို) မတက် ပါ။ သို့သော်လည်း ကားပေါ်ကဆင်းမည့် မှတ်တိုင်အရောက်မှာ တက်ပါတော့သည်။ ကိုယ်ကအဆင်း၊ ပြဿနာက အတက်ဟုပင် ဆိုရမလို ဖြစ်သွား၏။

မည်သည့် မည်သို့ ဆိုရမည်ပင်မသိတော့။ ထိုပြဿနာသည် စပယ်ယာဆီမှ ပြန်အမ်းမည့်ပိုက်ဆံကို တောင်းခြင်းမှ စလေသည်။ ကားပေါ် ရောက်ရောက်ချင်း စပယ်ယာ လက်တို့မတောင်းမီကပင် ခင်မောင်ဇော်က ယာဉ်စီးခကို အကျေအလည်ပေးချေပါသည်။ တစ်ရာတန်ခရီးကို ပိုက်ဆံ နှစ်ရာတန်ပေးစီးခြင်းက ကိုယ့်အမှားမဟုတ်ပါ။ ခုဆင်းတော့ စပယ်ယာက ငွေတစ်ရာကို ပြန်မအမ်းနိုင်သေး။ အကြွေမရှိဟု ဆိုပါသည်။

ကိုယ်ကလည်း တရုတ်လို မရှာရသော်ငြား၊ ကုလားလို မစုဖြစ်ခဲ့ သော်ငြားပေမယ့် ဗမာလိုတော့ အားနာပါးနာနှင့် အလွယ် အဆုံးမခံနိုင်ချေ။ အဆုံးခံချင်သည့်သူများသာ ခံကြပါ။ ခင်မောင်ဇော်ဆိုသည့်သူကတော့ သတ္တိ ရှိရှိပင် တောင်းခံပါသည်။





"ကဲ . . . ပြန်အမ်းပေးလေဗျာ၊ ကျွန်တော်က ဒီမှတ်တိုင်မှာ ဆင်း တော့မှာဗျ"

"ဟာဗျာ . . . ဒီမှာလည်း အမ်းစရာ တစ်ရာတန်တစ်ရွက်မှ မရှိဘူး"

ကိုရွှေစပယ်ယာက ခပ်တင်းတင်းပင်။ ဒါမျိုးကတော့ ခင်မောင်ဇော် တို့က အံတိုနေပြီ။ ပြန်တင်းပြလိုက်၏။

"ဘာလဲ . . . ခင်ဗျားကို ကျွန်တော်က အကြွေဆင်းလဲပေးရမှာ လား၊ ဒါမှမဟုတ် နောက်တစ်ရာဖိုး ထပ်စီးရမှာလား"

"ဟာဗျာ"

"ဟာဗျာမလုပ်နဲ့ . . . ဒီကိုလည်း တစ်ရာပြန်အမ်းဦး"

နောက်တစ်ယောက် ဖြစ်ပါသည်။ အသံစူးစူးလေးနှင့်အတူ ရှုးရှုး ရဲရဲလှသော နှစ်ဆယ့်တစ်ရာစုသမီးပျိုလေးကို လူတွေကြားထဲက အတင်းတိုး ထွက်လာရ၍ ခပ်မျော့မျော့ပုံစံလေးနှင့် ခင်မောင်ဇော်တွေ့လိုက်ရ၏။ သူ့လိုပဲ တစ်ရာဒုက္ခ (ဒုက္ခတစ်ရာမဟုတ်ပါ) ရောက်နေခြင်းဖြစ်သည်။ စပယ်ယာက ဘယ်လိုလုပ်ရမှန်းမသိသောပုံစံမျိုး လုပ်နေသည်။ ကားက ရပ်ထားတာပင် ကြာလှပြီ။ ကားပေါ်ကလူတွေကလည်း ပွစိ ပွစိဖြင့် အသံတွေ ထွက်လာ၏။ ရှေ့က ဒရိုင်ဘာကလည်း လှမ်းအော်တော့သည်။

"မပြီးသေးဘူးလားဟေ့၊ မင်းအဖေ နောက်ကားက ဖင်ဆောင့် တော့မယ်"

"အင်း . . . . အဲ ပြီးပြီ"

မပြီးပါ။ လုံးဝမပြီးပါ။ စပယ်ယာက ပြီးစလွယ်ဖြေလိုက်ခြင်း ဖြစ် သည်။ ထိုသို့ဖြစ်နေစဉ်မှာပဲ ကောင်မလေးက စပယ်ယာလက်မှ နှစ်ရာတန် တစ်ရွက်ကို တိတိကျကျ ဆတ်ခနဲဆွဲယူပြီး ခင်မောင်ဇော်ကို လှမ်းပြောလိုက် ၏။



www.burmeseclassic.com

www.burmeseclassic.com

“ကဲ … ရပြီ၊ ရှင်လည်း ဆင်းတော့”

ပြောပြီး ကောင်မလေးက ဆင်းဟန်ပြုလိုက်သည်။ စပယ်ယာက ရုတ်တရက် အငိုက်မိသွားသော်လည်း ချက်ချင်းပဲ လှမ်းဆွဲ၏။ လက်ကို ဖြစ်သည်။

“ဟာ … ခင်ဗျားက ဘာလုပ်တာလဲ”

“အောင်မာ … ရှင့်ကို ဘာလုပ်ရမှာလဲ၊ နှစ်ရာယူတာပေါ့၊ ကျွန်မနဲ့ ဟိုတစ်ယောက်က တစ်ယောက်တစ်ရာ ပြန်ရမှာလေ၊ ပြီးမှ ခွဲယူလိုက်မယ် သဘောပေါက်ပြီလား”

တော်တော်ဉာဏ်ပြေးသည့် ကောင်မလေးဖြစ်သည်။ ခင်မောင်ဇော် ပင် မှတ်မှတ်ရရ လေးစားသွား၏။

စပယ်ယာလည်း ကြောင်စီစီနှင့် ခေါင်းညိတ်ပြကာ …

“ဆွဲ ဆရာရေ … နှစ်ယောက်သား ပြေလည်သွားပြီဗျ”

ကားက သူ့လမ်းအတိုင်းဆက်လက်ထွက်ခွာသွားပါပြီ။ မှတ်တိုင်မှာ တော့ ခင်မောင်ဇော်ခမျာ ဆက်မသွားနိုင်သေး။ အကြွေတစ်ရာ၊ ငွေတစ်ရာကို ပြန်တောင်းနေရသေးသည်။ စပယ်ယာပြောသွားသလိုလည်း မပြေလည် သေးချေ။

“ကဲ … ခင်ဗျားနဲ့ကျွန်တော်က ဘယ်လိုရှင်းကြမှာတုံး”

“ရှင်က ဘယ်လိုလုပ်ချင်လို့လဲ”

အို … သူလေးကလည်း အလာကြီးပါလား။ နှုတ်သီးကောင်း လျှာပါးလေးထင်သည်။ မစမ်းသပ်ဖူး၍ သိပ်တော့မသေချာပါ။ တစ်ကိုယ်လုံး ခြုံကြည့်လျှင်တော့ ကြည်စင်လှပသူလေး ဖြစ်သည်။ ခုလည်း သူမက ပြန်မေးနေ၍ အဖြေရှိရပေမည်။

“ကျွန်တော်ကတော့ ကျွန်တော့်တစ်ရာပဲ ပြန်လိုချင်တယ်”



သူမကလည်း လက်ထဲမှ လက်ဝယ်ပိုင်ပိုင်ရရှိထားသော နှစ်ရာတန် အနွမ်းလေးကို ကြည့်လိုက်ပြီးမှ …

“အိုး … ကျွန်မလည်း အဆုံးမခံနိုင်ဘူးရှင့်”

“ထင်သားပဲ … ခင်ဗျားပုံစံက အဆုံးမခံနိုင်ဘူးဆိုတာ”

ယောင်ပြီး ခေါင်းညိတ်လိုက်ပြီးမှ သူမ၏ ဒေါသအမျက်က ချက် ချင်းပြူထွက်လာ၏။

“ဘာ … ဘာပြောတယ်”

“ဟုတ်တယ်လေ … ခင်ဗျားပဲ ခင်ဗျားပိုက်ဆံတစ်ရာကို အဆုံး မခံနိုင်လို့ ကျွန်တော်နဲ့ ဒီအခြေအနေအထိ ရောက်ကုန်တာပေါ့”

“အောင်မာ … ကြီးကြီးကျယ်ကျယ်နဲ့၊ အဲဒီတစ်ရာကို နမြောလွန်း လို့ ထင်မနေနဲ့ဦး”

“ကျွန်တော်ကလည်း လိုအပ်ရင် လှူပါတယ်”

“ဘာ ရှင့် … ရှင့်ပိုက်ဆံတစ်ရာကိုများ ဘယ်သူမှမယူဘူး”

“ဒါဆိုလည်း ခင်ဗျားပဲ ကောင်းသလို စီစဉ်ပါလေ”

ရှေးဟောင်းရုပ်ရှင်ကားထဲကဟန်ဖြင့် ခင်မောင်ဇော်က ခပ်လေး လေးပြောလိုက်၏။ သူမက အမြင်ကတ်ဟန်ဖြင့် မျက်စောင်းတစ်ချက်လှမ်း ထိုးပြီးမှ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ လူသူရှင်းနေသည့်လမ်းမှာ လည်း နှစ်ရာတန်ကိုလဲပေးမည့်သူကို မတွေ့ရ။ ဒီလောက်လိုချင်ရင် အလယ် က ဖြဲပေးရမှာလားဟု မေးရအောင်လည်း စကားစဉ်က လှပုံမရချေ။ ခင် မောင်ဇော် ပေကတ်ကတ်စောင့်နေခြင်းကို မရှုဆိတ်ဟန်ဖြင့်ကြည့်ရင်း …

“လာ … ကျွန်မနောက်က လိုက်ခဲ့”

ခင်မောင်ဇော် ကြောင်သွား၏။ သူရဲဘောနည်းခြင်း မ[illegible]ပါ။ ကြောင်စီစီဖြစ်သွားခြင်း ဖြစ်သည်။ သို့သော်လည်း ဒူးနှင့်မျက်ရည်ပင် သုတ်ရ



www.burmeseclassic.com

www.burmeseclassic.com

သုတ်ရ . . . ဒီလို လှတပတကောင်မလေး ခေါ်ဆောင်ရာသို့ လိုက်ရပေမည်။

"သွားလေ . . . ခင်ဗျားနောက်က ကြည့်ကျက်လိုက်ခဲ့မယ်"

သွားဟန်ပြင်ပြီးမှ ဆတ်ခနဲ တွန့်သွားပြီး . . .

"အောင်မာ . . . ရှင် ရှေ့ကသွား"

"ဟင် . . . ကျွန်တော်မှ ဘယ်သွားမယ်မှန်းမသိတာ"

သူမက လမ်းထောင့်က ကွမ်းယာဆိုင်ကို ညွှန်ပြကာ . . .

"အဲဒီဆိုင်ကို သွားမှာ၊ လာပါ။ ကြာတယ် . . . အတူတူသွားမယ်"

နှစ်ဆယ့်တစ်ရာစု၏ထုံးစံဖြင့် သူမနှင့်သူ ရင်ပေါင်တန်းကာ ထို ကွမ်းယာဆိုင်သို့ ရောက်သွားပါသည်။

"ရှင် ဆေးလိပ်သောက်တတ်တယ် မဟုတ်လား"

"ဘာလဲ . . . ဝယ်တိုက်မလို့လား"

"အောင်မာ . . . အနေသာကြီး။ ရှင့်ပိုက်ဆံတစ်ရာနဲ့ ရှင် ဆေးလိပ် ဝယ်သောက်လိုက်ပေါ့၊ ပိုတဲ့တစ်ရာကို ကျွန်မ ယူသွားမယ်"

တကယ့်ကို မလွယ်သည့် မဟိုဒင်းဖြစ်သည်။ ရွှေဥဒေါင်းတော် စူး ရောက်ပုံက ခင်မောင်ဇော်ပင် ရည်းစားတော်ချင်သွား၏။ ခင်မောင်ဇော်က ရည်းစားရှိသူ မဟုတ်ပါ။ ထို့ကြောင့် အခြေအနေကို လက်လွှတ်မခံချင်သော အားဖြင့် လျှာရှည်လိုက်သည်။

"ဆေးလိပ်တော့ ကျွန်တော်လည်း သောက်တတ်ပါတယ်၊ ဒါပေမဲ့ ခု မသောက်ချင်သေးဘူး။ ခင်ဗျားပဲ တစ်ခုခု ဝယ်စားလိုက်ပါလား။ အချဉ်ထုပ်တို့, ဘာတို့ပေါ့"

"အာ . . . ကျွန်မဆီမှာ အချဉ်ထုပ်ပါလာပြီးသား"

ဆိုင်ရှေ့မှာရပ်ပြီး ထပ်ရှုပ်နေကြပြန်သည်။ သူမက အလျှော့ပေး ချင်ဟန် မတူချေ။ ခင်မောင်ဇော်လည်း ပိုက်ဆံတစ်ရာလေးကို နှမြောမနေ





တော့ဘဲ . . .

"ကဲပါဗျာ . . . ကျွန်တော်လည်း ဆေးလိပ်ဝယ်သောက်မယ်။ ခင်ဗျားလည်း တစ်ခုခုဝယ်စား၊ ဒါမှ မျှတမယ်"

အနည်းငယ်တွေဝေသွားပြီးမှ သူမက ဘဝင်ကျဟန်ဖြင့် . . .

"ကောင်းပြီလေ . . . ဒီမှာ စားစရာ တစ်ရာတန် ဘာရှိလဲ"

"မြေပဲယိုရှိတယ် အစ်မ"

ဆိုင်ရှင်တင့်ဆွေက အမြန်ဖြေသည်။ သူမ မြေပဲယိုထုပ်ကို ဆောင့် ကြီးအောင့်ကြီး ဆွဲဖြုတ်လိုက်စဉ်မှာပဲ ခင်မောင်ဇော်က စီးကရက်တစ်လိပ်ကို ပိုင်နိုင်စွာ မီးညှိနေပြီ။

အမှန်ဆို ကိုယ့်လမ်းကိုယ်သွားပြီး ဇာတ်လမ်းက ဒီမှာပဲ ပြီးရပါမည်။ သို့သော် . . .

"ဟော့ . . . ရွှတ် ရွှတ် မြေပဲယို"

လှမ်းခေါ်သံကြောင့် ခြေလှမ်းလေးလှမ်းနှင့် တစ်ဝက်လောက် အရောက်မှာပဲ ဆတ်ခနဲလှည့်ကြည့်ပြီး မာခေါက်ခေါက် ပြန်ဖြေသည်။

"ဘာလဲ ဘာလဲ"

ခင်မောင်ဇော်က စပ်ဖြီးဖြီးလုပ်ကာ လက်ကြားက စီးကရက်ကို ပြလိုက်ပြီး . . .

"ဩော် . . . လန်ဒန်နဲ့ မြေပဲယိုဆိုတော့ အပျိုကြီးတွေ လင်မရလို့ ပေါ့နော် . . . ဟဲ ဟဲ"

"သေလိုက်ပါလား"

ထိုစကားအဆုံးမှာပဲ ခင်မောင်ဇော်က ခပ်တည်တည်ပုံစံနှင့် ပြန် ပြောလိုက်၏။

"ခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက မျက်စောင်းထိုးရင်း ထွက်သွားပါသည်။

ခင်မောင်ဇော်လည်း ဒီလို လှတပတလေးဆိုလျှင် အသက်ကို ပဓာနမထားဘဲ ချစ်ဝံ့ပါသည်။ အကယ်၍ သူမသာ လိုအပ်ပါက ရှုံကြယ်ကိုပင် အသက်နဲ့ရင်းပြီး ဆွတ်ယူပေးလိုက်ချင်သည် စိတ်ကူးဖြင့် ...။

●

ခင်မောင်ဇော်ရောက်မလာမီအချိန်အထိ လက်ဖက်ရည်ဆိုင်ထဲတွင် တခွဲတိုင်းလိုလို စကားပြောဆိုသံများနှင့် ဆူညံလျက်ရှိသည်။ ခင်မောင်ဇော်ဆိုင်ထဲဝင်လာမှ အမေရိကန်ကောင်းဘွိုင်ကားထဲကအတိုင်း မီးကို ရေနဲ့သတ်လိုက်သလို ရုတ်ခြည်း တိတ်ဆိတ်မသွားကြပါ။

ဘယ်သူမှလည်း ယောင်ပြီး ခါးကြားမှသေနတ်ကို မစမ်းကြ။ ရှိလည်းမရှိပါ။

ထို့အတူ ခင်မောင်ဇော်ဆိုသည့်ကောင်ကိုလည်း သိပ်မထူးဆန်းသော မည်ကာမတ္တမျက်လုံးများဖြင့်သာ တချို့က လှမ်းကြည့်ကြသည်။

မနက်ခင်းနေရောင်ခြည်က ဆိုင်၏ မျက်နှာစာတစ်ဖက်သို့ပင် အလင်းရိုက်ထိုးနေပြီ။ အပူချိန်က သိပ်မပြင်းလှသေး။ ဆိုင်ထဲတွင်လည်း ခင်မောင်ဇော်၏သူငယ်ချင်းများဖြစ်ကြသော တောကျိုးကန်၊ တာတီးနှင့် ကိုဝီတို့က လက်ဖက်ရည်မှာယူသောက်သုံးနေကြသည်။

ဆိုင်ထဲဝင်လာသော ခင်မောင်ဇော်ကိုကြည့်ပြီး ကိုဝီက ...

"ဟေ့ကောင် ... ဒီကိုလာ၊ ငါတို့ ဒီမှာကွ"

ခင်မောင်ဇော်က သူတို့ဆီမသွားဘဲ နီးရာခုံတစ်ခုံကို ဆွဲယူထိုင်ပြီး





...

"ဘာလဲ ... မင်းတိုက်မလို့လား"

"ဟာ ... မင်းကိုတွေ့လို့ လှမ်းခေါ်တာလေ၊ ပိုက်ဆံအပိုမပါလာဘူးကွ"

"ဒါနဲ့များ လှမ်းခေါ်နေရသေးတယ် ... အံ့ပါရဲ့"

"ဟာ"

ခင်မောင်ဇော် မကျေမနပ်ပြောရင်း သူတို့နောက်နားမှ လူကြီးတစ်ယောက်ထိုင်နေသည့် အခြားစားပွဲဝိုင်းမှာ ပြောင်းထိုင်လိုက်သည်။

ထိုလူကြီးက ဘာမှမပြောသော်လည်း ပြောမိသည့် ကိုဝီမျက်နှာက မဲ့ပုပ်ပုပ်ဖြစ်သွား၏။

တောကျိုးကန်နှင့် တာတီးတို့ကလည်း ခင်မောင်ဇော်ကို ဝင်မတားပါ။ တော်ကြာ မင်းတို့တိုက်မလားဆိုလျှင် ပိုက်ဆံကကုန်ဦးမည်။ ထို့ကြောင့် သူ့ဟာသူလာမှာကို ဝင်လျှာရှည်သော ကိုဝီကိုပဲ အလကားရသည့် မကြည်ကြည့်ဖြင့်သာ ကြည့်နေလိုက်၏။

နောက်ဝိုင်းက ခင်မောင်ဇော်၏ တစ်ဖြုန်းစ်ဖြုံ မှာယူစားသောက်နေသံများကို ကြားနေရသည်။

သုံးယောက်သား ငူငူကြီးထိုင်နေကြစဉ်မှာပဲ ...

"ခုခေတ် ကောင်မလေးတွေများကွာ"

ထိုသို့ မကျေမနပ်သလို (အားမလိုအားမရလည်း ဖြစ်နိုင်သည်) ရေရွတ်ပြီး မခေါ်ဘဲဝင်ထိုင်လိုက်သူက ကိုအောင်သိန်း (သူကြီး) ရယ်ပါ။ သူတို့အုပ်စုနှင့် သူတော်အချင်းချင်း သတင်းလွှေ့လွှေ့ဆို့သလို လာရောက်ပေါင်းသင်းနေသော လူပျိုကြီးဖြစ်သည်။

သူကြီးက ကောင်မလေးများနှင့်ပတ်သက်လျှင် ပြောစရာတစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ထဲ အမြဲရှိသူဖြစ်သည်။

ခုလည်း စလာပြီ။

တာတီးက ထိုမီးကို စရှို့၏။

''ဘာတွေဖြစ်လာတာလဲ သူကြီးရာ . . . ပြောပါဦး''

''ဘာဖြစ်ရမှာလဲ . . . ကောင်မလေးတွေပေါ့၊ ဝတ်တာစားတာများ ကွာ အတိုတွေ, အကွဲတွေချည်းပဲ၊ လန်ထွက်နေတယ်''

''ဒါများ သူကြီးရာ . . . ကြည့်သောသူမှ မြင်တာပါ . . . အဟီး''

''နေရာတိုင်းမှာ မြင်နေရလို့ဟေ့၊ ငါကွာ . . . မပြောလိုက်ချင်ဘူး။ ခွေးဆို ပြေးကိုက်တယ် . . . အဟုတ်''

''ဟာ . . . သူကြီးကလည်း''

နောက်ပိုင်းမှ နားထောင်နေသော ခင်မောင်ဇော်ပင် ကိုက်နေသည့် အီကြာကွေးကို မျိုချရန် နင်သွား၏။ သူကြီးက သူ့ကိုမမြင်သေး။

''ဟိုကောင် ခင်မောင်ဇော်ကော မလာဘူးလား''

''ဝီဘာ ဝီဘာ''

ဒီမှာ ဒီမှာ ဟု ပြောလိုက်ခြင်းဖြစ်သည်။ ပါးစပ်ထဲ အီကြာကွေး ပြည့်နေ၍ အသံက လုံးသွား၏။

သူကြီးက မျက်လုံးကြီးပြူးကာ လှမ်းကြည့်ပြီး . . .

''မင်းက ဘယ်လိုဖြစ်နေတာလဲ . . . ဒီကိုလာလေကွာ''

''လာရင် ဒါတွေ ခင်ဗျားရှင်းမှာလား''

သူကြီးမျက်နှာ တွန့်သွား၏။ အခြေအနေအရပ်ရပ်ကို သဘော ပေါက်သွားဟန်လည်း တူသည်။

''လာချင်လာ, မလာချင် နေကွာ၊ ငါ ဆေးလိပ်ပဲ တိုက်နိုင်မယ်''

ခင်မောင်ဇော်လည်း ဘာမှဆက်မပြောတော့ဘဲ ဆက်လက်စား





သောက်နေလိုက်၏။ သူကြီးတို့လည်း စကားပြန်ကောင်းနေကြသည်။ နား မထောင်သော်ငြားလည်း ခင်မောင်ဇော်မှာ ကြားနေရ၏။ စကားသာ ကောင်း ကြသည်။ ပြောသည့်အကြောင်းအရာများကတော့ သိပ်မကောင်းချေ။ ဒီဇိုင်နာ တောကျိုးကန်းက အင်တာနက်က ဟိုဓာတ်ပုံတွေအကြောင်း။ ကိုဝီ ကလည်း သူအလုပ်လုပ်နေသည့်ဂျာနယ်တိုက်မှာ ဘယ်မင်းသမီးက ဘယ်လို လာဖွ (ရင်ဖွင့်) သွားကြောင်း မစားရဝခမန်း ပြောနေကြသည်။

လောလောဆယ် အလုပ်လက်မဲ့ တာတီးနှင့် အလုပ်မလုပ်သူ အနုပညာသမား သူကြီးတို့ကတော့ တဟီးဟီး တဟားဟားနှင့် သဘောတွေ ကျနေကြ၏။

ထိုစဉ်မှာပဲ ခင်မောင်ဇော်နှင့် တစ်စားပွဲတည်းထိုင်နေသော လူကြီးက . . .

''အဲဒါ မင်းသူငယ်ချင်းတွေလား''

ပွက်လောရိုက်နေသည့် သူကြီးတို့ဝိုင်းကို မေးငေါ့ပြခြင်းဖြစ်သည်။ ခင်မောင်ဇော်က ရုတ်တရက်မို့ ကြောင်သွား၏။

''ဟုတ်ပါတယ် အန်ကယ် . . . ဘာဖြစ်လို့လဲ မသိဘူး''

ထိုလူကြီးက ချက်ချင်းပြန်မဖြေပါ။ လူငယ်တွေ ပျော်တတ်သားပဲ ဟုလည်း မှတ်ချက်မပေး။ သူ့ရှေ့ခုံပေါ်မှာတင်ထားသည့် ဘာစာအုပ်မှန်း မသိသော စာအုပ်ထူထူကြီးကို ပြန်ယူဖတ်နေပြန်သည်။ ခင်မောင်ဇော်လည်း ငြိမ်နေလိုက်၏။ သူကြီးတို့ဝိုင်းကလည်း အရှိန်က ထပ်မြင့်လာသည်။

ရပ်ကွက်ထဲတွင် လင်မယားရန်ဖြစ်၊ ညော်စာရင်းစစ်၊ နတ်ကတော် အောင်မိုး၊ အောင်စိုး ဝက်မျိုး စသော စသော လူမှုရေးပဋိပက္ခများပင် ပါ လာချေပြီ။

ထိုလူကြီးလည်း ကိုယ့်စာကိုယ်ဖတ်လို့ပဲ အာရုံမစူးလသလား။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးတို့ပြောသမျှ အတွင်းရေးတွေကိုများ လိုက်နားထောင်နေမိလေသလား မသိ . . .။ စာအုပ်ကိုပိတ်ကာ မရှုဆိတ်ဟန်ဖြင့် လှမ်းကြည့်ပြီးမှ ခင်မောင်ဇော်ကို . . .

"မောင်ရင်က စာဖတ်တာ ဝါသနာပါလား"

"ဗျာ . . . ဟုတ်ကဲ့ အန်ကယ်၊ ပါ ပါတယ်"

ထိုလူကြီးက ခေါင်းတဆတ်ဆတ် ညိတ်သေးသည်။ ပြီးမှ . . .

"အေး . . . ကောင်းတယ်ကွ၊ လူငယ်ဆိုတာ စာဖတ်ရမယ်၊ ဒါမှ ခေတ်ကို သိမှာပေါ့၊ တချို့တွေများ ပေါလောပါးလားနဲ့ကွာ၊ ကိုယ်လည်း ပေါ့သုတမရ၊ တခြားလူလည်း အနှောင့်အယှက်ဖြစ် . . . ဘယ်ကောင်းမလဲ"

"ဟုတ်ပါတယ် အန်ကယ် . . . မကောင်းပါဘူး"

တကယ်မကောင်းတတ်၍သာ ပြန်ဖြေနေရသည်။ ရှေ့ဝိုင်းကို စောင်းပြီး ကိုယ့်ကိုတွေဖြုတ်နေမှန်း ခင်မောင်ဇော် ရိပ်မိပါသည်။ ထိုသို့ အလိုက်အထိုက်လေး ပြန်ဖြေဖော်ရသော မိမိကိုပင် မစာနာမထောက်ထားဘဲ ဆက်ပြောလာပြန်၏။

"အိုင်စတိုင်းဆို မင်းတို့အရွယ်မှာ ဘယ်မှမသွားဘူးကွ၊ အိမ်မှာပဲ စာထိုင်ဖတ်နေတာ"

ဗုဒ္ဓေါ . . . ဘလိုင်းကြီးပါလား။

မသိရင် သူနဲ့ အိုင်စတိုင်းပဲ လည်ပင်းဖက်ပြီး ကြီးလာသလိုလို။

ခင်မောင်ဇော် စိတ်ညစ်သွား၏။ လူကြီးသူမတွေ အမြင်မတော်လို့ ဆုံးမတာကို သူနာခံပါသည်။ သို့သော်လည်း လိုတာထက် ပိုပြီး ဆုံးမလာသည့် ထိုပုဂ္ဂိုလ်ကြီးကိုတော့ တင်းသွား၏။

တစ်ဖွဲ့လုံး၏သိက္ခာအတွက်ဟု တွေးကာ ခင်မောင်ဇော်က ရစ်စည်းပြီး မခံနိုင်တော့။



"ဟုတ်ပါတယ် အန်ကယ် . . . အိုင်စတိုင်း ကျွန်တော်တို့အရွယ်မှာ စာတွေဖတ်ပြီး တွေးတောကြံစည်နေမှာပါ၊ အင်း . . . အန်ကယ်တို့လိုအရွယ်မှာလည်း အိုင်စတိုင်းဟာ လက်ဖက်ရည်ဆိုင်ထိုင်ပြီး စာအုပ်ဖတ်မနေဘဲ အဏုမြူဗုံးထုတ်လုပ်တဲ့ ဖော်မြူလာနဲ့ ကမ္ဘာကျော်နေပြီဗျ"

"ဖရူး . . . ဘာကွ"

အိုင်စတိုင်းဘော်ဒါကြီး ရေနွေးသီးသွားသည်။ ခင်မောင်ဇော်ကို မျက်ထောင့်နီကြီးဖြင့် ကြည့်ပြီးမှ ကိုယ့်ဘဝကိုယ် သဘောပေါက်သွားပုံ ရ၏။ စားပွဲထိုးလေးဇာဇာလှမြင့်ကို ပိုက်ဆံခေါ်ရှင်းကာ ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်သွားလေ၏။

ခင်မောင်ဇော်အတွက်တော့ ရှင်းပေးမသွား။ ကြီးစားချင်လာအောင်လည်း ကိုယ်က သတိပေးပြောကြားရသေးသည်။

ရှိစေတော့ . . .။

ကိုယ်စားတာ ကိုယ်ရှင်းပြီး ရှေ့ဝိုင်းသို့ ကူးလိုက်၏။ သူကြီးတိုက်သော စီးကရက်ကိုသောက်ပြီး ထိုအိုင်စတိုင်းဘော်ဒါကြီးအကြောင်း ပြောပြလိုက်သည်။ တသောသောရယ်ကြပြီးမှ သူကြီးက . . .

"ထင်သားပဲ . . . အဲဒီလူကြီးက ခွကျကျကြီးကွ၊ မင်းတို့နဲ့ကပ်လျက်ထိုင်တတ်ရပ်ကွက်ကလေ၊ မင်းနဲ့တွေ့တော့ ပြီးရောပေါ့ကွာ၊ သူ့မှာ သမီးတွေရှိတော့ ဘယ်ကောင့်ကိုမှ ကြည့်လို့ရတာ မဟုတ်ဘူး"

"သူ့သမီးတွေက ချောလို့လား"

တာတီးက အတင်းဖြတ်မေးသည်။

"ချောတယ် ဟေ့ကောင်၊ ဒါပေမဲ့ သွားမလုပ်နဲ့ . . . ခုတောင် ဒီကောင်ခင်မောင်ဇော် ပြောလိုက်လို့ အဘိုးကြီး အဏုမြူဗုံး သွားထွင်နေပြီလား မသိဘူး။ မင်းပါ ပြာကျသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com

ရယ်ကြရပြန်သည်။ ခင်မောင်ဇော်လည်း စီးကရက်နောက်တစ်လိပ်ကို မီးကူးရင်း မနက်ကတွေ့ခဲ့သော မြေပဲယိုမလေးကို မဆီမဆိုင် သတိရသွားလေ၏။ ဘာမှလည်း မဆိုင်ချေ။

ယောက်ျားတွေများ ...။

■



## အခန်း (၂)

၁။ လမ်းလျှောက်ရင်း အင်ကြင်းတစ်ယောက် တွေးလာမိသည်။ တွေးရသည်မှာလည်း မကောင်းချေ။ လမ်းလျှောက်နေရတာက တစ်ဖက်နှင့်။ သို့သော် ကိုယ် အခုသွားနေသောအိမ်မှ အပျိုကြီးမဝင်းမာအကြောင်းတော့ တွေးရမည်။ အပျိုကြီးမဝင်းမာနှင့် ကျောင်းတက်စဉ်ကပင် အတန်းမတူသော်လည်း ခင်ခဲ့ရ၏။ ခင်ဖို့လည်း ကောင်းပါသည်။ ခင်ဖို့ကောင်းသည့်ကြားထဲမှာပင် မဝင်းမာက ကြက်စိတ်ခာတ်အနည်းငယ်ရှိသည်။

ပြောရသည်မှာလည်း မကောင်းပြန်ချေ။ မြန်မာပြည့်ပ,ါ့ကော တရုတ်နှင့် အနည်းငယ်စပ်ပြီးမွေးလာသော မဝင်းမာသည် တရုတ်ခရေစီ ဖြစ်သည်။ ဒီလောက် ကိုယ့်ပြည်သူပြည်သားတွေ စိတ်နာနေသည့် တရုတ်ကိုပဲ အထင်ကြီးသည်။ စကားပြောလျှင်လည်း တရုတ်မပါလျှင် မပြီး၊ ထိုသို့ ကိုယ်ပိုက်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ် ယက်လွန်းအားကြီးသောကြောင့် အပျိုကြီး မဝင်းမာကို ကြက်စိတ်ဓာတ်ရှိသည်ဟု သူတို့သူငယ်ချင်းများက တိုးတိုးတိတ်တိတ် သတ်မှတ်ထားကြခြင်းဖြစ်၏။ ကြားသွားပြန်လျှင်လည်း မကောင်းချေ။ အပျိုကြီး၊ မဝင်းမာ၊ ကြက်စိတ်ဓာတ် . . . တစ်မျိုးကြီး။

အင်ကြင်းရောက်သွားတော့ လူစုံသလောက်ဖြစ်နေပြီ၊ မေသန္တာနှင့် ဇာခြည်တို့ကို အရင်တွေ့လိုက်ရ၏။ မမြတ်သစ်ကိုတော့ မတွေ့ရသေးချေ။ မရောက်သေးတာ ဖြစ်မည်။ ဘာမှပင် မလုပ်ရသေး။ လူစုံမှ စကြမည်ထင်သည်။ ထိုသို့ဆို၍ ပိုကာဒေါင်းကြမည် မဟုတ်ပါ။ မိန်းကလေးများ အားအားယားယား စုပြီး အပျိုကြီးမဝင်းမာအိမ်မှာ ဟီး ဟား သဘော်သီးထောင်း လုပ်စားကြမည်ဖြစ်သည်။ ပြင်ဦးလွင်မှ ပြန်ရောက်လာတာ မကြာသေးသော အင်ကြင်းနှင့် ဆုံချင်လွန်းလို့လည်း ခုလိုပြန်စုမိကြခြင်း ဖြစ်၏

"ဟဲ့ . . . မမြတ်သစ် မရောက်သေးဘူးလား"

အိမ်ထဲကို လှမ်းဝင်ရင်း အင်ကြင်းက မေးလိုက်သည်။ ဘယ်သူမဖြေခင်မှာပဲ အိမ်ခန်းထဲမှ ထွက်လာသည့် မဝင်းမာက . . .

"ရောက်နေပြီ ရောက်နေပြီ . . . နင်ပဲ နောက်ကျတာ"

ပြောမှပဲ ဒီမနက် ကားပေါ်ကအဆင်းမှာ ကြုံရသည့်အဖြစ်ကို သတိပြန်ရသွားသည်။ ရလက်စနှင့် မြေပဲယိုလေးကို ထပ်ကိုက်လိုက်ပြီး

"ဒါဖြင့် မမြတ်သစ်က ဘယ်မှာလဲ"

"အိမ်သာထဲမှာဟေ့ အိမ်သာထဲမှာ၊ နင့်ရှေ့ကပဲ စိတ်ဆိုးမာန်ဆိုး တက်လာပြီး အိမ်သာထဲ ဝင်ဖြုံနေတယ်"

"ဟယ်"

လက်ထဲက မြေပဲယိုပင် လွတ်ကျမတတ် ဖြစ်သွား၏။ အားလုံး မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ဝိုင်းကြည့်လိုက်ကြသည်။





မဝင်းမာက ကမန်းကတန်းပဲ . . .

"ဟာ . . . မဟုတ်ဘူး မဟုတ်ဘူး၊ စကားလောသွားလို့၊ မနက်က မြတ်သစ်ကို ရပ်ကွက်ထဲက ကိုဖေအောင် စာလိုက်ပေးလို့တဲ့၊ အဲဒါ သူကြားထဲမှာကြောင့် ရှက်ရှက်နဲ့ယူလာရတယ်လေ၊ စိတ်ဆိုးဆိုးနဲ့ အိမ်သာထဲမှာ ဖြဲပြီးလွှင့်ပစ်နေတာကို ပြောတာ"

"ရှင်းရှင်းလင်းလင်းပြောပါ မဝင်းမာရယ်၊ မထိတ်သာ မလန့်သာနဲ့"

ခုမှ သက်ပြင်းကိုယ်စီကျသွား၏။ မဝင်းမာက တခွိုးခွိုးရယ်လိုက်သေးသည်။

"မမြတ်သစ်က စွံတယ်နော်၊ ခဏ ခဏ စာလိုက်ပေးခံရတယ်"

မေသန္တာက မှတ်ချက်ချသည်၊ အားကျနေပုံလည်း ရ၏။ ဒါကိုပင် မဝင်းမာက မရှုဆိတ်ဟန်ဖြင့် . . .

"အို အေ . . . ခဏ ခဏ စာလိုက်ပေးတာသာ ခံရတာပါ၊ တစ်ခါမှလည်း တရုတ်မပါဘူး"

ဘာမှလည်း မဆိုင်ချေ။ မဝင်းမာအတွက်တော့ တရုတ်သည် သူ့ဘဝ၊ သူ့အနာဂတ်လား မသိ။ ထိုအချိန်မှာပဲ စာလိုက်ပေးခံရသော မမြတ်သစ်က အိမ်သာထဲမှတစ်ဆင့် အိမ်အလယ်ကိုဖြတ်ကာ အိမ်ရှေ့သို့ ရောက်လာပါပြီ။

"ခုမှပဲ ပေါ်သွားတော့တယ်ဟယ်"

"ဟင် . . . မဝင်းမာပြောတော့ မမြတ်သစ် ရည်းစားစာသွားဖြဲပြီး လွှင့်ပစ်တာဆို"

အင်ကြင်းက မေးမိသည်၊ မမြတ်သစ်က ရှက်သလိုရွံ့သလိုလုပ်ပြီး

"ငါလည်း အစကတော့ တန်းဖြဲမလို့ပဲ၊ ဒါပေမဲ့ ဘာတွေများရေးထားလဲလို့ ဖတ်ကြည့်ချင်တာနဲ့ ဖတ်လိုက်သေးတယ်ဟ၊ စာအရေးအသား



www.burmeseclassic.com

www.burmeseclassic.com

ကတော့ ညွှတ်နေတာပဲ၊ ဖတ်ရင်းနဲ့ ငါလည်း အိမ်သာတောင် တက်ချင်သွားတယ်၊ အဲဒါနဲ့ ကြာသွားတာ . . . အဟိ"

စာပေးသည့် ကိုဖေအောင် ကြားလျှင်ဖြင့် ရင်ကျိုးရပေမည်။ အဲဒီမှာ တွေ့တာပဲဟု ယူကျုံးမရ ဖြစ်နေမလားမသိ။ ဒီကြားထဲမှာပင် မဝင်းမာက ဝင်ဟန့်သေးသည်။

"ထားစမ်းပါဟယ် . . . တရုတ်မဟုတ်ရင် စိတ်မဝင်စားနဲ့"

မဝင်းမာကို ပြန်ချေပမနေတော့ပါ။ မမြတ်သစ်၏လက်ကို စင်ကြယ်အောင် ဆပ်ပြာနှင့် အထပ်ထပ်အခါခါ ဆေးနိုင်းပြီး သဘော်သီးခြစ်နိုင်းရသည်။ အင်ကြင်းက ကြက်သွန်လှီး၊ မဝင်းမာက ငရုတ်သီး၊ ငရုတ်ကောင်းထောင်း။ ပြီးလျှင် ဇာခြည်က လိုအပ်သည့်အစာများကိုထည့်ကာ နယ်ပြီး သကာလ မေသန္တာကို စားသောက်ရန် ပြင်ဆင်နိုင်းလိုက်သောအခါ အသင့်စားသုံးနိုင်သော ဟီးဟားသဘော်သီးထောင်းရပါပြီ၊ ကြော်ငြာခြင်းမဟုတ်ပါ။ (ထို "ဟီးဟား" သဘော်သီးထောင်းနည်းကို အသေးစိတ်သိလိုပါက ခုနစ်စဉ်ကြယ်စာပေတိုက်မှတစ်ဆင့် ရဲမှူးကြီးခင်မောင်ဖော်ထံသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။)

"ဟီးဟား" သဘော်သီးထောင်းဟု ဆိုခဲ့သည့်အတိုင်း စားသောက်ပြီးကြတော့ မနက်က မမြတ်သစ်စာပေးခံရသည့်ကိစ္စကို ပြန်ပြောပြီး တဟီးဟီး တဟားဟား ဖြစ်နေကြသည်။

မမြတ်သစ်က သူချည်းပဲ အပြောခံနေရသောကြောင့် ထင်သည်။ အင်ကြင်းဘက်ကို လှည့်ပြီး . . .

"ကဲ မိအင်ကြင်း . . . ပြောပါဦး၊ ပြင်ဦးလွင်က ပြန်ရောက်နေတာပဲ နှစ်ပတ်လောက်ရှိပြီ၊ ငါတို့နဲ့ ခုမှတွေ့ရအောင် ဘာတွေများ အလုပ်များနေရတာလဲ"





"ဒီလိုပါပဲ . . . ရန်ကုန်မှာ အိုက်လွန်းတာနဲ့ အပြင်မထွက်ဖြစ်တာ"

"အံမယ် . . . ကြီးကြီးကျယ်ကျယ်၊ နင်လည်း ရန်ကုန်သူပါနော်"

ဇာခြည်က ဝင်ပြော၏။ ဟုတ်တော့လည်းဟုတ်ပါသည်။ အင်ကြင်းတာ ရန်ကုန်သူပေမယ့် ကျောင်းပြီးကတည်းက ပြင်ဦးလွင်မှာပဲ အနေများသည်။ ဟိုက အဒေါ်က အင်ကြင်းတို့ညီအစ်မသုံးယောက်ထဲမှာ အင်ကြင်းကို အချစ်ဆုံး။ သားသမီးလည်း မရှိသောကြောင့် အင်ကြင်းကို ပြင်ဦးလွင်မှာ နေစေချင်သည်။ သူမကလည်း ဟိုက ရာသီဥတုကို ကြိုက်သဖြင့် တစ်နှစ်မှာ ဆယ်လလောက် သွားနေဖြစ်၏။ ခုလည်း မေမေလှမ်းခေါ်၍သာ ရန်ကုန်ကို ပြန်ဆင်းလာခြင်း ဖြစ်သည်။

ဇာခြည့်စကားကို သူမက ပြုံးနေလိုက်သည်။ မေသန္တာက စကားလာပြန်၏။

"ဟဲ့ . . . နင် ပြင်ဦးလွင်မှာကော ဇာတ်လမ်းတွေဘာတွေ မဖြစ်ခဲ့ဘူးလား"

"ထားစမ်းပါဟာ . . . ဟိုမှာ ပန်းပင်တွေနဲ့တင် အားတာမဟုတ်ဘူး"

"သြော် . . . အားရင်တော့ ဖြစ်ချင်တယ်ပေါ့"

"အေးလေ . . . ငါလည်း အရွယ်ရောက်တော့မှ ရည်းစားလေးဘာလေး ရချင်ပြီပေါ့ဟ၊ တော်ကြာ မဝင်းမာကြီးလို ဖြစ်နေဦးမယ်"

အင်ကြင်းက မဝင်းမာကို စလိုက်၏။ စကားက သူ့ဘက်လှည့်လာသောကြောင့် မဝင်းမာ မခံချင်ဖြစ်သွားကာ . . .

"ကောင်မတွေနော် . . . ငါက မရှာချင်သေးလို့ဟဲ့၊ မရှာချင်သေးလို့"

"ဟုတ်မှာပါ . . . မဝင်းမာနဲ့ ယှူမယ့်တရုတ်က မမွေးသေးဘူးနဲ့တူတယ်"

www.burmeseclassic.com



"ဟေ ... ဟုတ်လား၊ ဒီလောက် ကမ္ဘာမှာ လူဦးရေအများဆုံး တရုတ်ထဲမှာတောင် မမွေးသေးဘူးလား"

ဝိုင်းရယ်ဖြစ်ကြသည်။ မဝင်းမာလည်း ကိုယ့်စကားနှင့်ကိုယ် အရှက်ပြေ လိုက်ရယ်နေရသည်။ ပြီးမှ အင်ကြင်းကိုကြည့်ပြီး ...

"စကားမစပ် မေးရဦးမယ် ... နင် ရန်ကုန်မှာ ဒီတစ်ခေါက် ကြာကြာနေဖြစ်မှာလား"

"မပြောတတ်သေးဘူး ... အခြေအနေအရပဲ"

ထိုစကားကို မမြတ်သစ်က သိပ်ဘဝင်မကျဘဲ ...

"ဒါနဲ့ နင့်အိမ်က ဘာကိစ္စအရေးကြီးလို့ လှမ်းခေါ်တာတဲ့လဲ"

"ဘာကိစ္စရမှာလဲ ... ကိုလှတင် ပြန်ရောက်နေပြီလေ၊ အဲဒ ကြောင့်ပေါ့"

အားလုံး အင်ကြင်းကို ဝိုင်းကြည့်မိကြသည်။ အင်္ဂါပြိုဟ်ဟု အမည် ပြောင်ပေးထားသည့် ကိုလှတင်ဆိုသူမှာ အင်ကြင်းနှင့် လူကြီးချင်း သဘောတူ ထားသူ။ အင်ကြင်းကမကြိုက်သော်လည်း ကိုလှတင်က အင်ကြင်းကို ဘယ် လိုရရ အသေရရ အရှင်ရရ ယူမည့်သဘောရှိ၏။ ထိုကိုလှတင် (အင်္ဂါပြိုဟ်) သည် နိုင်ငံခြားတွင် အလုပ်သွားလုပ်နေခြင်းဖြစ်သည်။ ဒီတစ်ခေါက်ပြန်လာ လျှင် အင်ကြင်းနှင့် နေရာချပေးမည်ဟုသိထားသောကြောင့် အားလုံး စိတ်ဝင် စားသွားကြခြင်း ဖြစ်၏။

အင်ကြင်းကတော့ အေးအေးလူလူပင်။ မအေးနိုင်သော မဝင်းမာ ကြီးက ပူပင်လာသည်။

"ဟဲ့ အင်ကြင်း ... ဒါဆို နင် လင်ယူဖို့ ပြန်လာတာပေါ့ ... ဟုတ် လား"

"ပြန်လာတယ်ဆိုတာလည်း ဟုတ်တယ်၊ အချိန်တန်ရင် လင်





ယူမှာလည်း ဟုတ်တယ်"

"ခုပဲ ကိုလှတင် ပြန်ရောက်နေပြီဆို"

"အာ ... မဝင်းမာကလည်း သူပြန်ရောက်တိုင်း ကျွန်မက ယူရ မှာလား"

"နင်ပဲ အချိန်တန်ရင် လင်ယူမယ်ဆို"

"ဟုတ်တယ်လေ ... ဒါပေမဲ့ ကိုလှတင်တော့ မဟုတ်ဘူး"

"ဟယ် ... ဒါဆို နင်က ဘဲရှိနေပြီပေါ့၊ ကောင်မ ... ပြင်ဦးလွင် က မဟုတ်လား"

အားရဝမ်းသာဟန်နှင့် ဇာခြည်က ဝင်မေး၏။ သူမက ကိုလှတင် ကို ကြည့်မရသောကြောင့် ကိုလှတင်ကလွဲပြီး အားလုံးနှင့် သဘောတူသူ ဖြစ်သည်။ အင်ကြင်းကလည်း ကိုလှတင်ကလွဲသော အားလုံးထဲက တစ် ယောက်ကိုပဲ ယူချင်ပါသည်။ ထို့ကြောင့် အင်ကြင်းက ...

"ဟော့အေး ... ပြင်ဦးလွင်က မဟုတ်ဘူး"

စကားဖြတ်ကာ မဝင်းမာကို ကြည့်လိုက်ပြီးမှ ...

"အဲ ... တရုတ်လည်း မဟုတ်ဘူး"

"ရှုပ်နေတာပဲ အင်ကြင်းရယ်၊ ဒါဆို ဘယ်သူလဲ ... ပြော"

စိတ်ညစ်သွားဟန်နှင့် မေသန္တာက ဝင်မေးပြန်သည်။ မဝင်းမာက တော့ မျက်နှာကိုမဲ့ပြ၏။ အင်ကြင်းက သူ့ဆံပင် စင်းစင်းလေးကို လွှင့်ရမ်း သွားသည်အထိ ခေါင်းခါလိုက်ရင်း ...

"ဟင့်အင်း ... ငါလည်းမသိသေးဘူး၊ ဒါပေမဲ့ ကိုလှတင်ကို မယူချင်ရင်တော့ တစ်ယောက်ယောက်တော့ ယူရတော့မှာပဲဆိုတာကို ပြော တာ"

"ဟဲ့ ... အင်ကြင်း"



www.burmeseclassic.com

www.burmeseclassic.com

မဝင်းမာက ချက်ချင်းစကားစဟန်ပြင်၏။ အင်ကြင်းက . . .

"ပြောပြီးသားနော် . . . တရုတ်မပါဘူး"

အားလုံး မဝင်းမာကို ဝိုင်းရယ်ကြတော့သည်။ အင်ကြင်းက ချစ်စရာကောင်းသူလေးမို့ မဝင်းမာက သူ့မောင်ဝမ်းကွဲ ဝင်းဦးနှင့် ကျိတ်ပြီး သဘောတူနေသောကြောင့် ဖြစ်သည်။ အမြဲလိုလို အောင်သွယ်လုပ်၏။ ဝင်းဦးလို လောင်းကစားသမားကိုတော့ အင်ကြင်းက စိတ်မဝင်စားချေ။ ခုထိလည်း သူမနှလုံးသားကို မိန်းမောမှင်တက်စေလောက်သည့် တစ်ယောက်ယောက်က မရှိသေးပါ။ ကိုလှတင်၏ နဖူးပြောင်ပြောင်ကြီးကပဲ သူမကို ခြိမ်းခြောက်နေပါသေးသည်။



## အခန်း (၃)

ဒေါ် အင်ကြင်းဆိုသော သူမက လောကီပညာတွေလိုက်စားပြီး အကြား အမြင်ရနေသူ မဟုတ်ပါ။ ဗေဒင်ဆရာကြီးတစ်ဦး၏ တပည့်မလည်း မဟုတ်ရိုးအမှန်ပါ။ ဒါပေမဲ့လည်း ဒီမနက် ကိုလှတင် အိမ်ကိုလာမည်ဆိုတာကိုတော့ သိနေ၏။ မြေကြီးကို ဖနောင့်နှင့်ပေါက်လျှင် နာသွားဦးမည်။ ကိုလှတင်ကတော့ မကြာမီပင် ရောက်လာပါတော့မည်။ သူမလည်း ဘယ်လိုမှ ကြည့်မရချေ။ နိုင်ငံခြားမှပြန်ရောက်ကတည်းက လာလာပြနေသော ကိုလှတင်မျက်နှာကို ဖြစ်သည်။

ဒီနေ့လည်း အပြင်ထွက်ရန် အကြောင်းတစ်ခုခုက ပြရဦးမည်။ အိမ်ရှေ့မှာ စာထိုင်ဖတ်နေသော မမငုဝါကို ကြည့်လိုက်၏။ မမက ဆဋ္ဌ သိုလ်တစ်ခုမှ ကထိကတစ်ယောက်ဖြစ်သည်။ အမြဲလိုလို အေးအေးချမ်းချမ်း


www.burmeseclassic.com

www.burmeseclassic.com

နေတတ်သော မမက လုပသော်လည်း ဆရာမ,ပီသစွာ အိမ်ထောင်မပြုသေး။ အရွယ်ရှိသေးသော်လည်း လုံးဝစိတ်မကူးတော့ဟု အတိအလင်း ကြေညာထားသည်။ မိမိမှာသာ ထိုသို့မကြေညာရဲ၍ ကိုလှတင်နှင့် စီစဉ်ခံရခြင်းဖြစ်၏။ အငယ်မလေး ဇလပ်ဝါကလည်း ခုမှ ငါးတန်းသာ ရှိသေးသဖြင့် မိမိဘက်ကို ဒီအရှုပ်ထုပ်ကြီးက ရောက်လာခြင်း ဖြစ်သည်။ ဘယ်ကိုမှ ပို့မရသော ပြဿနာဦးခေါင်းကြီး။ ထိုသို့ စိတ်မောစွာတွေးပြီး မမအနား ရောက်သွား၏။

"မမ"

"ဟေ ... ဘာလဲ ညီမလေး"

လက်ထဲက တရားစာအုပ်ကိုချရင်း မမက ဖြေသည်။ အင်ကြင်းက သက်ပြင်းချပြီး ...

"ညီမလေး ယောက်ျားမယူချင်သေးဘူး မမရာ"

မမက ဒါဆိုလည်း ကိုလှတင်ကို ငါပဲယူလိုက်တော့မယ်ဟု မဖြေပါ။ သူမကိုပင် နဝေတိမ်တောင်ဖြင့် ...

"အဲဒါကို မမက ဘယ်လိုလုပ်ပေးရမှာလဲ ညီမလေးရယ် ... လူကြီးတွေ စီစဉ်ထားကြတာလေ"

ဒီလိုဆိုပြန်တော့လည်း မမက သူ ဘာမှမလုပ်ပေးနိုင်သလိုမျိုး။ ဒါမျိုးကြီးကို မမပဲယူတော့ ဟူ၍လည်း မထိုးပေးရက်ပြန်။ ကိုယ်တောင် မယူချင်သေးသည်ပဲ။

မမကို စိတ်မညစ်စေချင်သောကြောင့် အင်ကြင်းက ဘာမှမဖြစ်သလို ပြုံးပြကာ ...

"မမ ... ဖေဖေ လက်ဖက်ရည်ဆိုင်သွားပြီလား"

မမက သဘောပေါက်စွာပဲ ...





"သွားပြီ ... မေမေလည်း ဈေးသွားတယ်၊ ညီမလေး သူငယ်ချင်းအိမ် သွားချင်သွားလေ၊ မမ ကြည့်ပြောထားလိုက်မယ်"

အင်ကြင်းက မမကိုလိုင်းဖက်ပြီး တစ်ချက်နမ်းလိုက်သည်။ မိဘတွေကို မလွန်ဆန်ချင်သောကြောင့် စိတ်ညစ်နေရသည့် သူမကို မမက အမြဲစိတ်ချမ်းသာစေပါသည်။ အားရဝမ်းသာစွာပင် မမရှေ့က လှည့်ထွက်ခဲ့၏။

အိမ်ရှေ့ဝရန်တာတွင် စာကျက်နေသည့် အငယ်မကိုပင် ကောင်းကောင်းကျက်နော်ဆိုပြီး ခေါင်းကို အားအားယားယား တစ်ချက်ခေါက်ခဲ့သေး၏။ အငယ်မ ဇလပ်ဝါက မိစ္ဆာတေး။ စလို့ အလွန်ကောင်းသည်။ ခုလည်း အော်ဟစ်ပြီး ကျန်ခဲ့၏။

မဝင်းမာကြီးဆီသွားမယ်ဆိုပြီး ကားမှတ်တိုင်သို့ ဦးတည်လိုက်သည်။ ကားတစ်စီးက လူကျပ်ညပ်ပြီး ထိုးဆိုက်လာ၏။ ကားပေါ်ပြေးတက်မလို လုပ်ပြီးမှ ဟိုတစ်ရက်ကလို ဖြစ်မှာစိုးသောကြောင့် ပိုက်ဆံအကြွေရှာလိုက်မိသည်။ ပိုက်ဆံအကြွေက မရှိချေ။ ထိုအချိန်မှာပဲ မေမေက ကားပေါ်မှ ဈေးခြင်းတောင်းကြီးနှင့် ဆင်းလာသည်ကို တွေ့လိုက်ရသည်။ အတွေ့ခံ၍ မဖြစ်ပါ။ မကြီးမငယ်နှင့် နားရွက်ဆွဲပြီး ခေါ်ခံရဦးမည်။ မေမေက ပြောလို့ရသည်မဟုတ်။ ကားမှတ်တိုင်မှ ဝရန်းသုန်းကား ပြေးထွက်လိုက်ရသည်။ စိတ်ရှုပ်လာသဖြင့် သိပ်မှမဝေးတာဟု တွေးပြီး အင်ကြင်း ကိုယ့်ခြေထောက်ကိုယ်ပဲ အားကိုးလိုက်ပါသည်။

လမ်းလျှောက်လာရင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့မှ ဖြတ်အလျှောက်မှာ အင်ကြင်းသိလိုက်သည်။ သူ့နောက်မှ တစ်ယောက်ယောက်ကပ်လိုက်လာပြီ။ သိပ်တွေးစရာမလိုပါ။ အကြောင်းအရင်းကို သိလိုက်၍ စိတ်ရှုပ်စရာလည်း ကောင်းပါသည်။ ခပ်တည်တည်နှင့် ရှိုးရှိုးယဉ်ယဉ်ပဲ ဆက်လျှောက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ခြေသံက သူမနောက်ကို တဖြည်းဖြည်း နီးလာကာ ...

"မမ ... မမ ခဏလေးပါ"

ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူမထက် သုံးနှစ်လောက် ငယ်မည်ဟုထင်ရသော အသားဖြူဖြူ၊ ရုပ်ချောချော၊ ရာဇာနေဝင်းစတိုင်နှင့် ရှပ်ယှက်ခတ်အောင်ဝတ်စားထားသည့် ကောင်လေးတစ်ယောက်။ ထိုကောင်လေးက သူမနှင့် ဘေးချင်းယှဉ်လျှောက်လိုက်ပြီး ...

"မမ ... ကျွန်တော်က မမတို့ရပ်ကွက်ထဲကပါ၊ မမ သိမလား မသိဘူး ... ကျွန်တော့်နာမည် အောင်သန်းဦးပါ မမ"

"ဘယ်သိမှာလဲ ... မင်း ကိုယ့်လမ်းကိုယ်သွားရင် ကောင်းမယ်"

အင်ကြင်းက ခပ်တည်တည်နှင့် ပိတ်ဟောက်ပစ်လိုက်သည်။ ကောင်လေးက လုံးဝဂရုမစိုက်ဟန်နှင့် မထီတရီပင် ပြုံးလိုက်သေး၏။

(ဘယ်ရမလဲ ... အောင်သန်းဦးပဲ)

"ကျွန်တော်ကတော့ မမအင်ကြင်းကို သိပါတယ်၊ ကျွန်တော့်ကိုလည်း မှတ်ထားပါမမ ... ဆီဖူး (နေပြည်တော်) ဆိုတဲ့ကလောင်နာမည်နဲ့ ကဗျာတွေ,ဘာတွေ ရေးတယ်လေ"

"ဟာ ... ရှုပ်ရှုပ်ယှက်ယှက်၊ ငါ ကဗျာလည်း မဖတ်ဘူး၊ မှတ်လည်း မထားနိုင်ဘူး၊ မင်းသွားတော့"

အောင်သန်းဦး စိတ်ညစ်သွားပုံရသည်။ သူ့ကလောင်နာမည်က ဒီလောက်တောင် လူသိနည်းသွားပြီလားဟုလည်း သောကပင်လယ်ဝေသွား၏။ အောင်သန်းဦးကတော့ စိတ်မလျှော့နိုင်ချေ။ တစ်ညလုံး မအိပ်ဘဲရေးထားသည့် စာနှင့်ပူးတွဲပါ မမကဗျာရှည်ကြီးကိုထုတ်ကာ တစ်မျိုးထပ်လုပ်လိုက်၏။

"မမက ပြန်ဆိုရင်လည်း ကျွန်တော်ပြန်မှာပါ၊ ဒါပေမဲ့ ဒီစာလေး





ကိုတော့ လက်ခံပေးပါ မမ"

"စာ ... ဟုတ်လား၊ ဘာစာလဲ"

သိသိကြီးနှင့် အင်ကြင်းက မေးလိုက်သည်။ အောင်သန်းဦးက အသွေ့ရှိ အက်ကွဲသော လေသံလေးဖြင့် အဝေးကိုကြည့်ပြီး ...

"ကျွန်တော့်ရဲ့ မဖြစ်နိုင်ဘူးလို့ထင်ထားတဲ့ အိပ်မက်တွေကို သင်ပုန်းချေချင်တဲ့ စာလေးပါ မမရယ်"

အင်ကြင်းက အောင်သန်းဦးကိုကြည့်ပြီး ရယ်ချင်ပက်ကျိ ဖြစ်သွားသည်။

"မဖြစ်နိုင်တာများ မင်း သိရဲ့သားနဲ့ကွာ၊ ဒီလို ကိုယ့်ဘဝကိုယ် နားလည်တတ်တာကိုတော့ မမဝမ်းသာပါတယ်၊ ကဲ ... ပြန်တော့နော် မောင်လေး၊ လိမ္မာပါတယ်ကွယ်"

ခုံးမသလိုလိုနှင့် တမင် လူကြီးဂိုက်ဟန်လုပ်ပြီး အင်ကြင်းပြောလိုက်သည်။ အောင်သန်းဦးလည်း ဘာလုပ်ရမှန်းမသိအောင် သွက်ချာပါဒ ဖြစ်သွား၏။ ကိုယ့်စကားနှင့်ကိုယ် လေငန်းဖမ်းသလို ကျန်ခဲ့ရသည်။

အင်ကြင်းတစ်ယောက် မဝင်းမာအိမ်သို့ နောက်ထပ် အနှောင့်အယှက်မရှိဘဲ ရောက်သွားပါသည်။ ပို၍ စိတ်ညစ်ရပြန်၏။ မဝင်းမာကြီးက အိမ်မှာ မရှိပါ။ အမျိုးတစ်ယောက်လာခေါ်၍ လသာက တရုတ်တန်းဘက် သွားပြီး တရုတ်အစားအစာများ သွားစားကြသည်ဟု သူ့အမေ တရုတ်မကြီးက ဆိုပါသည်။ သူသည်ပင် တရုတ်ဖယောင်းတိုင်တွေ မှာလိုက်ကြောင်း ထပ်လောင်းပြောကြားလိုက်သေး၏။ ဒီလိုအဖြစ်မျိုးတွေလည်း ရှိလားဟု ဆိုးဆုံ့တွေးကာ မဝင်းမာကြီးအိမ်နှင့် သိပ်မဝေးသည့် ဇာခြည်တို့အိမ်ကို ဆက်သွားလိုက်၏။

လမ်းထိပ်ရောက်စဉ်မှာပဲ အင်ကြင်း အံ့ဩသွားသည်။ ဇာခြည်ကို

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတုံးဆံပင်ပေါက် လူတစ်ယောက်နှင့်တွဲပြီး တွေ့လိုက်ရသောကြောင့် ဖြစ်၏။ သူ့ကိုမြင်တော့ ဇာခြည့်မျက်နှာက မလုံမလဲဖြစ်သွားပြီး ...

"အင်ကြင်း ... ဘယ်သွားမလို့လဲ"

သူတို့လမ်းထိပ်မှာ တွေ့တာကိုပဲ ဘယ်လဲ လာလုပ်နေသည်။ နှင့်အမေယောက်ျားအိမ်ဆိုရင် မကောင်းက ဖြစ်ဦးမည်။ အင်ကြင်းက မလျော့ တောင်းဟန်ဖြင့် ...

"ဘယ်ကိုသွားရမှာလဲ ... နင့်ဆီ လာတာပေါ့"

"ကျွတ်(စ်) ... ငါမအားဘူး အင်ကြင်းရယ်၊ ကိုမျိုးနဲ့ သွားစရာ ရှိလို့ဟ"

ပြောရင်း ဇာခြည်က ရှက်ကိုးရှက်ကန်းဖြစ်နေသေးသည်။

(မှတ်ချက် – ကိုမျိုး= လှမျိုးမြင့်= တောကျီးကန်း)

အင်ကြင်းလည်း သဘောပေါက်သွားပြီး ဒီနေ့ ကံမကောင်းသည့် ကိုယ့်ကိုယ်ကိုယ်ပဲ စိတ်ဖြေယူရသည်။

အတင်းကြီးစကားဖြတ်ချင်နေသော ဇာခြည်ကိုကြည့်ကာ ...

"အေး အေး ... သွားလေ၊ ဟဲ့ ဇာခြည်မ"

"ဟင် ... ဘာလဲ"

ဇာခြည်က သွားဟန်ပြင်ပြီးမှ ဆတ်ခနဲ လှည့်ကြည့်သည်။

"သြော် ... ကြည့်သွား ကြည့်စားလို့ ပြောမလို့ပါ"

ဇာခြည့်ဘေးက ကိုမျိုးဆိုသည့် တောကျီးကန်း မျက်နှာမဲ့သွား၏။ အသံတိတ် လှမ်းဆဲသော ဇာခြည့်ကို ရယ်ပြပြီး အင်ကြင်းလှည့်ထွက်လာခဲ့သည်။ သူများတွေမှာတော့ တရုတ်အစားအစာနှင့် သာသာယာယာ၊ တချို့ကလည်း ဘေးက ဘာဘာညာညာနှင့်။ ကိုယ့်မှာပဲ မသာမယာဖြစ်ဖို့ ဇာတာက ပါလာလေပြီလားမသိ။





မမြတ်သစ်နှင့် မေသန္တာတို့ဆီလည်း ဝေးလွန်း၍ ကျူးကျူးကျော်ကျော် မသွားချင်တော့။ စိတ်မောလူမောကြီးနှင့် အိမ်ပြန်ရောက်သွား၏။ အင်ထမ်းမှာ တဖွဖွဆုတောင်းလာခဲ့သော်လည်း မပြည့်ဝရိုး အမှန်ပါ။ တွေ့ဆိုက်ရပါပြီ။ အိမ်ဦးခန်းမှာ ခန့်ခန့်ဆန့်ဆန့်ကြီး တက်ထိုင်နေသူက ကိုလှဆင်း သူမကို မဟာနဖူးကြီးနှင့် ချောက်ချားစေသော ကိုလှတင်(အင်္ဂါဂြိုဟ်) နေပါ။ ပြင်ဦးလွင်ကို တစ်ခါတည်း ထွက်ပြေးချင်စိတ်ပေါက်သွားသည်။

ကိုလှတင်က ဖေဖေနှင့် စကားကောင်းချင်ဟန်ဆောင်နေသည်။ သူမကိုမြင်တော့ ဝုန်းခနဲ ထရပ်မလို ဖြစ်သွားသေး၏။ ပြီးမှ ဖေဖေ့ကို မြင်ပြီး စိတ်ထိန်းလိုက်ဟန်တူသည်။ ဒါတောင် စကားအတိုအစက ထွက်ထာသေးသည်။

"အင်ကြင်းလေး ပြန်လာပြီလား၊ ကိုယ်တောင် ရောက်နေတာ အတော်ကြာသွားပြီ"

"သြော် ... ဟုတ်လား။ ပြန်တော့မလို့ ထင်တယ်၊ အားနာလိုက်တာ"

"အင်း ... ပြန် အဲ ... မပြန် ... ရပါတယ် အင်ကြင်းလေးရဲ့"

ကိုလှတင် အိုးနင်းခွက်နင်း ဖြစ်သွား၏။ ဖေဖေက သူမကို ရွတ်ဆင်း တစ်ချက်လှမ်းကြည့်ပြီးမှ ကိုလှတင်ဘက်ကို ပြန်လှည့်ကာ ...

"နေပါဦး မောင်လှတင်ရဲ့ ... ထမင်းစားပြီးမှ ပြန်မှပေါ့၊ မင်းအန်တီက မင်းလာမယ်ဆိုလို့ ပုစွန်တုပ်တွေ ချက်နေတာ"

"ဟာ ... နေပါစေ၊ ဦးကလည်း အားနာစရာကြီး"

"ဘာကို အားနာနေတာလဲကွ ... စားပြီးမှ ပြန်"

ဖေဖေ့စကားကို မလွန်ဆန်ရဲသလို ခေါင်းညိတ်ပြပြီးမှ အင်ကြင်းကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းလည်း မသိကျိုးကျွန်ပြုရင်း အခန်းထဲဝင်လာခဲ့လိုက်၏။ ခပ်လှမ်းလှမ်းမှ မမက အင်ကြင်းကိုကြည့်ကာ မချိုပြုံးလေး ပြုံးပြရှာသည်။

ထိုသို့ဖြင့် ကိုလှတင်ကိုခြံရံပြီး သူတို့မိသားစု ထမင်းစားရပြန်၏။ ထမင်းဝိုင်းမှာ မေမေက ပျူငှာလွန်းသည်။ သူ့သမက်ဟု အပိုင်တွက်ထားလေလား မသိ။

"မောင်လှတင် ထည့်စားလေ၊ သား . . . ပုစွန်ကြိုက်တယ်မဟုတ်လား"

"ကြိုက်ပါတယ်၊ ဟိုမှာဆို ဂျပွန်က သိပ်စားရတာ မဟုတ်ဘူး။ ဒီရောက်မှ ဂျပွန်လတ်လတ်ဆတ်ဆတ်တွေ စားရတာဗျ"

ဗုဒ္ဓေါ . . .။ အင်ကြင်းပင်မက တစ်ဝိုင်းလုံး မျက်လုံးပြူးသွားကြသည်။ ပုစွန်ကိုများ ဂျပွန်တဲ့။ ဘယ့်နှယ်ဟာကြီးလဲ။ ကိုလှတင်ကတော့ သူ့စကားကို သူ သတိမထားမိသေးပါ။ လူကြီးတွေ မသိချင်ယောင်ဆောင်လိုက်သော်လည်း အငယ်မဇလပ်ဝါက မအောင့်နိုင်ဘဲ တခွီးခွီးရယ်ပြီး . . .

"ဦးလှတင်ကြီးကလည်း ပုစွန်ကိုများ ဂျပွန်တဲ့ . . . ဟီး ဟီး ဟီး"

"ဟာ . . . ဒီကောင်မလေး"

ဖေဖေ လှမ်းဟန့်တာပင် မမီလိုက်ပါ။ မျက်နှာကြီးတစ်ခုလုံး ရဲရဲနီသွားပြီး ကိုလှတင် ခေါင်းမဖော်ရဲတော့ချေ။ ထမင်းကိုသာ တွင်တွင်ငုံ့စားနေပြီး သူပြောသည့် ဂျပွန်ကိုလည်း ယူမစားရဲတော့။ အင်ကြင်းနှင့် မေငုဝါလည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြုံးစိစိဖြစ်နေ၏။

အတန်ကြာတော့မှ ကိုလှတင် အရှက်ပြေလောက်ပြီဟု မေမေက ယူဆမိလားမသိပေ . . . ဟင်းထည့်မစားတော့သည့် ကိုလှတင် အတွက် ဖေးဖေးမမလေး ပြောပေးရှာသည်။

"မောင်လှတင် . . . ဟင်းတွေထည့်စားဦး၊ ဟဲ့ . . . သမီးအင်ကြင်းခင်းဝါ ကိုပဂျွန်ထဲ အဲ . . . ပန်းကန်ထဲ ဂျပွန်တွေ ထည့်ပေးလိုက်လေ ... ကောင်မယ်လေး . . . ငါတောင်မှားကုန်ပြီဟဲ့"

တစ်ဝိုင်းလုံး ဘယ်သူမှ မအောင့်အီးနိုင်တော့။ တသောသော ရယ်ကြလေသည်။ ကိုလှတင် (အင်ဂျင်နီယာ) မှာလည်း ရှက်ရှက်နှင့် လိုက်ရယ်ရရှာ၏။ အင်ကြင်းမှာလည်း ဂျပွန်တွေကို ပဂျန်ထဲ ထည့်ပေးခွင့်မရတော့ပါ တော့ပါသည်။ ကိုလှတင် မစားနိုင်မသောက်နိုင်ဘဲ ပြန်သွားရလေသည်။ ကောင်းပါ၏။ ဒီနေ့ ရက်ရာဇာဖြစ်ဖို့ များပါသည်။

■





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ခင်မောင်ဇော်ကို အလုပ်ရှိသည်ဟု ဆိုလို့မရသလို အလုပ်မရှိဟု လည်း ဆိုလို့မပြောနိုင်ချေ။ အဖေမန္တလေးသားက အမေရန်ကုန်သူနှင့် ရပ်ကျေး ရွာကျော် အိမ်ထောင်ကျပြီး ခင်မောင်ဇော်ကို မီးရှူးသန့်စင်ခဲ့ခြင်းဖြစ်သည်။ ခင်မောင်ဇော် အရွယ်မရောက်ခင်ကဘဲ ဖေဖေက မန္တလေးမှာ ကုမ္ပဏီသွား ထောင်၏။ ငယ်သေး၍ ခင်မောင်ဇော်ကလည်း မတားမိခဲ့။ ခု အရွယ်ရောက် တော့ ဖေဖေ့အလုပ်က မန္တလေးမှာ အခြေချနိုင်မာနေပြီ။ မေမေနှင့်မ သည်ပင် ဟိုမှာ ဖေဖေနှင့်လိုက်နေသည်က များ၏။

ခင်မောင်ဇော်မှာပဲ မေမေ့ညီမ အဒေါ်အပျိုကြီးနှင့် စခန်းသွားနေ သည်။ အကောင်းလည်း မနေရပါ။ ဟိုက ဖေဖေလှမ်းမှာသည့် ပစ္စည်းများ မကြာခဏ ဝယ်ပို့ပေးရသေး၏။ သားအဖချင်းဆိုတော့လည်း လခမယူရ





ပါ။ နောက်တော့မှ ဒီကုမ္ပဏီကြီးတစ်ခုလုံး အပိုင်စီးတော့မည်ဟု ဆုံးဖြတ် ထားလိုက်၏။

မန္တလေးကို ပစ္စည်းပို့ပြီး အိမ်ပြန်ရောက်တော့ ကိုအောင်သိန်း (သူကြီး) က အားအားယားယား ရောက်နေ၏။ တကူးတက လာပုံထောက် ရှုင်တော့ အကြောင်းရှိ၍ဖြစ်မည်။ ပြီး တစ်ယောက်တည်းလည်း မဟုတ်။ ကုမျိုးမြင့်(တောကျီးကန်း) က ပါလာသေး၏။

နှစ်ယောက်သား အိမ်ပေါ် အခန့်သားတက်ပြီး သူ့အဒေါ်၏ ဆေးထားရေစာကော်ဖီကို သောက်နေကြ၏။ ခင်မောင်ဇော်အဒေါ်က အပျို ကြီးပီပီ ကပ်စေးနဲသည်။ ခုလည်း ဒီကော်ဖီမျိုးပြီးရင် ရေတောင်တောင်း သောက်နိုင်ဟူသော မျက်နှာပေးမျိုးနှင့် ခပ်လှမ်းလှမ်းက ကြည့်နေ၏။ ခင်မောင်ဇော်ကိုမြင်တော့မှ သူကြီးက အသက်ရှူဝသွားဟန်ဖြင့် ဝမ်းသာအယ် ထဲ ဖြစ်သွားသည်။

"ဟား ... ကြာလိုက်တာ ငဇော်ရာ၊ ငါတို့ရောက်နေတာ ကြာပြီ ကွ"

"ဟဲ့ ... ခင်မောင်ဇော်ကို ခင်မောင်ဇော်ပဲ ခေါ်လေ၊ ဘာငဇော်လဲ"

ထိုစကားက ခင်မောင်ဇော်ပြောလိုက်ခြင်း မဟုတ်ပါ။ ချစ်တူလေး ကို မထိလေးစားခေါ်သော သူကြီးကို အဒေါ်က ဝင်ဆုံးမခြင်း ဖြစ်သည်။ သူကြီး အိခနဲ ဇက်ပုသွား၏။ ပါးစပ်ကလည်း လွှတ်ခနဲ ...

"ဗျာ အန်တီ"

"ဗျာမလုပ်နဲ့ ... ဟုတ်ကဲ့ ပြော"

"ဟုတ် ဟုတ်ကဲ့ အန်တီ၊ ဟို ... ဘာ ဘာပြောရဦးမှာလဲ ခင်ဗျာ"

ပုဝင်သွားသောဇက်ကို ပြန်ဆွဲမထုတ်နိုင်သေးဘဲ သူကြီးက ခုခေ ထိမ်တောင် ပြန်မေးသေး၏။



www.burmeseclassic.com

www.burmeseclassic.com

"မသိဘူးအေ . . . ပြောချင်တာပြောတော့၊ ဒါပေမဲ့ ကောင်းကောင်း ပြော"

အသားလွတ်ကြီးမာန်မဲကာ အခေါ်က အနိုင်နှင့်ပိုင်းပြီး ထသွားလေသည်။ ခင်မောင်ဇော်အခေါ်ဆိုတော့လည်း ဒီလောက်တော့ လူပါးဝမည်ပေ။ သူကြီးကိုကြည့်ပြီး တခွိခွိကျိတ်ရယ်နေသော တောကျိုးကန်းက . . .

"ဟူး . . . မင်းအခေါ်ကလည်း မလွယ်ဘူး"

"မလွယ်လို့ အပျိုကြီးဖြစ်နေတာပေါ့ကွ၊ လွယ်မှုပဲ အရင်ကတည်းက အုးနဲ့မျက်ရည်သုတ်နေရမှာပေါ့"

ခုမှ ခင်မောင်ဇော်က စပြောလိုက်ခြင်းဖြစ်သည်။

"အေးပါကွာ အေးပါ . . . ငါတို့ကိစ္စရှိလို့လာတာ ဟေ့ကောင်"

"သိပါပြီ"

ကိုရိုးယားကားမှ စကားလုံးမျိုး ပြောလိုက်၏။ တောကျိုးကန်းက မရွှေဆိတ်ဟန်ဖြင့်ကြည့်ပြီး . . .

"လုပ်မနေနဲ့ ဟေ့ကောင် . . . လိုက်မှာလား မလိုက်ဘူးလား"

"ဘယ်လဲ ဘာလဲဆိုတာ ပြောဦးလေ . . . မင်းက စွတ်စက်ခေါ်နေတာပဲ"

ချက်ချင်းပင် တောကျိုးကန်းမျက်နှာက ချိုသာသွား၏။ ပြီးမှ . . .

"ဒီနေ့ ငါ့ကောင်မလေးရဲ့ သူငယ်ချင်းတွေနဲ့ မြို့ထဲမှာ ချိန်းထားတယ်ကွ . . . အမှတ်တရပေါ့ကွာ၊ ဟိုဘက်ဒီဘက် သူငယ်ချင်းတွေကို မိတ်ဆက်ပေးရင်း ငါနဲ့ဇာခြည်က ဒကာခံမလို့"

"ဟာ . . . ဘယ်က ဇာခြည်လဲကွာ"

မဲ့ရွဲ့ရွဲ့နဲ့ ခင်မောင်ဇော်က မေးလိုက်သောကြောင့် . . .

"ငါ့ကောင်မလေးကွာ ငါ့ကောင်မလေး။ ဇာခြည်ဆိုတာ ငါ့ရည်းစား





အသစ်စက်စက် ငါ့ချစ်သူ"

"ဩော် . . . ဒီလိုလား၊ ဘယ်သိမလဲကွ"

တကယ်လည်း ခင်မောင်ဇော် မသိချေ။ ကောင်မလေးတစ်ယောက်ငေး တောကျိုးကန်း လိုက်နေသည်ဟုသာ လက်ဖက်ရည်ဝိုင်းမှာ အစွန်းထွက်ကြားမိခြင်းသာ ရှိသည်။ ခုမှ ရည်းစားရနေမှန်း သိရခြင်းဖြစ်၏။

တောကျိုးကန်းက . . .

"ကဲပါကွာ . . . သွားရအောင်၊ ဟိုနှစ်ကောင် တာတီးနဲ့ကီဝီ အလုပ်သွားနေလို့ မခေါ်လိုက်ရဘူး"

"အေး အေး . . . လိုက်ခဲ့မယ်လေ"

"ဒါဆိုလည်း အဝတ်အစားလဲဦးလေကွာ"

ငြိမ်ကျသွားသော သူကြီးက ဝင်ပြောပြန်၏။ ဒါကိုပင် အခေါ်က အခန်းထဲကအထွက်မှာ ကြားဖြစ်အောင် ကြားသွားပြီး . . .

"ဘာ အဝတ်အစားလဲဦးမှာလဲ၊ ခုမှ အပြင်က ပြန်လာတာ မမြင်ဘူးလား"

"ဟုတ် ဟုတ်ကဲ့ . . . မြင်ပါတယ်အန်တီ"

"ဒါဆိုလည်း သွားတော့လေ"

အဖြေစကားပင် မပေးနိုင်တော့ဘဲ သူကြီး ဆင်းပြေးတော့သည်။ ခင်မောင်ဇော်က သူ့အခေါ်ကို ပြုံးစိစိနှင့်ကြည့်လိုက်၏။ သူ့အခေါ် နောက်နေမှန်း သူကြီး သိမည်မဟုတ်၍ ဖြစ်သည်။

သပ်ရပ်ကျယ်ပြန့်သော စားသောက်ဆိုင်တစ်ခုမှာ တောကျိုးကန်းက ထိုင်ထားခြင်းဖြစ်သည်။ တောကျိုးကန်းဝင်ထိုင်လိုက်သော ဝိုင်းကိုကြည့်ကာ ခင်မောင်ဇော်ရင်ထဲ အအေးလှိုင်းတစ်ခုက ဖြတ်သွား၏။ စားပွဲဝိုင်းအလယ် တည့်တည့်မှာ ရေခဲတုံးကြီးတင်ထားသောကြောင့် မဟုတ်ပါ။ ဝိုင်းခေါ်တစ်ခက်



www.burmeseclassic.com

www.burmeseclassic.com



စွန်းမှာ ထိုင်နေသူက ကားစီးရင်းဆုံခဲ့ရသည့် လတ်လတ်ဆတ်ဆတ် မြေပဲ ယိုလေ။ လသာရင် စိတ်ကူးယဉ်ရသူလေး။

အင်း . . . ပွဲကတော့ လှပြီ။

သူမကလည်း ခင်မောင်ဇော်ကိုကြည့်ကာ တွေခနဲ ဖြစ်သွားင်။ ဒါဆိုရင် မှတ်မိတာ သေချာပြီ . . . အဟီး။

တောက်ျီးကန်းက ဦးဆောင်ကာ တစ်ယောက်ချင်း မိတ်ဆက်ပေး နေသည်။ ခင်မောင်ဇော်အလှည့်ရောက်တော့ . . .

"ဒါ ခင်မောင်ဇော်တဲ့၊ ဒါက ငါ့ဇာခြည်ပေါ့ကွာ၊ ဟိုဘက်က မဝင်းမာ၊ ပြီး မေသန္တာ၊ မမြတ်သစ်နဲ့ အင်ကြွင်းတဲ့"

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါနဲ့ မအင်ကြွင်းကို ကျွန်တော် မြင်ဖူးသလိုပဲ"

ခပ်တည်တည်နှင့် ခင်မောင်ဇော်က စကားစလိုက်၏။ အင်ကြွင်းက လည်း အမူအရာပင် မပျက်ဘဲ . . .

"သြော် ဟုတ်လား . . . လူမှားတာ ဖြစ်ပါလိမ့်မယ်"

ပြောပြီး တစ်ဖက်ပင် လှည့်သွားသေး၏။ ခင်မောင်ဇော်မှာပဲ အောင့် သက်သက်နှင့်။ ခဏနေတော့လည်း သူတို့နှစ်ယောက်ကို သတိထားမနေ ကြဘဲ အားလုံးမှာယူစားသုံးကြလေပြီ။ ငါနဲ့ဇာခြည် ဒကာခံမည်ဟု ဆို သော်လည်း ငမိုက်သားတောက်ျီးကန်းပဲ အကုန်ရှင်းရပါသည်။ ဇာခြည်က သူ့သူငယ်ချင်းများနှင့် စကားကောင်းနေတာ ဟန်ဆောင်နေတာလား တကယ်ပဲလား မသိပါ။

အားလုံးရှင်းပြီးသွားမှ ဇာခြည်က ပြောပါသည်။ ရေခဲမုန့်လေး စားဦးလေဟု လုံးဝမဟုတ်။

"ကဲ . . . ကိုမျိုးနဲ့ပတ်သက်တော့လည်း သူငယ်ချင်းတွေပေါ့နော်





ဒါက ကျွန်မသူငယ်ချင်းတွေကိုလည်း ခင်လို့ရပါတယ်၊ သူငယ်ချင်းလိုပေါ့ နော်၊ ဘယ်လိုပြောရမလဲ . . . ကျွန်မရယ်, မဝင်းမာရယ်, အင်ကြွင်းရယ်က ခပ်ကွက်ချင်းနီးတော့ လမ်းမှာတွေ့နိုင်တာပေါ့နော်၊ ခေါ်ပြောနိုင်ပါတယ်၊ ကိုမျိုးပြောလို့ ကိုခင်မောင်ဇော်နဲ့ ကိုအောင်သိန်းအပြင် ကျန်တဲ့သူငယ်ချင်း နှစ်ယောက်ကိုလည်းပေါ့နော် ကျေးဇူးတင်ပါတယ် . . . အဟင်း"

တောက်လျှောက်ကြီး 'ပေါ့နော်' တွေချည်း လုပ်သွားသည်။ မည် သို့မည်ပုံ ပြန်ပြောရမည်ကိုပင် မသိတော့။ မည်သို့ပင်ဖြစ်စေ ခင်မောင်ဇော် ရင်ထဲမှာ လေးနက်သွားသည့် နွေလယ်နေ့ခင်းလေးပဲ ဖြစ်သည်။

မြို့ထဲမှပြန်လာပြီး သုံးယောက်သား ရပ်ကွက်ထိပ်က လက်ဖက် ရည်ဆိုင်မှာ ထိုင်ဖြစ်ကြသေးသည်။ သူနှင့်ဆုံဖူးတာကို မသိချင်ဟန်ဆောင် နေသည့် အင်ကြွင်းကို ခင်မောင်ဇော် စိတ်မနာနိုင်ပါ။ အမှတ်မထင် ပြန်တွေ့ ဆုံလိုက်ရသောကြောင့် ဝမ်းပင်သာနေသည်။ အင်ကြွင်းနှင့်ဆုံခဲ့သည့်အဖြစ် အပျက်ကိုလည်း မအောင့်အီးနိုင်ဘဲ ပါးစပ်ဖွာလိုက်၏။

တောက်ျီးကန်းက ဟေ . . . တကယ်လားဆိုပြီး အံ့သြနေသည်။ သူကြီးကတော့ ခင်မောင်ဇော်ကိုကြည့်ကာ ပြုံးစိစိလုပ်နေ၏။

လက်ဖက်ရည်ဆိုင်မှာ တစ်နေ့ခင်းလုံး လေးပန်းနေပြီး ညနေစောင်း မှ အိမ်ပြန်ရောက်သည်။ ဖျော့တော့သွားသော နေရောင်ခြည်အစား ချို အေးသည့်လေညင်းကပင် တစ်ချက်တစ်လှည့် တိုက်ခတ်နေပြီ။ သာယာ လှပမွေ့သော ညနေခင်းဖြစ်သည်။

အိမ်ထဲကို လှမ်းဝင်ဝင်ချင်း အဒေါ်က ဆီးပြော၏။

"ခင်မောင်ဇော် . . . သားမေမေဆီက ဖုန်းလာတယ်၊ ဒီညနေ ပြန်ဆက်မယ်ပြောတယ်"

"ဟုတ်ကဲ့ ဒေါ်လေး . . . သားစောင့်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အေးအေးလူလူ စာအုပ်တစ်အုပ်ဖတ်ရင်း စောင့်နေလိုက်၏။ မကြာပါချေ။ ဖုန်းဝင်လာပါသည်။ သေချာအောင်ပြောရလျှင် မန္တလေးမှ မာတာမိခင် ဆက်သည့်ဖုန်းက လေလှိုင်းထဲမှတစ်ဆင့် သားလေးခင်မောင်ဇော်ရှိသော ရန်ကုန်ကဖုန်းမှာ အသံထမြည်ခြင်း ဖြစ်ပါသည်။

"ဟဲလို ... မေမေ ပြော ... သား မနက်က ပစ္စည်းပို့လိုက်သေးတယ်"

"အေး အေး ... ပြီးရော၊ ဒါနဲ့ သားကို မေမေ တာဝန်ပေးစရာ ရှိသေးလို့"

"ဘာများလဲ မေမေ"

"သားကြီးကြီးမြရဲ့သမီး နန္ဒာလေ ... သိတယ်မဟုတ်လား"

"သိပါတယ် မေမေရာ ... ဖေဖေ့အစ်မ ကြီးကြီးမြမဟုတ်လား။ သားညီမ အစုတ်ပလုတ်လေး နန္ဒာကို သိတာပေါ့"

"သားကလည်း လုပ်တော့မယ်၊ အဲဒီ သားညီမလေးပေါ့"

"ဘာလဲ ... လင်နောက်လိုက်သွားပြီလား"

"သားနော် ... မေမေ အကောင်းပြောနေတာ"

"သိပါပြီ ... ပြောပါ မေမေ"

"နန္ဒာက နောက်နှစ်ရက်လောက်ကြာရင် ရန်ကုန်ဆင်းလာလိမ့်မယ်၊ ဆယ်တန်းအောင်ပြီဆိုတော့ သူ အဲဒီမှာ သင်တန်းတွေတက်မလို့တဲ့ကွာ၊ မေမေလည်း ပြန်လာဦးမှာပါ၊ ဒီကြားထဲ သားညီမလေးကို သုံးလေးလလောက် စောင့်ရှောက်လိုက်ဦး ... ဒါပဲနော် သား"

စောဒကပင် မတက်လိုက်ရပါ။ မေမေ ဖုန်းချသွား၏။ ဒီတစ်ခါတော့ ဖုန်းခနဲ နားရင်းချခံလိုက်ရသလိုမျိုး ခင်မောင်ဇော်ခံစားလိုက်ရသည်။

ကိုယ့်ညီမအကြောင်း ကိုယ်အသိဆုံး။ ဒီဆပ်စလူးမလေးကို





အဘယ်သို့ ထိန်းကျောင်းရမည်ပါ။ ခင်မောင်ဇော် ရင်လေးသွားသည်။ ဆောက်ဖခေါ်ခံရမည့်အရေးတွေ ကြိုမြင်နေရ၏။ နန္ဒာကလည်း သူနှင့်ရှစ်ချင်းခပ်ဆင်ဆင်မို့ ချောမော လှပ ပြေပြစ်သူကလေး ဖြစ်သည်။

အဟဲ ...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မနက်မိုးလင်းပြီဆိုလျှင် အင်ကြင်း စိတ်ညစ်ရပြီ။ အပြင်ထွက်ချ ထွက်ပေါက်ရှာရပြီ။ အိမ်မှ အိမ်ဦးနတ်ဖေဖေ့ထက် ပါဝါကော နက္ခတ်ကော ကြီးမြင့်သည့် မေမေ့ကို လှည့်ပတ်ရပြီ။ ကိုလှတင်ရောက်ရောက်လာသော ကြောင့် ဖြစ်၏။ ကိုယ်ကလည်း ဘယ်လိုမှခံစားလို့မရတာ မတတ်နိုင် မနေ့ကလည်း မေမေရှိနေ၍ အပြင်ထွက်လို့မရဘဲ ကိုလှတင်ကို ဧည့်ခံလိုက် ရသေးသည်။

ဒီနေ့တော့ အခြေအနေကြည့်ရမည်။ ဖေဖေက ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ကို သွားပြီ။ မေမေ မီးဖိုချောင်ဝင်ပြီး အားကြိုးမာန်တက် ချက်ပြုတ်ကြော်လှော်နေပြီဆိုလျှင် အနေအထားက မလှတော့။ ကိုလှတင် မုချရောက်လာလိမ့်မည်။





မေမေ့အလစ်မှာ မမကိုကပ်ပြောပြီး အိမ်နေရင်း ရုပ်အကျႌအားအား ကြီးနှင့်ပင် မဝင်းမာအိမ်သို့ ထွက်လာခဲ့၏။ မဝင်းမာတို့အိမ်နီးနားချင်းတွေ ကလည်း ပြောရော့မည်။ ဒီကောင်မလေး ရုပ်ကလေးလှသလောက် အိမ် သည်ပက်စက်သည်ဆိုပြီးပေါ့။

မည်သို့ပင်ဆိုစေ မတတ်နိုင်ပါ။ အိမ်မှာဆိုလည်း ကိုလှတင်နှင့် ... လမ်းမှာဆိုလည်း အောင်သန်းဦးဆိုသည့် သတ္တဝါလေးကို ကြည့်ရှောင် နေသေးသည်။ လွတ်လပ်ရေးရသည်မှာ နှစ်ခြောက်ဆယ်ကျော်ပြီဖြစ်သောနိုင်ငံ မှာနေရင်း မလွတ်လပ်သလို ခံစားနေရ၏။ ကိုလှတင်နှင့် အောင်သန်းဦးကို ... တိုက်ပေးလျှင်ကောင်းမလားဟု စိတ်ပေါက်ပေါက်နှင့် တွေးမိသေးသည်။ ... မတွေးဝံ့တော့။ အတွေးထဲမှာ ကိုလှတင်နှင့် အောင်သန်းဦးတို့က ... သူကို နှင်ယူမလားဟု မေးသောကြောင့်ဖြစ်သည်။

လမ်းမှာ အောင်သန်းဦးကို ဖျတ်ခနဲတွေ့လိုက်ရ၍ ဆတ်ခနဲ တွေ ... လာရသေးသည်။ မဝင်းမာတို့အိမ်ရောက်မှ သက်ပြင်းက ကျ၏။

ကော်ဖီတစ်ခွက်ဖျော်ပေးရင်း မဝင်းမာက ...

"မမအင်ကြင်း ရော့ ... ကော်ဖီသောက်ဦး၊ နင့်မှာလည်း ဒုက္ခပါ ... ... ဪ ... ဒီနေ့ မေသန္တာနဲ့ မမြတ်သစ်တောင် လာမယ်တဲ့ ... ... တယ်"

အားလုံးနှင့်တိုင်ပင်ရမည်ဟု အင်ကြင်းတွေးလိုက်၏။ ဓာခြည်မက ... မဝင်းမာနှင့် အိမ်ချင်းသိပ်မဝေး၍ နေ့တိုင်းလိုလို ရောက်ပါသည်။

"ဟုတ်လား ... ကောင်းတာပေါ့၊ ကျွန်မလည်း စိတ်တော်တော် ...နေပြီ၊ ဒီကြားထဲ နောက်တစ်မှုက ရှိသေးတယ်"

"ဟေ ... ဘာများလဲ"

အရေးမကြီးဟု တွေးမိသဖြင့် အရင်က အောင်သန်းဦး စကားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည့်အကြောင်းကို မပြောပြဖြစ်။ ခုတော့ အောင်သန်းဦးကလည်း ဆုတ်ခွာမည့်ပုံ မပေါ်၍ မဝင်းမာကို ပြောပြလိုက်သည်။

မဝင်းမာက တအံ့တသြ နားထောင်ပြီး ...

"ဒါဆို အဲဒီကောင်လေးက နင်တို့ရပ်ကွက်ထဲကပဲပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ်ဆို"

"ဒါဆိုလည်း သူ့မိဘတွေနဲ့ တိုင်လိုက်ပေါ့ဟယ်"

ဒီအရွယ်ကြီးနှင့် မဝင်းမာက ကလေးအထာ လာပြောနေပြန်သည်။ အင်ကြင်းက စိတ်ညစ်ညစ်နှင့်ပင် ...

"ဖြစ်မလား မဝင်းမာရဲ့ ... ဟိုကောင်လေးကလည်း လိုက်ပြီး ရန်ကာနေတာမှ မဟုတ်တာ၊ ကျွန်မအရွယ်နဲ့ သွားတိုင်လို့ ကောင်းပါ့မလား"

"အဲဒါဆိုရင် ကိုလှတင်နဲ့ နင် ဘာညာဆိုပြီး ပြောလိုက်ဟာ"

"ရိပ်ဖမ်းသံဖမ်း ပြောသားပဲ ... မရဘူး"

မဝင်းမာ အကြံအိုက်သွားဟန်တူသည်။ စဉ်းစားသလိုလုပ်ပြီးမှ

"ခက်တော့တာပဲဟယ်၊ ဟဲ့ အင်ကြင်း ... အဲဒီကောင်လေးက ဗမာလား တရုတ်လား"

အင်ကြင်း ပိုပြီးစိတ်ညစ်သွားလေသည်။ ထို့ကြောင့် ...

"တစ်ခုမှ မဟုတ်ဘူး မဝင်းမာရေ ... ရခိုင် ရခိုင် ... သိပြီလား"

ဒါသည်ကိုပင် မဝင်းမာက ...

"ရခိုင်လည်း မဆိုးပါဘူးဟဲ့ ဟိုလေ ... နေတိုးဆိုလည်း ရခိုင် ဟာကို"

အရေးထဲ ကြော်ငြာဝင်နေသော မဝင်းမာကို စိတ်လက်ကုန်ခမ်း သွားရ၏။ လာမပြောနဲ့ မော်ဒန်ဖတ်ပြီးသားဟု ပြန်ပြောလိုက်လျှင် ကော





ည်း၊ သို့သော်လည်း မပြောဖြစ်တော့။ မေသန္တာနှင့် မမြတ်သစ်တို့ ရောက် လာသောကြောင့်ဖြစ်သည်။ အိမ်အရမ်းနီးသော ဇာခြည်မကိုသာ ဖုန်းဆက် ခေါ်ယူရသည်။ ဇာခြည်မက သူ့ဘဲ လှမျိုးမြင့်နှင့် မနက်စာသွားစားကြောင်းကို ရောက်ရောက်ချင်း တဖွဲ့တနွဲ့ ပြောနေသေး၏။

တစ်ယောက်မှ ရည်းစားမရှိသောကြောင့် ဇာခြည့်စကားကို အောင့် အီးကာ နားထောင်ပေးလိုက်ပြီး အဆုံးမှာ မဝင်းမာက အင်ကြင်းနှင့် အောင် သန်းဦးအကြောင်းကို စက်ရပ်သတင်းအနေနှင့် ကြေညာလိုက်သည်။

ထုံးစံအတိုင်း မေသန္တာက စိတ်ပါလက်ပါနှင့် စပြောလာ၏။

"ဟယ် ... အင်ကြင်းတို့ စန်းပွင့်တော့လည်း ဒလဟောပဲ နှစ် ယောက်တောင် ... အဟိ"

"အေး ... နင့်အလှည့်ကျရင်လည်း တစ်ကျိပ်လောက်ပြုံပြီး ဝိုင်း ကြိုက်လိမ့်မယ်"

မဝင်းမာက ဝင်ငေါ့သည်။ မေသန္တာက မခံဘဲ ...

"အို ... လိုက်ပါစေ၊ ခေါင်းခေါက်ရွေးယူလိုက်မယ်။ ဒါပေမဲ့ အရှုပ်တော့ မပါဘူး"

"ကောင်မနော် ... နန့်မနေနဲ့၊ တရုတ်ကလည်း ခေါင်းအခေါက် ခံရတဲ့"

"ဒါဆို ဘာအခေါက်ခံမှာလဲ"

မမြတ်သစ်က ပါဝင်လာတော့သည်။ မဝင်းမာက မေသန္တာကို ကြည့်ကာ ...

"မသိဘူးလေ ... မေသန္တာ ခေါက်ချင်တယ်ဆိုရင်လည်း ဟိုက ခံလိမ့်မယ်"

"မဝင်းမာကြီးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဆံပင်ကိုပြောတာဟဲ့ . . . ဆံပင် ဆံပင်၊ နင် ခေါင်းခေါက်ရတာ အဆင်ပြေအောင် ဆံပင်လှန်ပေးလိမ့်မယ်လို့ ပြောတာ"

အကုန်လုံး ရယ်မိကြသည်။ အင်ကြင်း၏ လက်ရှိပြဿနာကိုပင် မေ့သွားကြ၏။

ဇာခြည်က တစ်ခုခု စဉ်းစားမိဟန်ဖြင့် အရယ်ရပ်ပြီး . . .

'မထူးတော့ပါဘူးဟယ် . . . ဒီလောက် ဖြစ်နေတာ ဟို . . . ကိုလှ မျိုးမြင့်သူငယ်ချင်း ခင်မောင်ဖော်ကိုခေါ်ပြီး နင့်ဘဲလို့ ဟန်ဆောင်ခိုင်းလိုက် အဲဒါဆိုရင် ကိစ္စက ရှင်းသွားလိမ့်မယ်"

ခင်မောင်ဖော်ဟုဆို၍ အင်ကြင်းက ပျာပျာသလဲ . . .

"ဟာ . . . မဖြစ်ပါဘူးဟာ၊ သူနဲ့ငါနဲ့က . . .

"ဘာဖြစ်လို့လဲ . . . အားနာလို့လား၊ ဟိုက ကူညီမှာပါ၊ နင့်လို အချောအလှလေးကို"

အင်ကြင်းက ဘာပြန်ပြောရမှန်းမသိတော့ဘဲ အိုးတိုးအတဖြစ်က . . .

"မဟုတ်ပါဘူး၊ ဟာကွာ . . . သူနဲ့က မဖြစ်ပါဘူး"

"ဘာလဲဟာ . . . မျက်စိပျက် မျက်နှာပျက်နဲ့၊ နင်ကိုက အကဲ တာ . . . ဟွန်း"

အင်ကြင်းလည်း ငြိမ်နေလိုက်ရသည်။ ကိုယ့်အဖြစ်ကို သူတို့ မသိဘဲ။

မမြတ်သစ်က မေးလာပြန်၏။

"ဟဲ့ အင်ကြင်း . . . မဝင်းမာ ဖုန်းထဲမှာပြောတော့ အဲဒီကိုလှ ကြီးက နင့်အိမ်ကို နေ့တိုင်းလာနေတာဆို"

အင်ကြင်း၏ မျက်နှာလှလှလေးက မဲ့သွားပြီး . . .





"နေ့တိုင်း မဟုတ်ဘူးဟေ့၊ ခုလို ငါလစ်ထွက်လာရင် ညဘက်တိုင်ခါ ဆာသေးတာ"

"ဟဲ့ . . . ညကြီးသန်းခေါင် ဘာလာလုပ်တာလဲ"

"ဘာသန်းခေါင်လဲ . . . နင်နော်၊ ညဦးပိုင်းကို လာတာ"

"ဪ ဪ"

ကိုလှတင်ကလည်း ကိုလှတင်ပင်။ ညဘက်တွေမှာပါ အစ်ကျ ယ်တူ ရောက်လာသေးသည်။ မေမေဆူမှာစိုးသောကြောင့် စကားတစ်ခွန်း နှစ်ခွန်း လက်ခံပြောပြီး အိပ်ခန်းထဲဝင်နေသော်လည်း ဒင်းက ပြန်တော်မမူ သေး ဖေဖေနှင့်အတူ တီဗီကြော်ငြာတွေ ထိုင်ကြည့်နေသည်။ အငယ်မ ဆယ်ဝါပါ ရှိသေး၏။ မေမေနှင့်မမက ဘုရားရှိခိုးနေပြီ။

ကိုလှတင်က ဇလပ်ဝါကို ကလေးဆိုပြီး သတိမထားမိဘဲ တီဗွီ ကြော်ငြာမှ သရုပ်ဆောင်မင်းသမီးကိုကြည့်ကာ ဖေဖေ့ကို . . .

"အန်ကယ် . . . ဒီမော်ဒယ်လေးက တော်တော် Sexy (ဆက်ဆီ) ဖြစ်တယ်နော်၊ လူတွေ တအားပြောကြတာပဲ"

"အေးကွ . . . ကလေးမလေးလည်း မဆိုးပါဘူး၊ ကြည့်ကောင်း သားပဲကွ"

ဖေဖေက ကျေကျေနပ်နပ်ပင် ထောက်ခံသည်။ သူမလည်း အိပ် ခန်းထဲမှ ကြားနေရ၏။ ကိုလှတင်ကို နှာဘူးကြီးဟု ထောပနာပြုလိုက်ပြီး ဖေဖေ့ကိုတော့ အပြစ်မမြင်မိ။ ထိုအချိန်မှာပဲ . . .

"ဖေကြီး . . . ဦးလှတင်ပြောတဲ့ Sexy (ဆက်ဆီ) ဆိုတာ ဘာလဲ"

အငယ်မဇလပ်ဝါရှေ့မှာ ဒင်းမို့လို့ သွားပြောရဲသည်။ ရုတ်တရက် ဘာမှ ပြန်မဖြေသာ ချွေးသံမကြားရ။

ဖေဖေကပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



''သမီးရယ် Sexy ဆိုတာက အဲ ... Sexy ဆိုတာ လှတာကိုပြော တာ သမီးရဲ့''

''အာ ... ဘာဆိုင်လို့လဲ၊ လှတာက သမီးသိပါတယ်၊ beauty (မြူးတီး) ပဲဟာကို''

ဖေဖေ ဘာပြောရမှန်းမသိ ဖြစ်သွားပုံရသည်။ သူမွေးထားသည့် သူ့သမီးအကြောင်းကို သိသောကြောင့် ...

''မဟုတ်ဘူးသမီးရဲ့၊ Sexy ဆိုတာက ဟိုအနောက်တိုင်းအလှမျိုး ကွာ ... ဟုတ်ပြီလား''

ဒါကိုလည်း အငယ်မက ကျေနပ်တော်မမူပါ။

''ဖေကြီးစကားကလည်း မရေမရာနဲ့၊ သမီးကို နားလည်အောင် ရှင်းပြပါ၊ သိချင်လို့ပါဆို''

ငါးတန်းကျောင်းသူ ဇလပ်ဝါနှင့် နှစ်ယောက်သား တိုင်ပတ်နေကြ သည်။ ဖေဖေ့အသံက စိတ်ရှုပ်သွားသည့်အသံ။

''မောင်လှတင် ... မင်းပဲ ရှင်းတော့ကွာ၊ မင်းလည်း ဟိုက ပြန် လာတာပဲ''

နိုင်ငံခြားမှဟု ဆိုလိုခြင်းဖြစ်သည်။ အင်ကြင်း ရယ်ချင်ပက်ကျိ နားထောင်နေမိသည်။ ဒင်းက အသားယူသေး၏။ ကြည့်ကြသေးတာပေါ့

''ဒီလို ညီမလေးရဲ့ ... ကိုကြီးရှင်းပြမယ်၊ Sexy ဆိုတာ အင် ... ဘယ်လိုပြောရမလဲ၊ လိင်ပိတ်စနဲ့ ပတ်သက်ပြီး''

''ဟင် ... ဘာ ဘာလိင်ပိတ်စလဲ''

သူမအခန်းထဲမှ ခွီးခနဲ ရယ်မိသည်။ ကိစ္စကိုများ ပိတ်စတဲ့။ ဆက် နားထောင်လိုက်၏။

''ဟာ ... ဆောရီး ဆောရီး၊ လိင်ကိစ္စကိုပြောတာ၊ အဲဒီ လိင်နဲ့ ပတ်သက်ပြီး ဆွဲဆောင်မှု ...''

''နေပါဦး ဦးလှတင်ရဲ့ ... လိင်ဆိုတာကကော ဘာကိုပြောတာ လဲ''

အငယ်မက ဖြတ်မေးလိုက်သည်။ ကိုလှတင်ကပဲ ...

''လိင်ဆိုတာက ညီမလေးရယ် ဟို ... မျိုးပွားအင်္ဂါနဲ့''

''ဟော့ ဟော့ မောင်လှတင် ... တော်ပါတော့ကွာ၊ ဘာတွေပြော ရမှန်း မသိဘူး ကလေးကို''

ကိုလှတင်အသံက ထွက်မလာတော့ချေ။ ဇလပ်ဝါကလည်း မပြီး သေးဘူး ...

''ဒါဆိုလည်း ဖေကြီးပြော''

အတန်ကြာ ငြိမ်သက်နေသည်။ ဖေဖေ့လို စာပေသမားပင် တွေး တွေးဆဆအသံနှင့် ...

''သမီးက လှတာကို သိတယ်နော်''

''သိတယ်''

''ဟုတ်ပြီ ... ဒါဆို သမီးမေမေက သမီးတို့ကိုဆုရင် ပြောပြော နေတဲ့ ရွတယ်ဆိုတာကော သိလား''

''သိတာပေါ့ ဖေကြီးကလည်း''

''အေး သမီးရယ် ... Sexy ဆိုတာ ရွတဲ့အလှကို ပြောတာပဲ ဟုတ်ပြီလား''

''အင်း ... သိပြီ သိပြီ အဲဒါလေးကိုများ အဖေကြီးက မပြောဘူး လွယ်လွယ်လေးကို''

ခုမှပဲ ဇလပ်ဝါက ကျေနပ်တော်မူသွားပါသည်။ သက်ပြင်းချသံ ကြီးနှစ်ခု ကြားလိုက်ရ၏။




ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုလှတင်တော့ Sexy တစ်လုံးတည်းနှင့်ပင် ပြောမိသည့်ပါးစပ်ကိုယ့်ဟာကိုယ် ပြန်ရိုက်ချင်စိတ် ပေါက်သွားနိုင်သည်။

အင်ကြင်းစကားဆုံးတော့ တသောသော ရယ်ကြ၏။ မဝင်းမာက အင်ကြင်းကိုကြည့်ပြီး ပြောသေးသည်။

"အေးလေ ... နင့်ကိုလည်း အဲဒီလို sexy ဖြစ်လို့ ကိုလှတင်က ကြိုက်နေလားမှ မသိတာ"

"အောင်မာ ... ကျုပ်က ရှနေလို့လား။ မဝင်းမာနော်"

"ဩော် ... မရှပေမယ့်လည်း"

ဆက်မပြော၍ အင်ကြင်းက ဘောက်ဆတ်ဆတ်အသံလေးနှင့် ...

"ဘာလဲ ဘာလဲ"

"မရှပေမယ့်လည်း လှတာကိုးလို့ ပြောတာပါဟယ်"

ရယ်သံများ တစ်အိမ်လုံး စည်ဝေသွား၏။ အင်ကြင်းမျက်နှာလေးက အရှက်ဖြင့် နီရဲနေပြန်သည်။

■



## အခန်း (၆)

ထိုရက်များအတွင်းမှာ ...

အင်ကြင်း အတော်စိတ်ညစ်ရသည်။ အိမ်မှာလည်း မနေရဲ အပြင်ထွက်လျှင်လည်း အောင်သန်းဦးက တကောက်ကောက် လိုက်နေသည်။ သူ့အနေနှင့်လည်း နည်းမျိုးစုံသုံးကာ ငြင်းပြီးပြီ၊ အကြမ်းကော၊ အနုကောပါနေပြီး မည်သို့မျှလည်း ပြောဆိုဆုံးမ၍ မရချေ။

အောင်သန်းဦးနှင့်က တစ်ရပ်ကွက်တည်းဖြစ်နေသောကြောင့် တစ်ချပ်လေးဘာလေး ထွက်ငှားရမည်ကိုပင် ကျီးကန်းတောင်းမှောက် ကြည့်ရသေးသည်။ ထိုသို့မဟုတ်ဘဲ အိမ်မှာငြိမ်နေပြန်လျှင်လည်း ကိုလှတင်အလာကိုပင် ငံ့လင့်ကြို့ဆိုနေသလိုလို။

ဘာကြီးမှန်း မသိ။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပိတ်ရက်မို့ အိမ်မှာ လူစုံတက်စုံရှိနေသည်။ အများပြည်သူအားလပ်ရက်မှာ ကိုလှတင်တစ်ယောက် မလာပါစေနှင့်ဟု ဆုတောင်းနေရ၏။ ခုထိတော့ ပေါ်မလာသေး။ ကောင်းပါသည်။

အကျီစပေါ် ဇာထိုးပန်းထိုးလုပ်နေသည့် မမငုဝါအနားသို့ ရောက်သွား၏။

"မမ"

"ပြော"

လှည့်ပင်မကြည့်ဘဲ မမက ဆို၏။

အင်ကြင်းက ...

"ဟိုလေ ... မမ ကျောင်းတုန်းက ရည်းစားလေးဘာလေး မထားခဲ့ဘူးလား"

သရဲခြောက်ခံဖူးသလားဟု အမေးခံလိုက်ရသော မျက်နှာထားမျိုးနှင့် မမက ပြန်ကြည့်၏။ ပါးစပ်ကလည်း ...

"အာ ... မထားဖူးပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက်"

"ဟုတ်လား ... ညီမလေးလည်း မထားဖူးပါဘူး"

အမှန်တော့ အင်ကြင်းတို့ညီအစ်မတွေအားလုံးက လှပချောမောသူများဖြစ်၏ သည်။ ကျောင်းတုန်းက ချစ်ရေးဆိုသူတွေတော့ ရှိကြသည်ပေါ့။

"မမကို ကြိုက်တဲ့သူတွေတော့ ရှိမှာပေါ့နော်"

မမက ခုံပြာတန်းနှင့် ကုံကော်ပန်းတို့ကို ပြန်သတိရသွားသလို လွမ်းမောသံလေးနှင့် ...

"အဲဒီတုန်းကတော့ ရှိတာပေါ့ဟယ်၊ မမကလည်း ကျောင်းစာ ကျောင်းစာပဲ ဖြစ်နေတာကိုး"

အသံက နုမြောသံပင် ရောစွက်နေသယောင်။ အပျိုကြီးတွေဟာ





ဒီလိုပါပဲ။ အင်ကြင်းက သက်ပြင်းချရင်း ...

"အင်း ... ညီမလေးလည်း မမလိုပါပဲ၊ ဒါပေမဲ့ ခုကျမှ ဘာဖြစ်လို့ မမနဲ့မတူတော့တာလဲ မသိဘူး"

"ဟင် ... ဘာကိုလဲ ညီမလေးရဲ့"

"ဘာရှိရမှာလဲ ... ဖေဖေနဲ့မေမေလေ၊ မမကိုတော့ အိမ်ထောင်ချမပေးဘဲ ညီမလေးကိုပဲ အသည်းအသန် စီစဉ်ချင်နေတယ်"

မကျေမနပ်နှင့် အင်ကြင်းဆိုမိသည်။

မမက ...

"ဒါကတော့ ညီမလေးရယ် ... ဟိုကလည်း ညီမလေးကို သဘောကျ၊ မေမေတို့ဘက်ကလည်း စကားတွေကျွံနေလားမှ မသိတာ"

"အို ... ဘာကျွံကျွံပေါ့၊ ညီမလေးတော့ သဘောမကျပါဘူး"

"ဒါပေမဲ့ မေမေ သဘောကျတယ်လေ"

ဒါဆိုလည်း မေမေယူလိုက်ပါလားဟု ပြော၍မကောင်းချေ။ အင်ကြင်း မအီမသာ ဖြစ်သွား၏။

ထိုအချိန်မှာပဲ အခန်းထဲကို မေမေဝင်လာပြီး ...

"သမီးအင်ကြင်း ... အိမ်ရှေ့ကို ခဏလာဦး၊ မေမေနဲ့ဖေဖေ ပြောစရာရှိလို့"

စိတ်မသက်မသာနှင့် ထလိုက်သွားရသည်။ အိမ်ရှေ့ရောက်တော့ ဧည့်လက်ကုလားထိုင်မှာ မိန့်မိန့်ကြီးထိုင်နေသော ဖေဖေက အသင့်စောင့်နေဟန်ဖြင့် ...

"လာ သမီး ... ထိုင်၊ ဖေဖေတို့လည်း ပြောမယ်ပြောမယ်နဲ့ မပြောဖြစ်သေးတာ"

"ဟုတ်ကဲ့ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးနဲ့မောင်လှတင်ကို လူကြီးချင်း စကားပြောထားတာ၊ ခုတစ်ခေါက် မောင်လှတင်ပြန်လာရင် နေရာချထားပေးမယ်ဆိုတာ သမီးသိတယ်နော်"

"သိပါတယ် ဖေဖေ ... ဒါပေမဲ့"

"သမီး စကားဖြတ်မပြောနဲ့၊ ကိုချစ်ခင် ... တော် ဆက်ပြော"

မေမေ့အသံ ဖြစ်သည်။ မေမေ့ကိုတော့ တစ်အိမ်လုံးကြောက်ရသည်။ ခုလည်း ဖေဖေက မေမေ့စကားအတိုင်း ...

"အေး သမီးရယ် ... သမီးလည်း အရွယ်ရောက်ပြီပဲ၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် ဆိုတဲ့စကားနဲ့အညီ"

"ကိုချစ်ခင်"

"ဟော ... ဘာလဲ မခင်မေမြင့်ရာ"

"ရှင် တော်တော်ရှည်လျားထွေးပြားနေပါလား ... မောင်လှတင်တို့ဘက်က လက်ထပ်ဖို့ကိစ္စကို စီစဉ်ချင်နေပြီလို့ ပြောနေတာကို ပြောရမှာလေ"

"အေး ... သမီးအမေပြောတဲ့အတိုင်းပဲကွာ"

ဒီနေရာမှာတော့ အင်ကြင်းက ဖေဖေ၊ မေမေတို့သဘောပါပဲဆိုပြီး ရှက်စနိုးလုပ်နေလို့ မဖြစ်ချေ။ ထို့ကြောင့် ...

"သမီး နည်းနည်းပြောပါရစေ ... သမီး အိမ်ထောင်မပြုချင်သေးဘူး။ နောက်ပြီး ကိုလှတင်ကို သမီး သဘောမကျဘူး မေမေ"

ဒီကိစ္စမှာ မေမေက အခရာ။ မေမေ့ကို ဒဲ့ပြောရသည်။ မေမေက ချက်ချင်းပဲ ...

"ဟဲ့ ... ညည်းသဘောမကျရအောင် ညည်းကို ဟိုက ဘာတွေလုပ်နေလို့လဲ"





"မလုပ်ပါဘူး မေမေ ... ရှေ့ဆက်ပြီးလည်း ဘာမှထပ်မလုပ်ရင်ကောင်းမှာပါ"

"မိအင်ကြင်းနော် ... ငါ လက်နဲ့ရေးတာကို ခြေနဲ့မဖျက်ချင်နဲ့။ လူကြီးတွေက ကောင်းမယ်ထင်လို့ စီစဉ်ထားတာ"

"ဟုတ်သားပဲ သမီးရဲ့"

"မဖြစ်နိုင်ပါဘူး၊ မေမေစီစဉ်တာပဲ ... မေမေပဲ ဖျက်လိုက်ပေါ့။ သမီး သူ့ကိုမယူနိုင်ပါဘူး"

"နေစမ်းပါဦး ... သူ့ကိုမယူချင်ပြောရအောင် ညည်းက ဘယ်သူ့ကို ယူချင်လို့လဲ"

"သမီးချစ်တဲ့လူဆို ယူမှာပေါ့"

"ပြောပါဦး ... ညည်းလူက ဘယ်ကမ္ဘာမှာလဲ"

မေမေက ရွဲ့ပြီးမေး၏။ ဘယ်ရမလဲ ... ဒီကလည်း အင်ကြင်းပဲ။ အမေတူသမီး ဂျီးပေဂျီးပေါ့။

"ဒီ www.com ထဲမှာပါ"

"ဘာ"

"ဩော် ... ဒီကမ္ဘာဆိုတဲ့ ရွာကြီးထဲမှာပါပဲလို့ ပြောတာ"

"အောင်မာ ... ကြီးကြီးကျယ်ကျယ် ... မလိုချင်ဘူး မလိုချင်ဘူး"

"သမီးကတော့ လိုချင်ပါတယ်"

"မိအင်ကြင်း ညည်းနော် ... ဟင်း"

"မေမေရယ် ... သမီးကို အတင်းအကျပ်ကြီး မလုပ်ပါနဲ့၊ သမီးဘက်ကိုလည်း ထည့်စဉ်းစားပေးပါဦး"

အင်ကြင်း လေပြေထိုးရပြန်သည်။ ဒီတစ်ခါတော့ ဖေဖေက မေမေ့



www.burmeseclassic.com

www.burmeseclassic.com

ကို ရဲ့ရဲ့စွာ လက်ကာပြပြီး (ရှားရှားပါးပါး) ...

"မခင်မေမြင့် ... ခဏာ ခဏ၊ ဒီမှာ သမီး ... ဖေဖေတို့ မောင်လှတင်နဲ့ စီစဉ်ပေးတယ်ဆိုတာ သမီးအတွက်ပါ၊ ခုချိန်မှာ မောင်လှတင်က အစစအရာရာ အောင်မြင်တဲ့သူတစ်ယောက် ဖြစ်နေပြီ"

မေမေက လိုလိုလားလား ခေါင်းဝင်ညိတ်သည်။ သူမကတော့ မညိတ်နိုင်ပါ။

"သူ့ဟာသူ အောင်မြင်တာ သမီးနဲ့ဘာဆိုင်လဲ ဖေဖေ"

"ဆိုင်လာမယ်လေ သမီးရဲ့ ... အောင်မြင်တဲ့ယောကျ်ားဆိုတာက အိမ်ထောင်ရေးမှာလည်း သူ့မိန်းမ,သုံးတာထက် ပိုရှာနိုင်တဲ့သူကို ခေါ်တာ၊ အောင်မြင်တဲ့မိန်းမဆိုတာကော သမီးသိလား"

"ပြောလိုက်စမ်းပါ ပြောလိုက်စမ်းပါ"

မေမေ့အသံပဲဖြစ်သည်။ ဖေဖေ့မှာ နေရင်းထိုင်ရင်း မေမေ့ဘက်ကိုလှည့်ကာ ခေါင်းညိတ်ပြရသေး၏။ ပြီးမှ ...

"အောင်မြင်တဲ့မိန်းမဆိုတာ အဲဒီလိုယောကျ်ားမျိုးကို ရှာယူနိုင်တာကိုခေါ်တာ သမီး"

"ညည်း နားလည်တယ်နော်၊ ငါလည်း အဲဒီလိုလုပ်ခဲ့လို့ ညည်းတို့ ခုလို နေနိုင်တယ်မှတ်ပါ"

"ဒါဆို မေမေက ဖေဖေ့ကို ချစ်လို့ယူတာ မဟုတ်ဘူးပေါ့"

အင်ကြင်းစကားကြောင့် မေမေက ဖေဖေ့ကို ရှက်ကိုးရှက်ကန်း တစ်ချက်ကြည့်ပြီးမှ ...

"ဟဲ့ ... ရွေးတယ်ဆိုမှတော့ ချစ်တာလည်း ပါတာပေါ့"

"သမီးလည်း မေမေ့လိုပဲ ရွေးချင်ပါတယ် မေမေ၊ အောင်မြင်ပြီး သမီးသုံးတာထက် ပိုရှာနိုင်တဲ့ သမီးချစ်တဲ့လူကိုပဲ ယူပါရစေ"





မေမေ ဘာပြောရမှန်း မသိဖြစ်သွား၏။ မျက်လုံးကြီးပြူးပြီး ကြည့်နေသည်။ ဖေဖေက သဘောပေါက်ဟန်ဖြင့် ...

"အင်း ... ငါ့သမီးက ဒီလောက်ဖြစ်နေပုံထောက်ရင်တော့ သမီးမှာ ချစ်သူရှိနေပြီထင်တယ်၊ ဒါဆိုလည်း ခေါ်လာခဲ့လေ ... ဖေဖေတို့ အကဲခတ်ကြည့်မှာပေါ့"

"ကိုချစ်ခင်"

"မခင်မေမြင့် ... ဒီတစ်ခါလေးတော့ ငါပြောပါရစေ၊ သမီးဘက်ကိုသည်း ငဲ့ဦးမှပေါ့ကွာ"

"ဟိုမှာက ပြောပြီးဆိုပြီးသား ဖြစ်နေပြီနော်"

"အေးပါကွာ၊ ကဲ သမီး ... ဖေဖေတို့ ဘယ်တော့တွေ့လို့ရမလဲ"

"ရှင် ဖေဖေ"

"သမီးကောင်လေးကို ခေါ်လာ၊ ဖေဖေတို့ တွေ့ချင်တယ်"

ခုမှပဲ အင်ကြင်း ပိုစိတ်ညစ်ရတော့သည်။ မိမိမှာ ချစ်သူမှမရှိသည်ဘဲ။ သို့သော်လည်း ဝေလည်ကြောင်ပတ် ထပ်လုပ်နေလျှင် ပိုပြီးဖိအားပေးလာနိုင်သောကြောင့် စဉ်းစားရတော့သည်။

"ဟို ဟို ... တွေ့ပေးပါ့မယ် ဖေဖေ၊ သမီးကို အချိန်နည်းနည်းပေးပါ"

"ဟေ ... ဘာဖြစ်လို့လဲ"

"သူက လောလောဆယ် ရန်ကုန်မှာ မရှိလို့ပါ"

ဖေဖေက ခေါင်းတညိတ်ညိတ်လုပ်ပြီး ...

"အိုကေ အိုကေ ... သိပြီ ပြင်ဦးလွင်ကပေါ့၊ သမီးတို့ အဆင်ပြေတဲ့အချိန်သာ ပြောပါ ... ဟုတ်ပြီလား"

ယောင်နနနှင့် အင်ကြင်း ခေါင်းအသာညိတ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ဓာတ်ကို ကိုယ်နိုင်အောင်ကနော် ကိုချစ်ခင်၊ ကျုပ်ကတော့ မောင်လှတင်မှ မောင်လှတင်ပဲ"

ပြောပြီး မေမေက လှည့်ထွက်သွား၏။ မောင်လှတင်မှ မောင်လှတင် ဆို၍ ဖေဖေ အောင့်သက်သက်ဖြစ်သွားပုံရသည်။

မည်သို့ပင်ဆိုစေ လောလောဆယ် အသက်ရှူချောင်သွားပြီ။

စိတ်ထဲ အတော်ပေါ့သွားပြီး ထမင်းသုံးပန်းကန်တောင် နင်းကန် စားလိုက်မိသည်။ ပြီး မိန်းကလေးပီသစွာ နေ့လယ်တစ်ရေးလောက် မှေး လိုက်ဦးမည်ဟု တွေးနေစဉ်မှာပဲ . . .

"ဟဲ့ အင်ကြင်း အင်ကြင်း . . . အခန်းထဲမှာလား"

လှမ်းခေါ်သံနှင့်အတူ အိပ်ခန်းထဲ ဖိုးဖိုးဆတ်ဆတ် ဝင်လာသူက မဝင်းမာကြီး။ အလုတွေ စွတ်ပြင်ထားပြီး နှုတ်ခမ်းနီကို ရဲရဲနီအောင် ဆိုး ထားသေးသည်။

"ဘယ်လိုဖြစ်လာတာတုံး ပုံစံကြီးက"

မဝင်းမာက ရှက်ကိုးရှက်ကန်းနှင့် . . .

"ဟဲ့ . . . ဘာဖြစ်နေလို့လဲ ငါက"

မဝင်းမာက နီးစပ်ရာကြမ်းပြင်မှာ ပိပိပြားပြားထိုင်ချရင်း . . .

"ငါ သင်တန်းသွားတက်မလို့ဟ၊ နင့်ကို အဖော်လာခေါ်တာ"

"သင်တန်း . . . ဟုတ်လား၊ ဘာသင်တန်းလဲ"

"တရုတ်စကားပြော သင်တန်းလေ၊ နင်ပါ တက်ပါလား၊ အဖော် ရတာပေါ့ဟာ"

လာပြန်ပြီ၊ အင်ကြင်း မဝင်းမာကိုကြည့်ပြီး စိတ်လက်ကုန်ခန်းသွား ရသည်။

"ဒီအရွယ်ကြီးရောက်မှ မဝင်းမာရယ် . . . မတော်ပါဘူး"





"အောင်မာ . . . ဘာမတော်ရမှာလဲ၊ ဘာမတော်ရမှာလဲ"

ဆွေ့ဆွေ့မခုန်ဘဲ မဝင်းမာ ဒေါသထွက်သွား၏။ အင်ကြင်းက အရယ်တစ်ဝက်နှင့်ပင် . . .

"သြော် . . . မဝင်းမာ ပင်ပန်းတာပေါ့၊ အိမ်မှာပဲ စာအုပ်နဲ့ အချေ ယံပြီးလေ့ကျင့်ရင် ပိုမကောင်းဘူးလားလို့"

"နင်နော် . . . အမျိုးမျိုးမပြောနဲ့၊ ငါက နင့်အတွက်ပါ စဉ်းစားမိလို့ လာပြောတာ"

"ကျွန်မအတွက် . . . ဟုတ်လား"

အင်ကြင်း စိတ်ဝင်စားချင်ယောင်ဆောင်လိုက်၏။ မဝင်းမာက ယုံယုံ ကြည်ကြည်ပင် အနားကိုကပ်ကာ လေသံတိုးတိုးနှင့် . . .

"နင်ပဲ အိမ်မှာ ဟိုလူကြီးလာလို့ မနေချင်ဘူးဆို၊ ငါနဲ့ သင်တန်း လိုက်တက်ရင် ရှောင်ပြီးသားလည်း ဖြစ်၊ နင်တောင် တရုတ်စကားပြော တတ်သွားဦးမယ်"

ထိုစကားကိုတော့ အင်ကြင်း တကယ် စိတ်ဝင်စားသွားသည်။ ဟုတ်သားပဲဟုလည်း တွေးမိ၏။

"အင်း . . . မဆိုးဘူးဘဲ၊ လိုက်ကြည့်လိုက်မယ်လေ၊ အဆင်ပြေရင် တတ်တာပေါ့"

ဒါကိုပင် မဝင်းမာက သိပ်မကျေနပ်ဘဲ . . .

"ဘာမှ အဆင်မပြေစရာမရှိဘူး၊ တရုတ်ဆိုတာ ကမ္ဘာမှာ အကြီး ဆုံးနိုင်ငံပဲ၊ တရုတ်စကားပြောတတ်ထားတော့ ကောင်းတာပေါ့"

မဝင်းမာကိုတော့ ချေပမနေတော့ပါ။ ဖေဖေ့ဆီမှာ ခွင့်တောင်း လိုက်သည်။

ထိုသို့ဖြင့် မြို့ထဲရှိ နာမည်ကြီး တရုတ်စကားပြောသင်တန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

သို့ ရောက်သွားကြသည်။ သင်တန်းက အပေါ်ထပ်မှာဖြစ်သောကြောင့် အပေါ်မတက်မီ အောက်က ကင်တင်းလိုလိုစားသောက်ဆိုင်လေးမှာ အမော ပြေ အအေးဝင်သောက်ကြ၏။

ထိုအချိန်မှာပဲ . . .

"ဟဲ့ . . . ခင်မောင်ဇော် ခင်မောင်ဇော်"

မဝင်းမာ၏လှမ်းခေါ်သံကြောင့် အင်ကြင်းပါ လှမ်းကြည့်မိသည်။ ခင်မောင်ဇော်နှင့် ကောင်မလေးတစ်ယောက်ကိုပါ တွေ့လိုက်ရ၏။ ခင်မောင်ဇော်က ကောင်မလေးကိုကပ်ပြီး ဘာပြောလိုက်သည် မသိ၊ ကောင်မလေးက သင်တန်းရှိရာ အပေါ်ထပ်သို့ တက်သွားသည်။

ခင်မောင်ဇော်က သူတို့ဝိုင်းဘက် လျှောက်လာပြီး ခပ်တည်တည်ပင် ဝင်ထိုင်လိုက်ကာ . . .

"မဝင်းမာတို့ သင်တန်းလာတက်တာလား"

"အေးလေ . . . ဒီသင်တန်းက လူအပြည့်ပဲနော်၊ အင်းလေ . . . ခေတ်မီသူတိုင်း တရုတ်စာသင်နေကြပြီလား၊ မသိဘူး"

ဘာမှလည်း မဆိုင်ချေ။ ဒီ မဝင်းမာကြီးနှင့် ခက်လှသည်။ ခင်မောင်ဇော်က မရိပ်မိစွာဘဲ . . .

"တတ်ထားတာတော့ ကောင်းတာပေါ့ဗျာ၊ ဒါပေမဲ့ မဝင်းမာပြောသလိုဆိုရင်တော့ ကျွန်တော် ခေတ်မီတော့မှာ မဟုတ်ဘူး"

"ဘာလဲ . . . ခင်မောင်ဇော်က သင်တန်းလာတက်တာ မဟုတ်ဘူးပေါ့"

"ဟုတ်တယ် . . . ဒါနဲ့ ဒီက အင်ကြင်းလည်း လာတက်တာလား"

ခင်မောင်ဇော်အမေးကြောင့် အင်ကြင်း ဆတ်ခနဲဖြစ်သွား၏။ ဘာမှ မပြောရသေးခင်မှာ မဝင်းမာက . . .





"သူလား . . . ငါ အတင်းခေါ်လာတာလေ၊ အကောင်းနဲ့ခေါ်လာရသေးတယ်၊ အင်တင်တင်နဲ့"

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲ . . . သူ့အိမ်ကို လာလာနေတဲ့ သူ့ချစ်ချစ်ကြီးကို မတွေ့ချင်ဘူးဆိုလို့ သင်တန်းတက်ခိုင်း"

"အာ . . . မဝင်းမာကလည်း ဘာတွေပြောနေမှန်း မသိဘူး"

ဘာကြောင့်မှန်းမသိ သူမ မကျေမနပ် ဝင်ပြောမိသည်။ ခင်မောင်ဇော်က ရယ်ရယ်မောမောနှင့်ပင် . . .

"ဒီလိုလား . . . သိပြီ သိပြီ၊ သဘောပေါက်ပြီ"

အင်ကြင်း ပိုပြီး စိတ်တိုသွား၏။ ခင်မောင်ဇော်ကို ရူးရူးရဲရဲကြည့်ပြီး . . .

"နေပါဦး . . . ရှင်က ဘာတွေသိပြီး သဘောပေါက်နေတာလဲ"

"ဟာမ် . . . မသိဘူးလေ၊ ရေးတေးတေးပါ"

"ဟွန်း"

အင်ကြင်းက မျက်စောင်းထိုးလိုက်၏။ ဘေးက အနေအထိုင်မတတ်သည့် မဝင်းမာက . . .

"ကဲ အင်ကြင်း . . . တော်တော့၊ လာ လာ . . . သင်တန်းသွားအပ်ရအောင်"

"သွား . . . မလိုက်ဘူး"

စိတ်တိုတိုနှင့် မဝင်းမာကို အော်လိုက်၏။ မဝင်းမာကလည်း စိတ်ရှည်ဟန်ဖြင့် ထရပ်ကာ . . .

"ဒါဆိုလည်း ပြီးရော၊ ဒီကပဲ ခင်မောင်ဇော်နဲ့ စောင့်နေဦး၊ ငါ အပေါ်တက်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အင်ကြွင်းက စူပုတ်ပုတ်မျက်နှာလေးနှင့် ကျန်နေခဲ့သည်။ ဒီမျက်နှာပေးနှင့်ပင် ခပ်စွာစွာလုပ်နေသော အင်ကြွင်းကို ...

"မအင်ကြွင်း အဲ ... အင်ကြွင်းလို့ပဲ ခေါ်မယ်နော်"

"ဘာလဲ ဘာလဲ"

မျက်ခုံးနှစ်ဖက်ကိုရှုပြီး အင်ကြွင်းက မာခေါက်ခေါက်ပြန်မေးလိုက်သည်။

ခင်မောင်ဇော်က မျက်နှာစိုးစဉ်းမှမပျက်ဘဲ ပြုံးစစနှင့် ...

"အင်ကြွင်းနဲ့ ကျွန်တော်တို့က အတော်ရေစက်ဆုံတယ်နော် ... အဟဲ"

"ဘာတွေလာပြောနေတာလဲ"

"ဩော် ... အင်ကြွင်းနဲ့ ဟိုးတစ်ခါ ကားပေါ်ကအဆင်းမှာ ဆုံခဲ့တာကို ပြောတာပါ၊ ကျွန်တော်က သတိရနေတာဗျ"

အင်ကြွင်းက ခပ်တင်းတင်းကြည့်လိုက်၍ ခင်မောင်ဇော်က သဘောပေါက်ဟန်ဖြင့် ...

"ဒီလိုလေ ... အဲဒီတုန်းက အင်ကြွင်းကို ကျွန်တော့်လိုအကျင့်မျိုးပဲဆိုပြီး ထူးထူးခြားခြား မှတ်မိသွားတာပါ၊ ကျွန်တော်က အဲဒီလိုမိန်းကလေးတွေကို သဘောကျတာဗျ"

"ဘာပြောတယ် ... ရှင်နော် ရိတိတိမလုပ်နဲ့"

"ဟာ ... မဟုတ်ပါဘူး၊ အင်ကြွင်း ကျွန်တော့်ကို အထင်လွဲနေပြီထင်တယ်၊ သဘောကျတယ်ဆိုတာ အင်ကြွင်းကို ကျွန်တော်က ကြိုက်တယ်ပြောတာ မဟုတ်ဘူး၊ မကြိုက်ဘူးနော် ... အင်ကြွင်းကို ကျွန်တော် လုံးဝမကြိုက်ဘူး၊ အဲလိုဆိုချင် ..."

ထပ်တလဲလဲပြောနေသောကြောင့် နားထောင်ရတာပင် နားရှုပ်





လာသည်။ ထို့ကြောင့် ...

"ဒီမှာ နေစမ်းပါဦး ... ရှင့်ကိုကော ဘယ်သူက ကြိုက်ပါလို့ပြောနေလို့လဲ၊ ဘာမှန်းကို မသိဘူး"

"အိုကေ ... အင်ကြွင်းသဘောပေါက်သွားပြီ၊ အဲဒီလို သတိရနေတာကို ပြောတာပါ၊ ဒါနဲ့ ကျွန်တော့်ပုံစံက အင်ကြွင်းကို ကြိုက်နေတယ်လို့ အထင်လွဲစရာ ကောင်းနေလို့လား"

ခင်မောင်ဇော်က တော်တော်သတ္တိကောင်းနေပုံရသည်၊ ပြောင်ကြီးဝင် မေးနေသေး၏။

"အို ... ဒါတော့ ဘယ်သိမလဲ"

"မသိတာဘဲ ကောင်းပါတယ်လေ၊ အင်း ... နောက်တော့ ပိုသိလာမှာပါ"

"ဘာရှင့်"

အပြစ်ကင်းစင်ဟန်လေးနှင့်ပင် ခင်မောင်ဇော်က ...

"ဩော် ... ခင်မောင်ဇော်ဆိုတဲ့ကောင်ဟာ ငါ့အပေါ်မှာ မရိုးမသားနဲ့ ရိုသဲ့သဲ့လုပ်နေတာမဟုတ်ဘူး ဆိုတာကိုပါ"

စိတ်ထဲမှာ ရယ်ချင်သွားပြီး အင်ကြွင်း မျက်စောင်းထိုးမိသည်။ ရင်ထဲမှာလည်း တစ်မျိုးလေး ဖြစ်သွား၏။

"ကိုကို"

အင်ကြွင်းက အရှက်မရှိခေါ်လိုက်ခြင်း မဟုတ်ပါ။ ခုနက ခင်မောင်ဇော်နှင့်တွေ့ရသော ကောင်မလေးက လှမ်းခေါ်ခြင်း ဖြစ်သည်။

ခင်မောင်ဇော်က အင်ကြွင်းကို ပြုံးမြမြဖြင့်ကြည့်ပြီး ...

"ကဲ အင်ကြွင်း ... ကျွန်တော်သွားဦးမယ်၊ နောက် ဆုံဦးမှာပါ၊ ရေစက်ဆိုတာက တစ်ခါတည်းနဲ့ ရပ်မနေပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်ဇော် ထွက်သွား၏။

ဆိုင်ထဲမှထွက်သွားသော ခင်မောင်ဇော်နှင့် ကောင်မလေးတို့ကို ကြည့်ကာ ဘာကြောင့်မှန်းမသိ . . . သူမ မောလှည့်သာစွာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

■



## အခန်း (၇)

မနက်ပိုင်း လက်ဖက်ရည်ဆိုင်သွားရန် လုပ်နေစဉ်မှာပဲ တာတီးနှင့် ဗီတီတို့ ရောက်လာသောကြောင့် ခင်မောင်ဇော် အံ့ဩသွား၏။ ပြီးမှ နှစ်ကောင်စလုံး၏ ပြိတ်တီမျက်နှာပေးများကြောင့် သဘောပေါက်လာသည်။ ညီမ မန္တလေးကရောက်နေတာကို သတင်းကြားပြီး လာကြည့်ခြင်းဖြစ်သည်။

အိမ်ပေါ်တက်လာပြီး မထိုင်နိုင်သေးဘဲ နှစ်ကောင်စလုံးက အိမ်အပြင်ဘက်ကို ပြူးတူးပြဲတဲ လှမ်းကြည့်နေ၍ . . .

"ဟေ့ကောင်တွေ ဘာကြည့်နေတာလဲ . . . အိမ်သာတက်ချင်လို့လား"

"မဟုတ်ပါဘူးကွာ . . . ဟိုလေ ငါတို့ကြားထားတာ ဟုတ်သလား



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော်''

ကီဇီက မရဲတရဲလေး မေးလာသည်။ ခင်မောင်ဇော်က သက်ပြင်း
ဖွေ့ဖွေ့ချပြီးမှ . . .

''အေးကွာ . . . ဟုတ်တယ်၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲကွာ၊ မ
သွားတာဘဲ တော်သေးတာပေါ့''

နှစ်ကောင်သား အူကြောင်ကြောင်ဖြစ်သွားကြ၏။ တာတီးက မျ
လုံးကြီးပြူးကာ . . .

''ခင်မောင်ဇော် . . . မင်း ဘာတွေလာပြောနေတာလဲ''

''ငါတို့လမ်းထိပ်က ဝက်သားတုတ်ထိုးရောင်းတဲ့ ကိုအာလာဒ
လေ . . . မင်းတို့လည်း သိတာပဲ၊ တုတ်ထိုးရောင်းနေတာ သူ့မိန်းမတော
ရွှေတွဲလွဲ ဖြစ်နေပြီ၊ အဲဒါကို အေးအေးမနေဘူး၊ ဥပဒေနဲ့ မလွတ်ကင်း
နှစ်လုံးလောင်းကစား သွားလုပ်တယ်လေ၊ လုံးပါးပါးပြီး သူ့မိန်းမရွှေ
လည်းကုန်၊ သူ့ဆိုင်လည်းပြုတ်၊ အဲဒါ စိတ်ညစ်ညစ်နဲ့ အရက်တွေပဲ နင်းက
သောက်နေတာ၊ ခု သူ့မိန်းမလည်း နောက်ယောကျ်ားတစ်ယောက်နဲ့ထိုလ
ထွက်ပြေးသွားလေရဲ့၊ နာလိုက်တဲ့ဖာတ်ကွာ . . . သနားပါတယ် ကိုအာလ
ဒင်ကြီး''

ခင်မောင်ဇော်စကားကြောင့် ကီဇီက လက်ကားယား ခြေကားယ
နှင့် . . .

''ဟာ ဟော့ကောင် . . . ငါတို့ကြားတယ်ဆိုတာ အဲဒါကို ပြောတ
မဟုတ်ဘူး၊ ဟာကွာ''

''မသိဘူးလေကွာ . . . ဒီသတင်းကလည်း ဒီမနက်မှ ပျံ့နေတ
ငါတောင် သူ့အကြောင်း လူတွေအတုယူလို့ရအောင် ဖေ့ဘွတ် (Face Bo
ပေါ် တင်မလားလို့''





''ရှိနေမှပဲ ခင်မောင်ဇော်ရာ . . . ငါတို့ပြောတာက အပျိုး . . . မင်းညီမ
လေး မန္တလေးက ရောက်နေတယ်ဆို''

ခင်မောင်ဇော်က မျက်နှာစိုးစဉ်းမှ မပျက်ဘဲ . . .

''ဪ . . . ဒါလား၊ ဟုတ်တယ်လေ၊ ဘာလဲ . . . မင်းတို့က
တွေ့ချင်လို့လား၊ နန္ဒာရေ ညီမလေး . . . လာပါဦး၊ ဒီမှာ ညီမလေးကို
တွေ့ချင်လို့တဲ့''

''ဟာ''

''ဟော့ကောင် ခင်မောင်ဇော် . . . မဟုတ်သေးဘူးလေ''

နှစ်ယောက်သား မျက်ကလူးဆန်ပျာ ဖြစ်သွားကြသည်။ သို့သော်
လည်း မမီတော့။ နန္ဒာက ကြိုသကာလိုအပြုံးလေးနှင့် ပြန်ဆန်စွာ ရောက်
ရှိလာလေပြီ။ ခင်မောင်ဇော်ညီမ ပီသစွာပဲ နှစ်ကောင်လုံးကို ရဲရဲတင်းတင်း
ကြည့်ပြီးမှ . . .

''ကိုကို ခေါ်တယ်ဆို . . . ဘာလဲ''

ခုမှ ဟိုလိုလိုသည်လိုလို လုပ်နေသည့် ကီဇီနှင့်တာတီးကို မေး
ငေါ့ပြကာ . . .

''ဒီမှာလေ . . . ကိုကို့ညီမလေးကို တွေ့ချင်လို့တဲ့''

''ဟာကွာ ခင်မောင်ဇော် . . . ငါတို့က စကားအဖြစ် မေးကြည့်တာ
ပါ''

''အေးလေ . . . မင်းကလည်းကွာ''

မျက်နှာတွေပျက်ပြီး အိုးနင်းခွက်နင်းပုံစံ ဖြစ်နေကြ၏။ နန္ဒာက
နှစ်ယောက်ပေါင်းကို မျက်စောင်းတစ်ချက်ပဲထိုးရင်း . . .

''ကိုကိုနော် . . . ညီမလေးက စကားအဖြစ် မေးစရာလား''

''မသိဘူးလေ . . . ဒီကောင်တွေ ပြောတာပဲ၊ မေးကြည့်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com

နန္ဒာ့မျက်နှာက သူတို့ဘက်ကို ပြန်လှည့်လာသဖြင့် တွန့်သွားကြသည်။ ကိီကိက သူ့သွား အချောင်းနှစ်ဆယ်လောက်ကို အကုန်ပေါ်အောင် ရယ်ပြပြီး ...

"ဒီလိုပါ ညီမလေးရဲ့ ... အစ်ကိုတို့က ခင်မောင်ဇော့်သူငယ်ချင်းတွေဆိုတော့ ညီမလေးကို မြင်ဖူးထားချင်လို့ပါ"

"ဘာလုပ်မလို့ မြင်ဖူးချင်တာလဲ"

"ဒါကလည်း အင်း ... ဒီလိုလေ၊ တစ်နေရာရာမှာတွေ့ရင် ကူညီလို့ရတာပေါ့ ... အဟဲ"

"ကူညီရအောင် ရှင်တို့က ရဲတွေလား"

"ဟုတ်တယ် ... ဆိပ်ကြီးခနောင်တိုမြို့နယ်မှူးပါ၊ အာ ... ဟုတ်ပါဘူး ... ယောင်လို့၊ အစ်ကိုတို့ ရန်ကုန်သားတွေက ကူညီတတ်ပါတယ်၊ ဥပမာ ... ကိုယ့်သူငယ်ချင်းညီမလေးကို တစ်ယောက်ယောက်က လမ်းမှာ နှောင့်ယှက်တာမျိုးမှာပေါ့"

"သြော် ... ဒီလိုလား၊ ကောင်းပြီလေ၊ ကျွန်တော့်ကို ကူညီပေးသလိုနဲ့ အခွင့်အရေးမယူရင် ပြီးတာပဲ"

နန္ဒာက အခန့်သားပြောရင်း အဆန့်သား အိမ်ခန်းထဲ ပြန်ဝင်သွားလေသည်။

တာတီးက နဖူးက ချွေးစများကိုသုတ်ကာ ...

"ဟူး ... ခင်မောင်ဇော်တို့ ကိုယ်ရွေးကိုယ်မျိုးတွေကတော့ စံပါပဲကွာ၊ လက်တွေကော ခြေတွေကော လန်ပါတယ်"

"တော်ပြီလား ... ငါ့အဒေါ်ကို နှုတ်ဆက်သွားဦးမလား"

ခင်မောင်ဇော့်စကားကြောင့် ကိီကိက ငါးပြေမ ဆားပက်ခံရသည့် မျက်နှာမျိုးနှင့် ...





"တော်ပြီ တော်ပြီ ... သူကြီးတောင် ထွက်ပြေးရတာ၊ ဒါနဲ့ ဟော့ကောင် ... တောကျိုးကန်းက ပြောတယ်၊ သူ့ကောင်မလေးရဲ့ သူငယ်ချင်းတစ်ယောက်က မင်းနဲ့ ဇာတ်လမ်းရှိဖူးတယ်ဆို၊ ပြီးတော့ အမိုက်စားလေးတဲ့ ... ဟုတ်လား"

ပြောမှပဲ အင်ကြင်းကိုသတိရသွားသောကြောင့် ခင်မောင်ဇော် ပြုံးမိသွား၏။

"ငါနဲ့ မတော်တဆ ဆုံဖူးတာပါကွာ၊ ဇာတ်လမ်းမဟုတ်သေးပါဘူး၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ ... ပြောလေ"

"မင်းပြောတဲ့ အမိုက်စားလေးဆိုတာထက် ပိုလန်းတယ်ကွ"

"နှာဘူး၊ ဒါမျိုးကျတော့ မြင်တတ်တယ် ... ဟုတ်လား"

ခင်မောင်ဇော်က မိန့်မိန့်ကြီးပြုံးကာ ...

"မတတ်နိုင်ဘူးလေကွာ ... ငါ့ထိုက်နဲ့ ငါ့ကံပဲပေါ့၊ ဟဲ ဟဲ ... ငါ့ညီမ သင်တန်းလိုက်အပ်ပေးတုန်းကတောင် ပြန်ဆုံသေးတယ်"

"ဒါဆိုလည်း လက်ဖက်ရည်လိုက်တိုက်ကွာ ... သွားမယ်"

ဘာမှလည်း မဆိုင်ချေ။ သို့သော်လည်း လက်ဖက်ရည်ဆိုင်ကို ရောက်သွားပါသည်။ ထိုင်နေကျဆိုင်ဖြစ်သောကြောင့် သူကြီးနှင့် တောကျိုးကန်းတို့က ရောက်နေကြပြီ။

သူတို့အုပ်စု ဝင်ထိုင်လိုက်စဉ်မှာပဲ တောကျိုးကန်းက ခင်မောင်ဇော်ကို လှမ်းပြောသည်။

ခင်မောင်ဇော် ... မင်းစုံစမ်းခိုင်းလို့ ငါ ဇာခြည့်ကို မေးပြီးပြီကွာ၊ အနေအထားကတော့ သိပ်မလှဘူး"

ထိုသို့အစချီကာ အင်ကြင်း၊ ကိုလှတင် (အင်္ဂါကြိုဟ်) နှင့် အောင်



www.burmeseclassic.com

www.burmeseclassic.com



သန်းဦး (ဆိုပူး) တို့၏ သုံးပွင့်ဆိုင်အရှုပ်ထုပ်ကို ပြောပြလေသည်။ ခင်မောင်ဇော်က ဘာမှဝင်မမေးဘဲ အေးအေးလူလူပဲ နားထောင်နေလိုက်၏။ တောကျိုးကန်းစကားဆုံးတော့မှ . . .

"ဒါပေမဲ့ အင်ကြင်းက ဘယ်သူ့ကိုမှ ပြန်မပတ်သက်ဘူးမဟုတ်လား"

"ဟုတ်တော့ဟုတ်တယ်လေ . . . ဒါပေမဲ့ ကိုလှတင်ဆိုတဲ့လူနဲ့က သူ့အိမ်က သဘောတူထားတာ၊ အိမ်အဝင်အထွက်လည်း ရှိတယ်၊ အောင်သန်းဦးဆိုတဲ့ ကောင်လေးကတော့ လိုက်စကားပြောရုံလောက်ပဲ၊ သူတို့ ရပ်ကွက်ထဲကလို့ ပြောတယ်"

"ဟာ . . . ဒါဆို ဒီရပ်ကွက်ထဲကလား။ ငါတို့လည်း မတွေ့ဖူးပါဘူး"

ထိုရပ်ကွက်မှ အပျိုအားလုံးကိုသိသော ကီဝီက ဝင်မေး၏။ တောကျိုးကန်းကပဲ . . .

"ငါတို့ရပ်ကွက်က မဟုတ်ပါဘူး၊ ဟိုဘက်ရပ်ကွက်ကပါကွာ"

"ဒါဆို ခင်မောင်ဇော်တို့ရပ်ကွက်ကပဲပေါ့"

"မင်းတို့ကလည်းကွာ ရှုပ်လိုက်တာ၊ အဲဒါလည်း မဟုတ်ဘူး။ ခင်မောင်ဇော်တို့နဲ့ ဘေးချင်းကပ်ရပ်ကွက်က . . . ရှင်းပြီလား"

ဘေးမှနားထောင်နေသည့် သူကြီးက စိတ်မရှည်သံနှင့် ဝင်ပြော၏။ ခုမှပဲ ငြိမ်သွားကြလေသည်။

ခင်မောင်ဇော်က သူကြီးကို အံ့သြသလိုကြည့်ပြီး . . .

"ခင်ဗျားက သိလှချည်လားဗျ သူကြီးရ"

"သိသားပဲ . . . အဲဒီကောင်မလေးက ပြင်ဦးလွင်မှာနေတာ၊ ပြန်လာတာ မကြာသေးတာလည်း သိတယ်"

"အေး . . . ဟုတ်တယ် ဟုတ်တယ်၊ ငါပြောဖို့ မေ့နေတာ"





တောကျိုးကန်းကပါ ဝင်ပြောသည်။ စဉ်းစားနေသလိုနှင့် ငြိမ်သွားသည့် ခင်မောင်ဇော်ကိုကြည့်ကာ သူကြီးက . . .

"ဘာလဲ . . . မင်းက အဲဒီကောင်မလေးကို စိတ်ဝင်စားလို့လား"

"အဲဒါထက် ပိုတယ်၊ အေးဗျာ . . . ဒါပေမဲ့လည်း"

"မလွယ်ဘူး ဆိုပါတော့"

သူကြီး၏ ခနဲ့သလိုအမေးကို ခင်မောင်ဇော်က ခေါင်းခါရင်း . . .

"မဟုတ်ပါဘူးဗျာ၊ အင်ကြင်းကပဲ နှစ်ယောက်စလုံးကို ပညာသားပါပါနဲ့ ခါတတ်ပါစေပဲ ဆုတောင်းနေတာ၊ ဒါပေမဲ့ ဒီလိုမှမဟုတ်ရင်တော့လည်း အင်း . . ."

"မင်းက ဘယ်လိုလုပ်မှာလဲ"

တစ်ဝိုင်းလုံးနီးပါး မေးလိုက်ကြ၏။ ခင်မောင်ဇော်က စဉ်းစဉ်းစားစားနှင့် တစ်လုံးချင်းပြောလိုက်သည်။

"ဩော် . . . သူတို့သာ မဆုတ်ခွာရင်တော့ ခင်မောင်ဇော်နဲ့ ထပ်ပြိုင်ရတော့မှာပဲလို့ တွေးမိတာပါ"

"တော်ပါကွာ . . . စကားကြီး စကားကျယ်နဲ့"

သူကြီး၏ ရွှေ့တ်သံအဆုံးမှာ တစ်ဝိုင်းလုံးက မဲ့ရွဲ့ပြီး ခင်မောင်ဇော်ကို ဝိုင်းကြည့်ကြလေသည်။ ခင်မောင်ဇော်ကတော့ မျက်နှာကိုချိုကာ အေးအေးဆေးဆေးပင် ဖြည်းဖြည်းလေးလေးပဲ အိမ်ကို လမ်းလျှောက်ပြန်ခဲ့၏။

အိမ်ရောက်တော့ နန္ဒာက စပ်စုသေးသည်။

"ကိုကို . . . မနက်က ကိုကို့သူငယ်ချင်းတွေပြောနေတာ ဟို တရုတ်စကားပြောသင်တန်းမှာ တွေ့တဲ့တစ်ယောက်လား"

"အင်း ဟုတ်တယ်၊ ဟိုတစ်ခါ ကိုကိုသွားထိုင်နေတဲ့ ဝိုင်းကလေ"



www.burmeseclassic.com

www.burmeseclassic.com



"သိပြီ သိပြီ ... အဲဒီမမကို သင်တန်းမှာ တွေ့ပါတယ်၊ ချောချော လေးလေ"

"ဟင် ... သူလည်း သင်တန်းတက်နေတာလား"

သူနှင့်ဆုံစဉ်က အင်ကြင်း သင်တန်းမတက်ချင်ဘူးဟု မဝင်းမာကို ပြောဖူးသောကြောင့် ခင်မောင်ဇော် အံ့ဩသွားခြင်းဖြစ်သည်။

နန္ဒာက ခေါင်းညိတ်ပြကာ ...

"တက်နေတယ်လေ၊ ညီမလေးတွေ့သားပဲ"

"ညီမလေး"

"ဘာလဲ"

"ညီမလေး သင်တန်းကို တစ်ယောက်တည်းမသွားနဲ့တော့၊ ကိုကို စိတ်မချဘူး၊ မနက်ဖြန်ကစပြီး ကိုကိုလိုက်ပို့မယ် ... ဒါပဲ"

နန္ဒာက အားရဝမ်းသာနှင့် ...

"တကယ် ... သင်တန်းတွေ အကုန်ကိုလား"

"ဟင့်အင်း ... တရုတ်စကားပြော တစ်ခုတည်း"

"အား ... သွားပါ၊ ကိုကိုလူလည်ကြီး"

မကျေမနပ်ပြောရင်း နန္ဒာက လိုက်ရိုက်တော့၏။ ခင်မောင်ဇော်က ရှောင်ရင်းတိမ်းရင်းနှင့်ပင် မနက်ဖြန် ဘာအကျႌဝတ်သွားရင် ကောင်းမလဲဟု ခေါင်းထဲ စဉ်းစားမိသေးသည်။

■



## အခန်း (၈)

ထိုသို့ဖြင့် ...

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်း အလည်အပတ်သွားရန် စိတ်ကူးမရှိ၊ ဒီနိုင်ငံမှာလည်း တရုတ်စကားပြန်လုပ်ရန် အကြောင်းမရှိပါဘဲ အင်ကြင်းတစ်ယောက် တရုတ်စကားပြောသင်တန်း တက်နေရသည်။ မည်သို့ပင်ဖြစ်စေ သူမ ကြိုးကြိုးစားစား သင်ယူပါသည်။ သင်နေသော ဆရာကို တော့ လေးစားရမည်လေ ...။

သူမဘေးက မဝင်းမာကြီးကတော့ အထူးပင် တက်ကြွနေ၏။ သူမကိုပင် တရုတ်လို တတ်သလောက်မှတ်သလောက် လုပ်းလုပ်းပြောနေ သေးသည်။ အရေးထဲမှာလည်း ခင်မောင်ဇော်၏ရည်းစားဖြစ်ဟန်တူသည့် ကောင်မလေးက လှမ်းလှမ်းကြည့်နေ၍ စိတ်ကသိကအောက် ဖြစ်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

သူမကတော့ သိပ်စိတ်မဝင်စားပါ။ အိမ်မှာမနေရတော တစ်ခုတည်းနှင့်ပင် အားလုံးကို ခဝါချနိုင်ပါသည်။

ထိုစိတ်ချမ်းသာမှုလေးမှာ တစ်ပတ်ပင်မခံလိုက်။ အင်ကြင်း စိတ်ပြန်ညစ်ရတော့သည်။ သင်တန်းတက်ပြီး သုံးရက်လောက်မှာ အောင်သန်းဦးက ဘယ်လိုသိသွားသည် မသိချေ။ နောက်က ပြန်လိုက်တော့၏။ ထိုမျှပင်မကဘဲ အောင်သန်းဦးလိုက်သည်ကို ကိုလှတင်က ထပ်တွေ့သွားပြန်သည်။ ထိုသို့ဖြင့် ကိုလှတင်ကလည်း စိတ်မချဘူးဟု အတင်းအကြောင်းပြကာ လိုက်ပို့မည် တကဲကဲ။ သူ့ကားကို လိုက်မစီးချင်ဘူးဟု ပြောထားရသည်။ သူမလောက် စိတ်ညစ်ရသောသူ ဒီသင်တန်းမှာ ရှိမည်မထင်တော့။

မဝင်းမာကြီးကို စိတ်ညစ်ညစ်နှင့် ပြောပြမိ၏။ သင်တန်းချိန်ဖြစ်သော်လည်း မဝင်းမာက ဗမာလိုပဲ မေးပါသည်။

"ဟဲ့ . . . ဒါနဲ့ နင့်ရည်းစားဆိုတာကို ခေါ်တွေ့မယ်ဆိုတဲ့ ကိစ္စကကော"

"ပိုဆိုးကုန်တာပေါ့။ ကျွန်မလည်း ဟိုလိုလို သည်လိုလို လုပ်ထားတာ၊ ခုတော့ ကိုလှတင်က ဟိုအောင်သန်းဦးလိုက်နေတာကို အိမ်ကိုပြောပြလိုက်တယ်လေ၊ အိမ်က ကိုလှတင်နဲ့စီစဉ်ချင်နေပြီ၊ ဖေဖေကလည်း မေမေ့ကို မလွန်ဆန်နိုင်တော့ သမီးကောင်လေးကို တစ်လအတွင်း ခေါ်လိုက်ပါလို့ ပြောထားတယ်၊ ပြီးရောပေါ့၊ ဒါတောင် သူတို့က ပြင်ဦးလွင်ကလို့ ထင်နေလို့ ပြောတာ"

မဝင်းမာက သူမကိုကြည့်ကာ စိတ်မသက်မသာဖြစ်ဟန်နှင့် သက်ပြင်းချ၏။

"ခက်တာပဲ အင်ကြင်းရယ်၊ ဒီလိုလုပ်ပါလား"

စကားကိုမဆက်သေးဘဲ မဝင်းမာက ကောင်းကင်ကို လှမ်းမော်





ကြည့်လိုက်၍ တရုတ်တွေလို မိုးနတ်မင်းဆီများ အကူအညီတောင်းနိုင်ဦးမလားဟု တွေးမိပြီး အင်ကြင်း လန့်သွားသေးသည်။ မဟုတ်ပါ။ မိုးနတ်မင်းကလည်း ဒါမျိုးတွေ ကူညီဖြေရှင်းပေးမည် မထင်ချေ။ ဒီအဖြစ်မျိုးတွေရှိလားဟုပင် အပြစ်တင်သွားဦးမည်။ သူမ တောင်စဉ်ရေမရတွေးမိနေစဉ်မှာပဲ . .

"အင်း . . . တစ်လအတွင်းမှာ နင် ရည်းစားရဖို့ကလည်း မဖြစ်နိုင်ပြန်ဘူး၊ အင်းလေ . . . တရုတ်ဇာတ်လမ်းတွဲမှာလည်း ဒါမျိုးတွေ မရှိပါဘူး။ တစ်ခုပဲရှိတယ် . . . နင် ဗမာဇာတ်ကားတွေထဲကလို ရည်းစားအတုသာ ရှာပေတော့ အင်ကြင်း"

အင်ကြင်း ပို၍ ပို၍ စိတ်ညစ်သွားသည်။ မဖြစ်နိုင်သော၊ သူမ မလုပ်ချင်သော ကိစ္စကြီးဖြစ်သည်၊ ဒီလောက်ကြီးတော့ မျက်နှာပြောင်မတိုက်ရဲပါ။ သူစိမ်းယောကျ်ားတစ်ယောက်ကို ရည်းစားဆိုပြီး အိမ်ပေါ်ခေါ်တင်သွားရမည့်ကိစ္စ။ တွေးရင်းနှင့်ပင် ခေါင်းကိုခါယမ်းလိုက်ပြီး ငြင်းလိုက်၏။

"မဖြစ်သေးပါဘူး မဝင်းမာရာ၊ ယောကျ်ားလည်း မလိုချင်ဘူး၊ ရည်းစားအတုလည်း မခေါ်ပြချင်ဘူး၊ နှစ်ခုစလုံး အဆင်ပြေမယ့် နည်းလမ်း မရှိဘူးလား"

မဝင်းမာက "ဂိုးရို့ (Gold Roast) ရှိတယ်လေ" ဟု တီဗီ ကြော်ငြာထဲကလို မဖြေပါ။ ထိုသို့ဖြေလျှင် ရယ်ရဦးမည်။ ခုတော့ သူကပဲ အပူသည်ကြီးလို ငူငူကြီးလုပ်နေသည်။ သူမကပဲ ပြန်ဖျောင်းဖျရတော့၏။ တရားကျစရာပင် ကောင်းလှသေးသည်။

"ကဲပါ မဝင်းမာရယ် . . . ကျွန်မအတွက် ဒီလောက် ခေါင်းရှုပ်ခံမနေနဲ့၊ ကျွန်မစဉ်းစားပါဦးမယ်၊ ကဲ . . . ဟိုမှာ ဆရာဦးကြင်စိန် ဝင်လာပြီ"

အတန်းထဲ ဆရာဝင်လာသောကြောင့် စကားကို ဖြတ်လိုက်ရ၏။ ဆရာဦးကြင်စိန်ကိုကြည့်ပြီး မဝင်းမာမျက်နှာက ဝင်းပသွားသည်။ ခု ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သူ ဆရာဦးကြင်စိန် (ကမန်းကတန်း) က အသင်အပြအရမ်းကောင်းသည့် အပြင် လူပျိုကြီး။ ပြီး သူ့အကြိုက် ဖြူဖြူဖွေးဖွေး တရုတ်ကြီးဖြစ်သောကြောင့် မဝင်းမာအတွက်တော့ ကောင်းခြင်းငါးဖြာဖြင့် ပြည့်စုံနေသည်။ ဆရာ၊ ဆရာနှင့် အမြဲ ပါးစပ်က တဖွဖွဖြစ်နေသဖြင့် အင်ကြင်းပင် ထိုဆရာကို သိပ်ကြည့်မရချေ။ နေရင်းထိုင်ရင်း ...။

ဟောရင်း ပြောရင်း သင်တန်းချိန်က ပြီးဆုံးသွား၏။ ဒါကိုပင် မဝင်းမာက အချိန်ကုန်တာကလည်း မြန်လိုက်တာဟယ်ဟု လုပ်နေသေးသည်။ မဝင်းမာနှင့် နှစ်ယောက်သား အောက်ဆင်းလာတော့ ...

"ဟေ့ ... အင်ကြင်းနဲ့ မဝင်းမာကြီး"

ခေါ်သံကြားလိုက်ရသောကြောင့် ကင်တင်းထဲ လှမ်းကြည့်မိသည်။ မမြတ်သစ်၊ မေသန္တာ၊ ဇာခြည်တို့ကို အုပ်စုလိုက်ကြီး တွေ့လိုက်ရ၏။ လောလောဆယ် စိတ်ညစ်နေရသည်ကိုပင် မေ့သွားပြီး အင်ကြင်း အပြေးတစ်ပိုင်းနှင့် ရောက်သွား၏။ အနားရောက်တော့မှ မမြတ်သစ်တို့ချည်းပဲ မဟုတ်မှန်း သိရသည်။ ဇာခြည်၏ရည်းစား လှမျိုးမြင့်အပြင် သူမနှင့် ဆုံဖူးသော ခင်မောင်ဇော်၊ အောင်သိန်း (သူကြီး)တို့နှင့် မျက်နှာစိမ်းနှစ်ယောက် က ပါသေး၏။

ရုတ်တရက် ဝင်မထိုင်ဖြစ်ဘဲ ရပ်နေ၍ ဇာခြည်က ...

"အင်ကြင်း ... ထိုင်လေဟာ၊ ငါတို့က နင်နဲ့တွေ့ချင်လို့ လာတာကို၊ ထိုင်ပါဟ ... ဒါက ကိုမျိုးသူငယ်ချင်းတွေပါ၊ ခင်မောင်ဇော်ဆို လည်း နင်သိတာပဲ ..ကို"

"သြော် ... အေး အေး"

ပြောရင်း အင်ကြင်းဝင်ထိုင်လိုက်၏။ မဝင်းမာကြီးကဖြင့် စားသောက်ရန်ပင် မှာယူနေပြီ။ ဇာခြည်က ဘယ်သူမှမခိုင်းဘဲ မိတ်ဆက်ပေး၏။





"အင်ကြင်း ... ဒီနှစ်ယောက်က ဇော်ဝင်းထင် (ကီဝီ) နဲ့ စိုးဝင်း (တာဝီး)တဲ့၊ ဒီဘက်ကတော့ အင်ကြင်း၊ ဟိုဘက်က မဝင်းမာကြီး၊ အားလုံး ပဲ မှတ်ထားကြနော်"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်၊ ခင်မောင်ဇော်ပြောလို့ မအင်ကြင်းကိုကြားဖူးနေတာ ကြာပါပြီ"

ကီဝီဆိုသောလူ၏စကားကြောင့် အင်ကြင်းမျက်နှာလေး ရဲသွားသည်။ ခင်မောင်ဇော် ဘာတွေ မဟုတ်တမ်းတရား ပြောထားလဲဟုတွေးကာ ခပ်စူးစူးကြည့်လိုက်တော့ ...

"ဟာ ... ဒီကောင်၊ အင်ကြင်း ... ကျွန်တော် ဘာမှမပြောဘူး နော်၊ ဟိုအရင် အင်ကြင်းနဲ့ ကားပေါ်မှာဆုံတဲ့အဖြစ်လေးကိုပဲ ပြောပြဖူးတာပါ"

ခင်မောင်ဇော် ပျာပျာသလဲဝင်ပြောတော့မှ ပိုဆိုးကုန်သည်။ ထုံးစံ အတိုင်း မေသန္တာက စပြီး ...

"ဟယ် ... ခင်မောင်ဇော်နဲ့အင်ကြင်းက သိတယ် ... ဟုတ်လား။ အင်ကြင်းနော် ... ငါတို့ကိုလည်း မပြောပြဘူး"

"ဟုတ်ပ့ါ ... မိန်းမ လျှိုထားတယ်၊ ခု ပြော"

"ဟုတ်ပါတယ် ပြောပြပါ"

ဝိုင်းအော်ကြတော့သည်။ အင်ကြင်းလည်း ကယောင်ချောက်ချား နှင့် မျက်နှာလေး ရဲတွတ်နေ၏။ မသိလျှင်ဘဲ သူနှင့်ခင်မောင်ဇော်ကို ဝိုင်းပေးနေ သလိုမျိုး။ ရင်ထဲမှာ တလှပ်လှပ်နှင့် အင်ကြင်းရှက်လာသည်။ ဘယ်တ ဘယ်လို စပြောရမှန်းလည်း မသိ။ ကိုယ်ကပဲ ဖုံးဖိဟားသလို ဖြစ်ရပြီ။

သည်းသည်းအုံရှက်နေသော အင်ကြင်းကိုကြည့်ပြီး ခင်မောင်ဇော် က ...

"ဟ ... နေကြပါဦး၊ ဒီမှာ အင်ကြင်း အနေခက်နေပြီ၊ ကျွန်တော်ပဲ



www.burmeseclassic.com

www.burmeseclassic.com

ပြောပြပါ့မယ်''

ခင်မောင်ဇော်ကပဲ နှစ်ရာကိစ္စကို ရှင်းပြနေသည်။ ခုတော့ လန်ဒန် မြေပဲယိုကိစ္စလည်း အကုန်သိသွားကြပြီ။ အရင်က စွာသလောက် ဒီတစ်ခါ ရှက်နေမိခြင်းကို သူမ စဉ်းစားမရအောင် ဖြစ်နေမိသည်။

အပြန်မှာ မေသန္တာကပဲ မှတ်ချက်ချသွားသေးသည်။

''ဟဲ့ အင်ကြင်း ... ငါထင်တာ မမှားဘူးဆိုရင် ခင်မောင်ဇော် နှင့်ကို စိတ်ဝင်စားနေသလိုပဲ''

သူမ ဘာမှ မတုံ့ပြန်မိဖြစ်ချေ။ သက်ပြင်းတိုးတိုးလေးကိုချပြီး ကောင်းကင်ကို မော့ကြည့်မိသည်။ အရောင်ကွဲတိမ်များဖြင့် ဆည်းဆာက မညီမညာ အုပ်ဖွဲ့ပျံ့သန်းနေသလိုပင်။

■



## အခန်း (၉)

နောက်ပိုင်းရက်များမှာ မဝင်းမာကြီးအိမ်သို့ သွားရခြင်းက ခင်မောင်ဇော်အတွက် မထူးဆန်းတော့ချေ။ ဖြစ်နိုင်လျှင် အင်ကြင်းကို သူ-စိတ်ဝင်စားနေကြောင်း တစ်လောကလုံးကို သိစေချင်လှပြီ။ ထို့ကြောင့် ရှေ့မျက်နှာ ရှေ့ထားပြီး သွားရ၏။

အိမ်မှထွက်လာပြီး အင်ကြင်းနှင့်များတွေ့မလားဟုတွေးကာ ကားမှတ်တိုင်မှာ မယောင်မလည် စောင့်ကြည့်သေးသည်။ ဆယ့်ငါးမိနစ်လောက် စောင့်ပြီးမှ တစ်ယောက်တည်း အူကြောင်ကြောင်ဖြစ်လာ၍ လမ်းမှာများ မတော်တဆ ဆုံလေမှာလားဟုတွေးကာ ဟိုကြည့်ဒီကြည့်နှင့် လမ်းလျှောက်လာခဲ့၏။ လမ်းမှာလည်း မတွေ့။

ထိုသို့ဖြင့် မဝင်းမာကြီးအိမ်မှာများ ဘွားခနဲ သွားဆုံလေမလား



www.burmeseclassic.com

www.burmeseclassic.com

ဟု မျှော်တလင့်လင့်နှင့် ရောက်သွားပါသည်။ ခဲလေသမျှ သဲရေကျ ရ၏။ မဝင်းမာကြီးတစ်ယောက်သာ သူ့အိမ်မှာ ငွားငွားစွင့်စွင့်ကြီး ထိုင်နေပါသည်။

"မဝင်းမာ မဝင်းမာ"

ခင်မောင်ဇော် အသံပြုလိုက်တော့မှ ...

"ဩော် ... ခင်မောင်ဇော်ပါလား၊ လာ လာ ... တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"အိမ်ပေါ်တက်လေ၊ ငါလည်း တစ်ယောက်တည်းပဲ"

"ဗျာ"

ခြေလှမ်းပင် တွန့်သွားရသည်။ ခင်မောင်ဇော်ဖြစ်သွားသည့်ပုံစံကို ကြည့်ပြီး ...

"လာလေဟယ် ... ငါလည်း တစ်ယောက်တည်းဆိုပြီး ပျင်းပျင်းနဲ့ တရုတ်ကားထိုင်ကြည့်နေတာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဧည့်ခန်းထဲ ဝင်ထိုင်လိုက်သည်။ မဝင်းမာက ဘာမှ ဆက်မမေးဘဲ တီဗီတက်ကို ပြန်လှည့်သွား၏။ ကောင်းခန်းဖြစ်ပုံရသည်။ ဂျက်လီနှင့် လူဆိုးများ ချနေကြပြီ။ ခင်မောင်ဇော်မှာလည်း နေရင်းထိုင်ရင်း ဂျက်လီကို ထိုင်ကြည့်နေရသေးသည်။ ကိုယ်က ဂျက်လီပရိသတ်လည်း မဟုတ်ပါ။ လူဆိုးတွေ အကုန်သေသွားတော့မှ ဂျက်လီအတွက် မဝင်းမာ ရတက်အေးသွားဟန်တူ၏။ ရီမုခ်ဖြင့် ဇာတ်လမ်းကို ခဏရပ်လိုက်ကာ ...

"ကဲ ခင်မောင်ဇော် ... ဆို ဘာကိစ္စရှိလို့လဲ"

"ဘာရယ်မဟုတ်ပါဘူး ... ဒီနေ့ သင်တန်းပိတ်ရက်ဆိုတော့ မဝင်းမာကြီး အိမ်မှာရှိမှာပဲဆိုပြီး ဝင်လာတာ"





မဝင်းမာက မျက်ခုံးကိုပင့်လိုက်ပြီးမှ ...

"ဟုတ်ရဲ့လား ... ဒီမှာ အင်ကြင်း ရှိချင်ရှိနေမှာလို့ကော မတွေးမိဘူးလား"

"ဟာဗျာ ... မဝင်းမာကြီးကလည်း"

တည့်တည့်ကြီးမေးလိုက်၍ ခင်မောင်ဇော် ရှက်သွားသည်။ မဝင်းမာက ကြည့်ပြီး တဟင်းဟင်းရယ်တော့၏။

"ဟင်း ဟင်း ... မောင်လေးရယ် မမတို့လည်း ငယ်ရာက ကြီးလာတာပါကွယ်၊ ဘာလဲ ... ငြင်းဦးမလို့လား"

နောက်သလိုလိုအပြောကြောင့် ခင်မောင်ဇော် ရဲတင်းလာသည်။ မဝင်းမာပုံစံကလည်း သူနှင့်အင်ကြင်းကို ဖြစ်စေချင်သည်ဟု တစ်ဖတ်သတ်တွေးလိုက်ပြီး ...

"အင်ကြင်းက ဒီကို အမြဲလာတတ်တယ်ဆိုတာ တွေ့ချင်လည်း တွေ့မှာပေါ့လို့ တွေးမိတာ မငြင်းပါဘူးဗျာ၊ အဟဲ ... ဒါနဲ့ အင်ကြင်း ဒီကို မလာဘူးလား"

"ဟင် ... ခုနကတော့ ငါ အိမ်မှာရှိတယ်ဆိုလို့ လာလည်တာဆို"

"ဟုတ်တယ်လေ ... မဝင်းမာရှိမှ အင်ကြင်းလည်း ရှိမှာပေါ့ ... မဟုတ်ဘူးလား"

မဝင်းမာက မျက်စောင်းတစ်ချက်ထိုးလိုက်သေးသည်။ ပြီးမှ ...

"အောင်မယ်လေး ... ဟုတ်ပါပြီဟယ်၊ နင် အင်ကြင်းကို စိတ်ဝင်စားနေမှန်း ငါတို့အားလုံး သိပါတယ်"

"အင်ကြင်းရော သိရဲ့လား"

ခင်မောင်ဇော်အမေးကို မဝင်းမာက ပိုရန်ကောဟူသောအကြည့်နှင့်



www.burmeseclassic.com

"သိမှာပေါ့ဟဲ့ . . . သူလည်း မိန်းကလေးပဲ၊ ဒါပေမဲ့ အင်ကြင်းခများ သနားပါတယ်ဟယ်၊ ခုတစ်လော အိပ်ပျော်စားဝင်ရဲ့လား မသိဘူး"

"ဗျာ . . . ရောဂါများ ဖြစ်နေလို့လား"

"အာ . . . နင်ကလည်း အင်ကြင်းက အလတ်ကြီးပါဟ၊ သူ့အိမ်က ယောကျ်ားပေးစားနေလို့ စိတ်ညစ်နေတာဟဲ့"

ခင်မောင်ဇော် သဘောပေါက်သွား၏။ အလတ်ကြီးဆိုသည့် စကားကြောင့် ပိုစိတ်ချမ်းသာသွားသည်။ သို့သော်လည်း . . .

"ဩော် . . . ဒါကြောင့်လား"

"အေး . . . ဒါတင်မကသေးဘူး။ သူတို့ရပ်ကွက်ထဲက ကောင်လေးတစ်ယောက်ကလည်း တစ်မျောင့်၊ သူ့အစား ငါတောင်စိတ်ညစ်တယ်"

"ဒါပေမဲ့ အင်ကြင်းက နှစ်ယောက်စလုံးကို စိတ်မဝင်စားဘူး မဟုတ်လား . . . ကျွန်တော်သိပါတယ်"

"တယ်ဟုတ်ပါလား . . . နင့်ကို ဇာခြည်ကတစ်ဆင့် တောကျီးကန်း ပြောတာ ထင်တယ်၊ ဇာခြည်က အဲဒီကိုလှတင်ဆိုတဲ့လူကို ကြည့်လို့ရ မဟုတ်ဘူး"

"မဝင်းမာကကော"

ခင်မောင်ဇော့်အမေးကြောင့် မဝင်းမာက မျက်လုံးပြူးကာ . . .

"အောင်မယ်လေး . . . မလုပ်ပါနဲ့ဟယ်၊ ငါ့ဘဝလေးနဲ့ငါ နေပါစေ"

မဝင်းမာအပြောကြောင့် ရယ်မိသည်။ ခင်မောင်ဇော်က မဝင်းမာ နောက်ချင်လာသောကြောင့် . . .

"ဒါနဲ့ မဝင်းမာ အသက်ဘယ်လောက်ရှိပြီလဲ"

"ဘာလုပ်မလို့လဲ"





အသက်မေး၍ အသံက မာသွား၏။ ခင်မောင်ဇော်ကလည်း အကြံနှင့်မို့ . . .

"ဘာရယ်မဟုတ်ပါဘူး . . . မဝင်းမာက အင်ကြင်းတို့ ဇာခြည်တို့နဲ့ ပေါင်းနေပေမယ့် ဇာခြည်ပြောသလောက် မကြီးသေးဘူးလို့ ထင်လို့ပါ"

"ဇာခြည်မက ဘယ်လောက်လို့ ပြောလို့လဲ"

"သုံးဆယ့်သုံးလို့ ပြောတာပဲ"

"ဟဲ ဟဲ . . . ငါ သုံးဆယ့်ခွန်တောင်ရှိပြီဟဲ့"

ခင်မောင်ဇော်က အံ့သြဟန်လုပ်ပြီးမှ . . .

"ဟာ . . . မထင်ရဘူးနော်၊ ရုတ်တရက်ကြည့်ရင် လေးဆယ်လောက်ပဲ ထင်ရတယ်"

"နင်နော် . . . ပေါက်ကရ"

"နောက်တာပါဗျာ၊ ဒါဆို မဝင်းမာကလည်း အိမ်ထောင်အမြန်ပြုတော့လေ"

"ဟင် . . . ဘာဖြစ်လို့တုံး"

ဒီတစ်ခါတော့ အံ့သြသွားသူက မဝင်းမာပါ။ ခင်မောင်ဇော်က ရယ်ကျဲကျဲနှင့်ပဲ . . .

"ဩော် . . . အရစ္စတိုတယ်(လ်)ဆိုတဲ့ ပညာရှိကြီးက ပြောဖူးတယ်လေ . . . အသက်နှစ်ဆယ်ကနေ သုံးဆယ့်ခုနစ်နှစ်အထိ အိမ်ထောင်ပြုတာ အကောင်းဆုံးပဲတဲ့ မဝင်းမာရ"

"အို . . . သူပြောတိုင်း ငါက ယူရမှာလား၊ သူ့ဟာသူ အားအားယားယား ကန့်သတ်သွားတာကို"

အရစ္စတိုတယ်(လ်)ကြားလျှင်တော့ ငိုချင်စိတ်ပေါက်သွားပေလိမ့်မည် သည်။ မဝင်းမာကပဲ . . .

www.burmeseclassic.com

"ဟဲ့ ... အဲဒီ ဘာတိုတယ်"

"အရှူတိုတယ်(လ်)ပါ"

"အေး ... ထားပါတော့၊ သူက ဘယ်ကလဲ"

"ဟာ ... မဝင်းမာကလည်း ဂရိကပဲပေါ့"

"ထင်သားပဲ ... တရုတ်မဟုတ်ပါဘူးလို့ ကွန်ဖြူးရှပ်တို့ မော်စီတုံးတို့တောင် ဒါမျိုးမပြောဘူး"

ခင်မောင်ဇော် နဝေတိမ်တောင်ဖြစ်သွားရ၏။ ဘယ်တုန်းကဘယ်လို တရုတ်ကြီးတွေ ပါလာသည် မသိချေ။ မဝင်းမာကတော့ သူ့အတွေးနှင့်သူ ပြုံးနေသေးသည်။ ပြီး သတိရဟန်နှင့် စကားကို မကုန်းဘဲ ပြန်ကောက်၏။

"ဟယ် ... စကားတွေက ဟိုရောက်ဒီရောက်နဲ့"

"ဟုတ်ပ့ါဗျာ ... ခုနက အင်ကြင်းစိတ်ညစ်နေတာမှာ ဆုံးသွားတာ"

မဝင်းမာက မျက်စောင်းတစ်ချက် ထပ်ထိုးပြီးမှ အင်ကြင်း၏ တစ်လအတွင်း အိမ်ကို ရည်းစားခေါ်ပြရေးပြဿနာကိုပါ ပြောပြတော့သည်။ ခင်မောင်ဇော်ကိုလည်း (မြန်မာဗီဒီယိုကားထဲကအတိုင်း)

"ဟဲ့ ခင်မောင်ဇော် ... နင် အင်ကြင်းကို ကူညီလိုက်ပါလား"

"ဘာလဲ ... သူ့ချစ်သူဆိုပြီးတော့လား"

"အေးလေ ... မကူညီချင်ဘူးလား။ နင်ပဲ အင်ကြင်းကို စိတ်ဝင်စားနေတယ်ဆို"

ခင်မောင်ဇော်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီးမှ ...

"ဟုတ်တော့ ဟုတ်ပါတယ် ... ဒါပေမဲ့ ဇာတ်လမ်းက မြန်မာကား ကျနေတာပဲဗျာ၊ အဲဒီလောက် လွယ်ပ့ါမလား။ ပြီးတော့ အင်ကြင်းက လက်ခံပ့ါမလား"





"သူ့မှာ ရွေးစရာလမ်း မရှိဘူးဟဲ့"

ချက်ချင်းပင် ခင်မောင်ဇော်က ...

"ရှိတာပေ့ါ ... ဘာလို့မရှိရမှာလဲ"

"ဟင် ... ဘာလဲ ပြောပါဦး"

"ကျွန်တော် သူ့ကိုချစ်နေပြီပဲ၊ ကျွန်တော့်ကို ပြန်ချစ်လိုက်လေ၊ ခွဲက ပြတ်ပြီ၊ ဘာမှ ဟန်ဆောင်စရာမလိုဘူး"

"အောင်မာ ... နင်က သူ့ကို ရည်းစားစကားတောင် ပြောရသေးသို့လား"

"ဟာ ... ဟုတ်သားပဲ၊ ကျွန်တော်ပြန်တော့မယ်ဗျာ"

"ဟဲ့ ... ဘယ်ကိုလဲ ချက်ချင်းကြီး"

"အိမ်ပြန်မယ်လေဗျာ၊ ပြီးရင် အင်ကြင်းကို ရည်းစားစကားပြောဖို့ စဉ်ရဦးမယ်"

"ဟယ် ... နင်ကတော့လေ"

မဝင်းမာဆီမှ အင်ကြင်း၏ ဖုန်းနံပါတ်တောင်းပြီး ပြန်ခဲ့၏။ နေလယ်ခင်းမို့ တံလျှပ်တွေက လမ်းပေါ်မှာ လှိုင်းထလောင်ကျွမ်းနေကြသည်။ ပူပြင်းသောအချိန်ကြောင့်လား မသိ၊ ကားအသွားအလာပင် ကျဲပါးနေ၏။ တဖြည်းဖြည်း အိုက်စပ်လာသောကြောင့် ကားမစောင့်တော့ဘဲ ဆိုက်ကားဂိတ်သို့ လျှောက်ခဲ့သည်။

ဂိတ်ရောက်တော့ ဆိုက်ကားလေးငါးစီးလောက် တွေ့ရသည်။ ဆိုက်ကားသမားတစ်ယောက်က နှုတ်သွက်လျှာသွက်ဖြင့် ...

"သွားမယ်လေ အစ်ကိုလေး"

"အေး ... သွားတာပေ့ါကွာ၊ ဟိုဘက်ထိပ် ဘယ်လောက်လဲ"

"ရှိုးရှိုးလား, ရှယ်လား အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်ဇော် ကြောင်တောင်တောင် ဖြစ်သွားရသည်။ စီးလေ့စီးထသိပ် မရှိ၍ နားမလည်ပါ။ ရိုးရိုးနဲ့ ရှယ်တဲ့။

''ဘာလဲဟ ... ရိုးရိုးနဲ့ရှယ်က''

''သွားရင် သိရမှာပေါ့ အစ်ကိုလေးရာ ... ဟဲ ဟဲ''

ထိုအချိန်မှာပဲ ...

''ဟေ့ကောင် ပုပ္ပါး ... ပွားမနေနဲ့၊ ရိုးရိုးဆိုရင် ဒီကိုလွှတ်လိုက်၊ ငါ ဒီမှာ လူတစ်ယောက်ရထားပြီ''

''နေစမ်းပါ အဒူလေးရာ ... ဒီအစ်ကိုလေးက ရှယ်စီးမှာကွ''

ခေါ်သံကြားရာသို့ လှည့်ကြည့်လိုက်၏။ ထိုဆိုက်ကားသမား အဒူလေး ရှေ့ခန်းကတင်ထားသည့် အဘိုးကြီးကိုကြည့်ပြီး မျက်လုံးပြူးသွားသည်။ လက်ဖက်ရည်ဆိုင်မှာ သူနှင့်ငြိဖူးသည့် အိုင်စတိုင်းဘော်ဒါကြီး သူ့ကိုပင် တစ်ချက်ကြည့်ကာ မဲ့ပြသေးသည်။ အိုင်စတိုင်းဘော်ဒါကြီးနှင့်တော့ တစ်စီးတည်း အတူမစီးချင်ပါ။ သူက ရိုးရိုးဆိုတော့ ဖြစ်ချင်တာဖြစ် ... ကိုယ်က ရှယ်စီးရန် ဆုံးဖြတ်လိုက်၏။

BURMESE CLASSIC .com

''ကဲကွာ ... ရှယ်ပဲစီးမယ်ကွာ၊ ခေတ်လူငယ်ပဲ''

အသံကျယ်ကျယ်နှင့် အော်ပြောရင်း ''အဖေ့သားတုတ်ကြီး''ဟု စာတန်းရေးထားသည့် ပုပ္ပါးနင်းသော ဆိုက်ကားခေါင်းခန်းပေါ်သို့ ဆောင့်ကြွားကြွားတက်လိုက်၏။ ထိုအချိန်မှာပဲ အိုင်စတိုင်းဘော်ဒါကြီး စီးနင်းလိုက်ပါသွားသည့် အဒူလေးဆိုက်ကားက အရင်ထွက်သွားလေပြီ။

အငြိမ်မနေတတ်သော ခင်မောင်ဇော်က စပ်စုမိသေးသည်။

''ညီလေး ... ခုနက ညီလေးကို ပုပ္ပါးလို့ ခေါ်လိုက်တာ ကြားတယ်''

''ဟုတ်ပါတယ် ... ဘာဖြစ်လို့လဲ အစ်ကိုလေး''





''ဒါနဲ့ မင်းဆိုက်ကားနောက်မှာ အဖေ့သားတုတ်ကြီးလို့ ရေးထားလို့ မေးကြည့်တာပါ၊ မင်းကို တုတ်ကြီးလို့ ခေါ်ကြသေးလို့လား''

အမှန်က ဆိုက်ကားသမား ပုပ္ပါး၏အမည်ရင်းမှာ တင်ဦးဖြစ်၏။ ပုပ္ပါးက နင်းနေရင်း တဟားဟားရယ် ပြီး ...

''မဟုတ်ပါဘူး အစ်ကိုလေးရာ ... အစ်ကိုလေးတစ်ယောက်ပဲ ပေါက်ပေါက်ရှာရှာ မေးဖူးသေးတယ်၊ ဒီလိုဗျ ... ကျွန်တော်တို့လမ်းထဲမှာ အရမ်းဇိဇာကြောင်ပြီး အပေါက်ဆိုးတဲ့ အပျိုကြီးတစ်ယောက် ရှိတယ်၊ ဘယ်သူနဲ့မှလည်း မတည့်ဘူး၊ အဲဒါကို သူက အမေ့သမီးခိုင်ဆိုပြီး စာအုပ်ဆိုင်ဖွင့်တယ်လေ၊ သူ့နာမည်မှာ ခိုင်ပါတာလည်း မဟုတ်ဘူး''

''သူ့နာမည်က ဘယ်လိုမို့လို့လဲ''

''မလှကြည်တဲ့ဗျာ၊ သူ့ဆိုင်နာမည်ကို တမင်လှအောင်များ မှည့်ထားလား မသိပါဘူး၊ အဲဒါနဲ့ ကျွန်တော်လည်း စိတ်ပေါက်ပေါက်နဲ့ သူ့ကောင် ဒီလိုမှည့်သေးတာပဲဆိုပြီး ... ကျွန်တော်လည်း ကျွန်တော့်ဆိုက်ကားကို အဖေ့သားတုတ်ကြီးဆိုပြီး လုပ်ချလိုက်တာ၊ ကျွန်တော့်ဆိုက်ကားဆိုသူ ဘယ်တော့မှ မစီးတော့ဘူး၊ စာအုပ်သွားငှားရင်လည်း ကျွန်တော့်ကို ငှားတော့ဘူးဗျ ... ဟား ဟား''

ခင်မောင်ဇော်လည်း လိုက်ရယ်မိသည်။ အင်းပေါ့လေ ... မလှကြည်တောင် ''အမေ့သမီးခိုင်'' ဖြစ်လို့ရသေးတာ၊ ပုပ္ပါးလည်း ''အဖေ့သားတုတ်ကြီး'' တော့ ဖြစ်ခွင့်ရှိရမည်ပေါ့။ ဒါသည် လူ့အခွင့်အရေးချိုးဖောက်ခြင်း မဟုတ်ပါ။

စီးနင်းလာရင်း ရှေ့မှာ ကုန်းတက်ကြီးမို့ ခင်မောင်ဇော်က ...

''ညီလေး ... ကိုယ်ဆင်းပေးမယ်လေ၊ ကုန်းတက်ကြီး''

''ဟာ ... မဆင်းနဲ့ မဆင်းနဲ့၊ ရှယ်ဆိုတာ ဒါပဲလေ၊ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့် ဆင်းစရာမလိုဘူး''

ပြောရင်း ပုပ္ပါးက အရှိန်ပင် ထပ်တင်လိုက်သေး၏။ ဟုတ်ပါသည်။ ရှေ့နားရောက်တော့ အဒူလေးဆိုက်ကားက ဆင်းတွန်းနေပြီး အိုင်စတိုင်းဘော်ဒါကြီးက လမ်းဆင်းလျှောက်နေရပါသည်။

ခင်မောင်ဇော် အခန့်သားစီးနင်းလိုက်ပါလာသော ဆိုက်ကားက သူတို့ကို ဖြတ်ကျော်စဉ်မှာပဲ အိုင်စတိုင်းဘော်ဒါကြီး၏ ဆိုက်ကားသမား အဒူလေးက . . .

''နင်းထားကွ . . . အဖေ့သားတုတ်ကြီးရ''

ဒီကလည်း မခံပါ။ အဖေ့သားတုတ်ကြီးပဲလေ။ ချက်ချင်း . . .

''ဟေ့ကောင် အဒူလေး . . . မင်းက ရိုးရိုးဆိုတာနဲ့ လမ်းဆင်းလျှောက်နိုင်းတော့တာပဲကွာ၊ တကယ့်ကောင်''

အဖေ့သားတုတ်ကြီးအပြောကြောင့် ရှေ့ခန်းက မိန့်မိန့်ကြီး ခင်မောင်ဇော်ကလည်း . . .

''ဖိမ်ပဲကွာ . . . နောက်ဆို ရှယ်ပဲစီးတော့မယ်၊ ပိုက်ဆံငါးဆယ်လောက်ကို ကပ်စေးနဲ့ပြီး ကြည့်မနေတော့ဘူး . . . အဟား''

''ဟေ့ကောင် . . . ဘာစကားပြောတာလဲ၊ စောင်းပြောတာလားကွ . . . ဟေ''

ဒေါသအိုးပေါက်ကွဲသွားသော အိုင်စတိုင်းဘော်ဒါကြီး၏အသံကို ကြားလိုက်ရသည်။ မျက်ထောင့်ကြီးနီလာသော အဘိုးကြီးကို ခင်မောင်ဇော်က ရယ်ပြရင်း . . .

''မဟုတ်ပါဘူး အန်ကယ်ရာ . . . အိမ်မှာ စာဖတ်စရာလေးရှိလို့ အမြန်ပြန်တာပါ . . . ဟဲ ဟဲ . . . အိုင်းစတိုင်းဆို ဒီအချိန် သူ့အိမ်မှာ စာဖတ်နေကျလေ''





အဘိုးကြီးတော့ သူပြောဖူးသောစကားနှင့်သူ ဆွေ့ဆွေ့ခုန် ကျန်ခဲ့လိမ့်မည်။ သူကတော့ ချွေးမစို၊ နေမထိုးဘဲ ချောချောမောမော အိမ်ပြန်ရောက်သွားပါသည်။

အိမ်ရောက်ရောက်ချင်း မဝင်းမာကြီးပေးလိုက်သည့် ဖုန်းနံပါတ်ကို ရင်ခုန်ခြင်းများစွာဖြင့် နှိပ်ကာ . . .

''ဟလို . . . အင်ကြင်းလား''

''မဟုတ်ဘူး . . . မမ ဖုန်းလာနေတယ်''

အင်ကြင်း၏ညီမ ဖြစ်မည်။ ခဏနေတော့မှ . . .

''ဟလို . . . ဘယ်သူလဲမသိဘူး''

ချစ်စရာအသံလေးကို ကြားလိုက်ရပါပြီ။ ခင်မောင်ဇော်နှင့် အင်ကြင်းဆိုတော့လည်း ဇော်ဇော်နှင့် အင်အင်ပေါ့ဟု တွေးကာ . . .

''ဇော်ဇော်ပါ . . . ခု ပြောနေတာ အင်အင်လား''

''ဘာတွေပြောနေတာလဲ''

''ဇော်ဇော်ပါ . . . ကြားလား၊ ဇော်ဇော်မှအင်အင် ဇော်ဇော်မှ အင်အင် . . . ကြားလား ကြားလား''

အင်ကြင်း ဒေါသထွက်လာဟန်တူသည်။ မာခေါက်ခေါက်အသံနှင့်

''ဒီမှာ . . . ရှင် နှောင့်ယှက်နေတာလား''

''ဟာ . . . မဟုတ်ပါဘူး၊ ဇော်ဇော်လေ အင်အင်ရဲ့၊ မသိသေးဘူးလား၊ လန်ဒန်မှမြေပဲယို လန်ဒန်မှမြေပဲယို . . . ကြားပြီလား၊ သိပြီလား . . . အကြောင်းပြန်ပါ''

''ဖုန်းသရဲလား, အရူးလား မသိဘူး''

''ဟာဗျာ . . . အင်ကြင်းကလည်း ကျွန်တော် ခင်မောင်ဇော်ပါ''

''သိသားပဲ . . . အရူးလိုပဲ''



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးသံ မပါတော့ချေ။ ခင်မောင်ဖော်ပျော်သွား၏။

''ခင်မောင်ဖော် ... ရှင် အားအားယားယား နောက်နေရအောင် ကျွန်မ မအားဘူး''

''ဟုတ်ပါပြီ အင်ကြင်းရယ် ... ကျွန်တော်က ပြောစရာရှိလို့ပါ''

''ဘာကိစ္စလဲ''

''ဩော် ... ခုနက အင်ကြင်းက အရှုံးလို့ပြောသွားမှ သတိရသွားတာ၊ ကျွန်တော် ရှုံးနေပြီဗျ ... သိရဲ့လား''

''ဒါဆိုလည်း ဆရာသကြီးကို ဖုန်းဆက်လိုက်ပေါ့''

အသံက ခွဲ့အီအီလေးမို့ ခင်မောင်ဖော် မနေနိုင်တော့ပါ။ ထို့ကြောင့် ...

''ဆရာသကြီးကို လှမ်းမေးပြီးပြီ အင်ကြင်းရဲ့''

''အမြန်လာခဲ့တဲ့လား''

''မဟုတ်ဘူး ... အဲဒီမှာ ရှိုးရှိုးအရှုံးပဲ လက်ခံတာ၊ အချစ်ရှုံးကို လက်မခံဘူးတဲ့ အင်ကြင်းရယ်''

''ရအောင် ပြောကြည့်ပေါ့ ... လက်ခံမှာပါ''

''ဟုတ်လား ... ပြောကြည့်မယ်နော်၊ နားထောင်ကြည့် ကျွန်တော် အင်ကြင်းကို ချစ်တယ်၊ လက်ခံပါနော် အင်ကြင်း''

''အောင်မာ အောင်မာ ... ရှင် လူလည်မကျနဲ့နော် ... ဟွန်း''

''မလည်ပါဘူး ... အနုတ် အနုတ်ချင်း မြှောက်ချင်တာပါဗျာ''

''ဘာပြောတယ်''

''အင်ကြင်းလည်း ချစ်သူမရှိသေးဘူးလေ၊ ကျွန်တော်လည်း ချစ်သူ မရှိဘူး၊ အဲဒါ အနုတ်လက္ခဏာပဲပေါ့၊ ကျွန်တော်တို့ ပေါင်းလိုက်ရအောင်''





''ဘာမှမဆိုင်ဘူး''

''ဆိုင်တာပေါ့ အင်ကြင်းရဲ့ အနုတ်နဲ့ အနုတ် မြှောက်ရင် အပေါင်းဖြစ်သွားတယ်လေ၊ ဒါမှမဟုတ်ရင်လည်း ရေလိုပဲ တစ်စက်နဲ့တစ်စက်ပေါင်းပြီး **တစ်စက်ပဲဖြစ်ကြပါစို့ အင်ကြင်းရယ် ... နော်''**

''အရှုံး''

''ဟုတ်ကဲ့ ... ခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်''

အင်ကြင်း ဖုန်းချသွား၏။ အရှုံးလို့ပြောကတည်းက အခြေအနေက သိပ်မဆိုးနိုင်ပါ။ ခင်မောင်ဖော်က ဖုန်းစကားပြောခွက်ကလေးကို ပျော်ပြီး နှင်းမိ သည်။ အာပုပ်စော် နည်းနည်းနံသွား၏။ ရှိစေတော့။ အင်ကြင်း၏ ပါးပြင်လေးကတော့ မွှေးနေလိမ့်မည်။ လာမည် ကြာမည်ပေါ့နော်။

''ကိုကို ... သိနေတယ်နော်''

ရုတ်တရက် နန္ဒာ့အသံကြားလိုက်ရသည်။ ပြုံးတီတီလုပ်နေသည့် နှာကိုကြည့်ကာ ...

''နင်က ဘာသိတာလဲ''

''လာမပြောနဲ့ သိပြီးသား''

''ဩော် ... နင်လည်း မော်ဒန်ဂျာနယ်ဖတ်တာကိုး''

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အင်ကြင်းကို ဖုန်းနှင့် ရည်းစားစကားပြောပြီးနောက်ပိုင်း ခင်မေ
ဇော်တစ်ယောက် အပြင်မထွက်ဖြစ်ဘဲ အိမ်တွင်းပုန်းလုပ်နေမိသည်။ ကို
ရည်းစားစကား ကိုယ်တာဝန်မယူချင်လို့၊ ယောကျ်ားလေးပီပီ အရှ
အကြောက်ကြီးနေလို့ မဟုတ်။ တင်ပါးမှာ သွေးစုနာကြီး ပေါက်နေခြ
ကြောင့် ဖြစ်သည်။ အနာကဖြင့် ဝင်းမှည့်နေပြီ၊ ထိုအနာကြီးကိုပင် ခင်မေ
ဇော်က မမြဲသောခန္ဓာကိုယ်၏ ဖောက်ပြန်ခြင်းပုံပင် တရားသဘော နှ
သွင်းမိလေ၏။

ကိုယ့်အဖြစ်နှင့်ကိုယ် ဘယ်မှမထွက်ဖြစ်သောကြောင့်လား မ
ကီဝီနှင့် တာတီးက အိမ်အထိရောက်လာပြန်သည်။

''မင်းပျောက်နေလို့ အိမ်လိုက်လာတာကွ''





ခင်မောင်ဇော်မမေးရဘဲ ကီဝီက ဖြေ၏။ နှစ်ကောင်စလုံးကို မျက်လုံး ပေါ်တင်ကြည့်ရင်း ခင်မောင်ဇော်က . . .

''အေးကွာ . . . အပြင်ထွက်ဖို့မပြောနဲ့ အိမ်မှာတောင် ငါ့မှာ ဖွဖွ လေး ထိုင်နေရတယ်''

''မင်းက ဘာဖြစ်နေလို့လဲ''

''ဘာဖြစ်ရမှာလဲ . . . ဖင်မှာ သွေးစုနာပေါက်နေလို့လေ၊ ဒီနေ့ မနက်ကမှ ပေါက်ထွက်သွားတာ''

''ဟုတ်လို့လား ခင်မောင်ဇော်ရာ''

တာတီးအမေးက မယုံသလို။ ကိုယ့်ဖင်နှင့်ကိုယ် သွေးစုနာပေါက် တာကိုပဲ ညာနေရမည်လားဟု ခပ်ချဉ်ချဉ် တွေးလိုက်မိသည်။ ထို့ကြောင့် သူတို့ဘက်လှည့်ကာ ပုဆိုးလေးလှန်ပြရန် ပြင်လိုက်ပြီး . . .

''ဘာလဲ . . . မင်းတို့က မယုံလို့လား။ ဒီမှာကြည့်လေ''

''ဟာ . . . တော်ပြီ တော်ပြီ၊ စကားအဖြစ်မေးတာပါကွာ''

''အေး . . . ငါကလည်း ပုံနှင့်တကွ ရှင်းပြမလို့လေ''

''စလာပြန်ပြီ မင်းကတော့လေ''

နှစ်ကောင်သား စိတ်မသက်မသာ ဖြစ်သွားပုံရ၏။ ခုမှ ခင်မောင် ဇော်က ဆိုဖာဆက်တီပေါ်မှာ ရှရှလေးထိုင်လိုက်ရင်း . . .

''ဒီသွေးစုနာက နယ်နယ်ရရ မဟုတ်ဘူးကွ''

''လုပ်မနေနဲ့ ဟေ့ကောင် . . . ဘယ်သွေးစုနာမှ ရွှေမထွက်ဘူး ပြည်ပုပ်ပဲ ထွက်တာ''

ကီဝီက ရွံ့ရှာဟန်ဖြင့် မျက်နှာကို မဲ့ရင်းပြောသည်။

ခင်မောင်ဇော်က ဂရုမစိုက်ဘဲ . . .

''ဟုတ်ပါတယ် . . . ရိုးရိုးသွေးစုနာပါပဲ၊ ဒါပေမဲ့ ငါ အင်ကြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားစကားပြောပြီးတဲ့နေ့မှာ စ,ပေါက်လာတာလေ ... မှတ်မှတ်ရရပဲ၊ ငါလည်း အချစ်နဲ့သွေးစုနာဆိုတာ တားလို့မရမှန်း သဘောပေါက်သွားတယ်၊ အဟဲ ... ဒါတင်မကသေးဘူး''

''ပြောစမ်းကွာ ပေါက်တတ်ကရတွေ''

တာတီးက စကားထောက်ပေး၍ ခင်မောင်ဇော်က ရယ်ကျဲကျဲလုပ်ကာ ...

''ငါ့ဆီကို မနေ့က ရပ်ကွက်ထဲက ကောင်လေးတစ်ယောက် အကူအညီ လာတောင်းတယ်ကွ''

''မင်းညီမကို ကြိုက်နေလို့လား''

''ဖွီ ... ဘယ်ကဟုတ်ရမှာလဲ၊ သူလိုက်နေတဲ့ ကောင်မလေးကို ရည်းစားစာပေးမလို့ လာရေးခိုင်းတာ၊ သူလည်း ဝတ္ထုစာအုပ်တွေဖတ်ပြီး တတ်သလောက် ရေးချွတ်ပေးပြီးပြီပေါ့ကွာ၊ အဲဒါကို ကောင်မလေးက ရိုးလွန်းလို့တဲ့၊ ငါ့ကို ထူးထူးခြားခြားလေး ရေးပေးပါဆိုပြီး အားကိုးတကြီး ရောက်လာတာ''

''မင်းက ဆရာကြီးပေါ့ ... ဟုတ်လား၊ ဒါနဲ့ ဘာတွေ ရေးပေးလိုက်လဲ''

''ငါလည်း မနေ့တုန်းက စဉ်းစားတာပဲကွာ၊ ထူးခြားအောင် ဘယ်လိုရေးရမလဲပေါ့၊ အရေးထဲ ဖင်ကလည်း နာနေသေးတယ်''

စကားအဆုံးမှာ နှစ်ယောက်စလုံး စိတ်ဝင်စားလာပုံရသည်။ မအောင့်နိုင်သော ကီဝီက ...

''လုပ်စမ်းပါဦး ... ထူးခြားအောင် ဘာတွေရေးပေးလိုက်လဲ၊ ငါတို့လည်း လိုအပ်ရင် ရေးခိုင်းရတာပေါ့ကွာ''

''ဟုတ်တယ်ကွ ... ပြော''





ဆရာကြီးစတိုင်လ်နှင့်ကြည့်ကာ ခင်မောင်ဇော်က ဖင်လေးကို နေရာရွှေ့လိုက်ပြီးမှ ...

''အင်း ... ဒီမနက်မှ ရေးပေးလိုက်ရတာကွ၊ ဟိုကောင်တော့ တော်တော်သဘောကျသွားတယ်''

''ဘယ်လိုတွေ ရေးပေးလိုက်လို့လဲ''

''သွေးနဲ့လေ ... စာတစ်စောင်လုံး ကောင်မလေးနာမည်ကို သွေးနဲ့ ရေးပေးလိုက်တာ''

''ဟာ''

တအံ့တသြ ရေရွတ်ကြရင်း နှစ်ကောင်သား ခင်မောင်ဇော်ကို မြူးပြုကြည့်ကြသည်။ ပြီးမှ ...

''မင်း မင်းလက်ကို ဓားနဲ့အနာခံလှီးပြီး ရေးပေးလိုက်တာလား''

''ဟာ ... အဲဒီလောက် လုပ်ပါ့မလားကွ၊ ဒီမနက်မှ ငါ့သွေးစုနာကြီးက ပေါက်သွားတာလေ၊ ငါလည်း ပြည်စင်အောင် ညှစ်ရတာပေါ့၊ အဲဒီက ဆက်ထွက်လာတဲ့ သွေးနဲ့ ရေးပေးလိုက်တာ''

'ဝေါ့'

''ဟာကွာ ခင်မောင်ဇော် ... ရွံစရာကြီးကွာ ... ဖွီ''

ခင်မောင်ဇော်က တဟားဟား ထရယ်တော့၏။ အမှန်တော့ သူလည်း ဒီလောက်အထိ မရည်ရွယ်ခဲ့ပါ။ ဟို အကူအညီလာတောင်းသည့် ကောင်ကို ကြည့်မရ၍ တစ်ကြောင်း၊ သူ့အိမ်သို့လာစဉ် သူ့ညီမနန္ဒာကို အားမနာ လျှာမကျိုး လိုက်ငမ်းနေသည်က တစ်ကြောင်းမို့ ကြုံတုန်းလေး သွေးစုနာတစ်ခုကို အရင်းပြုပေးလိုက်ခြင်းဖြစ်သည်။

ဘာတွေဖြစ်လာဦးမည် မသိ။ ဟိုကောင်ကတော့ လက်ညှိုးကို ဓတ်တီးဖြင့် ဟန်ပြစည်းကာ စာပေးရန် ယူသွားလေပြီ။ ဒါတင် မရေးသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော်ထံတွင် ဝက်ခြံတစ်လုံးညှစ်ကာ ရည်းစားစာပေးနည်း၊ ဆံပင်ချည်များဖြင့် ရည်းစားစာပေးနည်း၊ ပန်းသီးတစ်လုံး ဒါမှမဟုတ် သံပရာသီးတစ်လုံးဖြင့် ရည်းစားစာပေးနည်း အစရှိသဖြင့် ရည်းစားစာပေးနည်းများစွာ ရှိသေးသည်။

(မှတ်ချက် – ထိုရည်းစားစာပေးနည်းများကို စိတ်ဝင်စားပါက ခုနစ်စဉ်ကြယ်စာပေတိုက်မှတစ်ဆင့် ရဲမှူးကြီးခင်မောင်ဇော်ထံသို့ ဆက်သွယ်မှာယူနိုင်ပါသည်။)

ရှေ့က တာတီးနှင့် ကီဝီကတော့ သူ့ကို အထူးအဆန်းသတ္တဝါတစ်ကောင်လို ကြည့်နေကြ၏။ ထိုသို့သောရည်းစားစာမျိုး ရေးခိုင်းချင်နေပြီလား မသိချေ။ သို့သော်လည်း မဟုတ်ပါ။

"တော်ပါတော့ ခင်မောင်ဇော်ရာ . . . မင်းကိုတော့ လက်လန်လွန်းလို့ မင်းနဲ့တိုင်ပင်ရမယ့်ကိစ္စတောင် လန့်သွားပြီ"

"မလန့်ပါနဲ့ ကီဝီရာ . . . သူငယ်ချင်းတွေပဲ ကူညီရမှာပေါ့၊ လာ . . . လက်ဖက်ရည်ဆိုင် သွားရအောင်၊ အဲဒီမှာ ပြော"

"ဟင် . . . မင်းက အနာကြီးနဲ့ဆို ထိုင်လို့ရပ့်မလား"

"ရပါတယ်ကွာ . . . ဒီနေ့ပဲ ပေါက်သွားပြီလေ၊ မဟုတ်လည်း လိုက်ရမှာပဲ၊ တစ်အချက်က ငါ အိမ်မှာပျင်းနေပြီ၊ နှစ်အချက်က မင်းတို့ တိုင်ပင်မယ်ဆိုရင် ငါ လက်ဖက်ရည်သောက်ရမယ်၊ သုံးအချက်ကတော့ ငါ့ညီမ ရှိနေတဲ့ ဒီအိမ်မှာ မင်းတို့ကို အကြာကြီး လက်မခံချင်ဘူး၊ လေးအချက်ကတော့ . . ."

စကားပင် မဆုံးလိုက် နှစ်ကောင်စလုံးက ဝမ်းခေါင်းသံကြီးနှင့် အားရပါးရပဲ . . .

"ငါတို့နှစ်ယောက်ကို မင်းညီမ ရွေးရခက်နေမှာစိုးလို့ မဟုတ်လား"





ပြောရင်း တဟားဟားရယ်ကာ အိမ်ပေါ်က ပြေးဆင်းသွားကြတော့သည်။ ဒီတစ်ခါတော့ ခံလိုက်ရ၏။ မမှားသောရှေ့နေ၊ မသေသောအထူးကုပေါ့လေ။ နောက်ဖေးမှာ အဒေါ်နှင့်ထမင်းဝိုင်းချက်နေသည့် နန္ဒာကြား၍သာ တော်သေး၏။

ထိုင်နေကျလက်ဖက်ရည်ဆိုင်မှာ သူကြီးကို တွေ့လိုက်ရသည်။ တောကျိုးကန်းကတော့ ခုနောက်ပိုင်း သိပ်မလာ။ သူ့ရည်းစား ဇာခြည်နှင့်သာ သွားသွားစားစားနေတာက များ၏။

နေက အတော်မြင့်နေပြီမို့ လက်ဖက်ရည်ဆိုင်ထဲမှာ လူသူကျဲပါးနေပြီ။ ဆိုင်ရှေ့သပြေပင်မှ ဖြတ်ဖောက်ကျလာသော အလင်းစက်များကစားပွဲဝိုင်းတချို့မှာ နေရာယူထားကြ၏။ ဆိုင်နာမည် "သပြေရိပ်" ဆိုသည်နှင့်ကိုက်အောင် အခင်းအကျင်း ပြန့်ပြူးသာယာပါသည်။ အစားအသောက်များ ည်းနည်းဈေးကြီးသည်က လွဲလို့ပေါ့။

သူကြီးထိုင်နေသောဝိုင်းမှာပဲ သုံးယောက်သား ဝင်ထိုင်လိုက်ကြပြီး ယ်သူမှ ဘာမှမပြောခင် ခင်မောင်ဇော်က အင်ကြင်းကို ရည်းစားစကား ပြောဖြစ်သွားသည့်အကြောင်းကို လုံးစေ့ပတ်စေ့ ပြောပြလိုက်၏။ ကီဝီက ့သိတ်ဟန်ဖြင့် . . .

"ဩော် . . . မင်းအလှည့်ကျတော့ မင်းရေးတဲ့ရည်းစားစာမျိုး မပေး တော့ဘူးပေါ့ . . . ဟုတ်လား"

"ဟဲ ဟဲ . . . မလိုအပ်လို့ပေါ့ ကီဝီရာ၊ လိုအပ်ရင် မရိုးစာ မသိုး တွေ ပေးရမှာပေါ့"

စကားအဆုံးမှာ သူကြီးက သတိရဟန်ဖြင့် . . .

"ဟော့ကောင် ခင်မောင်ဇော် . . . မင်းရဲ့ အိုင်စတိုင်းဘော်ဒါကြီး ောင် ခုနကမှ ပြန်သွားတာကွ"



www.burmeseclassic.com

www.burmeseclassic.com

''ဟာ ... ဟုတ်လား၊ ခုနောက်ပိုင်း ဒီလူကြီး ဒီဆိုင်ကို သိပ်လာမထိုင်ဘူးနော်၊ ဒါနဲ့ ပြောရဦးမယ်ဗျ''

ထိုသို့အစချီကာ သူနှင့်ဆိုက်ကားဂိတ်မှာ ထပ်ဆုံကြောင်းနှင့် ရိုးရိုးနဲ့ရှယ်စီးကြကြောင်းကိုပါ ပြောပြဖြစ်သေး၏။

သူကြီးက ပြုံးတုံ့တုံ့လုပ်ရင်း ...

''သိပ်လည်း အားရမနေနဲ့ ခင်မောင်ဇော်၊ တော်ကြာ အဘိုးကြီးမင်းကို ချောင်းရိုက်နေဦးမယ်''

''တင်းတော့ တင်းနေမှာပဲနော်၊ ကျွန်တော်လည်း တမင် နောက်နေတာ မဟုတ်ပါဘူး ... ကြုံသွားလို့ပါ၊ ဂါရဝတရားတော့ သိပါတယ်ဗျ''

''ဟုတ်ပါပြီကွာ''

''ကဲ ... မင်းကိစ္စတွေ ပြောပြီးရင် ငါတို့အကြောင်းလည်း ပြောဦးမယ်ကွ''

တာတီးက အူကြောင်ကြောင်စကား ဆိုလာသည်။ သူနှင့် ကိုအကြောင်းကို အူမချေးခါးသိသော ခင်မောင်ဇော်က ...

''မင်းတို့အကြောင်းများကွာ ဘာစိတ်ဝင်စားစရာရှိလို့လဲ၊ ကိုဂျာနယ်လစ်အလုပ်ကို ဦးဆွေးဆံမြည့်တဲ့အထိ လုပ်မယ်၊ မင်းက ခု တထုတ်ဝေရေးလုပ်မယ်၊ အဲ ... မင်း ဟန်းဖုန်းလေးတော့ ရောင်းလိုက်မြင်ယောင်သေးတယ်''

နောက်သလို ပြောလိုက်သော်လည်း တာတီး၏မျက်နှာကြီးအီးမှန်သွားကာ ...

''မဦးမချွတ်ကွာ ... အလုပ်ကိစ္စတွေကို ပြောတာမဟုတ်ဘူးမင်းတို့အိမ်မှာကတည်းက တိုင်ပင်စရာရှိတယ်လို့ ပြောထားတယ်ခုလည်း မင်း နင်းကန်မျိုးဆို့ပြီးပြီ၊ ပြောတာ နားထောင်ဦး''





''ဟုတ်ပါပြီကွာ ... ပြောပါ ပြောပါ''

တာတီး၏မျက်နှာက ရုတ်ခြည်းလေးနက်သွားကာ ကိုဝိုင်ကို တစ်ချက်လှမ်းကြည့်ပြီး ...

''ခုဖြစ်နေတာက ကောင်မလေးတစ်ယောက်ကို ငါနဲ့တာတီးတို့နှစ်ယောက်စလုံး တစ်ပြိုင်နက်ကြိုက်မိသွားတဲ့ကိစ္စပဲ''

''ဟုတ်တယ် သူကြီးရ ... ဒါပေမဲ့ ဒီကောင်နဲ့ကျွန်တော်က ဘာရှောခ်မှ မရှိပါဘူး၊ ခက်နေတာက''

စကားမဆုံးခင်မှာဘဲ ခင်မောင်ဇော်ကဖြတ်၍ ...

''ဘယ်သူလဲကွ ... မင်းတို့ ဒီလောက်ဖြစ်နေရအောင် ဘယ်ကကောင်မလေးလဲ''

''နာမည်က နန္ဒာတဲ့''

''ဘာ ဘာ ... ဟေ့ကောင်''

ခင်မောင်ဇော်အသံက အနည်းငယ် ကျယ်သွားသောကြောင့် ကိုဝိုတာ ကပျာကယာပဲ ...

''ဟာ ... မင်းညီမ နန္ဒာ မဟုတ်ပါဘူး၊ မင်းညီမကို လုပ်ပုံမလားကွ၊ ခုနန္ဒာက စားသောက်ဆိုင်တစ်ခုမှာ အလုပ်လုပ်တဲ့ ကောင်မလေးပါတာတီးက ငါနဲ့စာအုပ်မိတ်ဆက်ပွဲတစ်ခုကို လိုက်လာရင်း တွေ့တာကွ''

ခုမှ ခင်မောင်ဇော်မှာ သက်ပြင်းကျရသည်။ ဒီကောင်တွေနှင့် သူ့ညီမကို ခါးခါးသီးသီး သဘောမတူ၍ မဟုတ်ပါ။ ခုပဲ ဖင်နာတာက ပျောက်သေး။ တစ်သက်လုံး ဖင်ကျိန်းနေရမှာစိုး၍ ဖြစ်သည်။ ခုတော့ သူ့ဖင်ကလေး သက်သာသွားရ၏။

''ကဲ ... မင်းတို့ကိစ္စကို ဆက်ပြောပါဦး၊ ဘာခက်နေတာလဲ''

ပြတ်သွားသည့်စကားကို သူကြီးကဆက်ပေးသည်။ ကိုဝိုကပဲ ...



www.burmeseclassic.com

www.burmeseclassic.com

"အဲ . . . နန္ဒာကဗျာ မင်းညီမ,မဟုတ်တဲ့ နန္ဒာကကွာ ငါတို့နှစ်ယောက်လုံး ကြိုက်နေတာလည်း သိတယ်ကွ၊ ငါတို့လည်း ဘယ်သူရရ ဆိုပြီး နှစ်ယောက်သဘောတူ သွားဖန်တာပဲ၊ တစ်ယောက်တစ်လှည့်စီပေါ့ သူကြီးရာ၊ ခက်နေတာက နန္ဒာက ကျွန်တော်တို့နှစ်ယောက်စလုံး . . . ဒါလည်း တာတီးဖော်တာလား မသိဘူး၊ ကျွန်တော်ကတော့ ကျွန်တော့်ဘက်ကို ကြွေနေပြီလို့ ယူဆတာပဲ"

"အောင်မာ . . . ငါ ဘာမှမဖောဘူး ဟော့ကောင်၊ ငါနဲ့တွေ့ရင် ငါ့ဘက်ကိုလည်း ယိုင်တာပဲလေ"

ချက်ချင်းပင် တာတီးက ဝင်ပြော၏။ ကီဝီကလည်း မခံပါ။ သူ့အကျႌအိတ်ကပ်ထဲမှ ဂက်(စ်)မီးခြစ်အနီလေးတစ်လုံးကို ထုတ်ပြပြီး . . .

"တာတီး . . . ဒီမှာတွေ့လား၊ ငါတို့နှစ်ယောက် ကော်ဖီသွားသောက်တုန်းက နန္ဒာပေးထားတာကွ၊ ဝန်ထမ်းအချင်းချင်း မီးခြစ်မမှားအောင် သူ့နာမည်လေးတောင် ရေးထားသေးတယ်"

ဟုတ်ပါသည်။ ဆတ်ခနဲ ခင်မောင်ဇော်ယူကြည့်လိုက်တော့ သူ့ညီမ မဟုတ်သည့်နန္ဒာဟု လက်ရေးနှင့် နာမည်လေးရေးကာ တိတ်နှင့်ကပ်ထား၏။

တာတီး ထိုမီးခြစ်ကလေးကိုကြည့်ကာ မျက်နှာပျက်သွားသော်လည်း မထီတရီဟန်နှင့်ပင် မီးခြစ်အဝါလေးတစ်လုံးကို ထုတ်ပြပြန်ရင်း . .

"ဒီမှာလည်း မင်းကြည့်လို့ရတယ် ဟော့ကောင် . . . ငါ့ကို လိုအပ်တဲ့အချိန် ခြစ်လို့ရအောင် နန္ဒာပေးထားတာ"

ထပ်ဟုတ်ပြန်သည်။ ကြည့်လိုက်တော့ မီးခြစ်မှာရေးထားသည့် လက်ရေးက အတူတူ။ သူ့ညီမ မဟုတ်သည့် နန္ဒာကတော့ သိပ်မလွယ်ဘူးဟု ခင်မောင်ဇော်တွေးမိသည်။ ခုလည်း နှစ်ကောင်စလုံးကို ညှတုတုလုပ်နေ





ပြီလား မသိ။ ဒီမှာလည်း အချင်းချင်း မျက်နှာပျက်ရတော့မည်။

"ဒါဆို မင်းတို့နှစ်ယောက်စလုံးက ကိုယ့်ကိုယ်ကိုယ် သေချာနေကြပြီပေါ့ . . . အဲဒီလိုလား"

သူကြီးစကားအဆုံးမှာ တာတီးက . . .

"ကျွန်တော့်ကိုပါဗျာ၊ သေချာပါတယ်"

"ငါ့ကိုကွ၊ ငါလည်း သေချာတာပဲ"

နှစ်ယောက်သား ထငြင်းကြပြန်၏။ မတင်းမာသေးသော်လည်း မပျော့ပျောင်းတော့ဟု ဆိုရမည်။ ကိုယ့်အထင်နှင့်ကိုယ် ခုတင်ရွှေနန်းတွေ ဖြစ်နေကြပြီ။

သူကြီးက ဆေးလိပ်ဖွာကာ ခဏမျှစဉ်းစားနေပြီး စကားစလာ၏။ (မိန်းကလေးတွေအပေါ် သူကြီးသဘောထားကို ရှေ့ကလည်း ဆိုခဲ့ပြီးပြီ) ခုလည်း ထုံးစံအတိုင်း . . .

"မိန်းမတစ်ယောက်အတွက်များကွာ ရူးမနေကြနဲ့၊ ဒီလိုပဲ ကောင်းတာတွေ မဟုတ်ဘူး၊ မကောင်းတာမှ စာမျက်နှာဆယ်ရွက်လောက် ပို မကောင်းတာ"

"ဗျာ . . . ဘယ်လို ဘယ်လို"

တာတီးက နားမလည်နိုင်သောဟန်ဖြင့် အရင်မေးလေသည်။

သူကြီးက သက်မကိုချရင်း . . .

"ဒီလိုကွ . . . မန်လည်ဆရာတော်ကြီးရေးတဲ့ မာဃဒေဝလင်္ကာသစ်ကို မင်းတို့လည်း ကြားဖူးမှာပေါ့၊ အဲဒီလင်္ကာသစ်က စာမျက်နှာ လေးရာရှစ်ဆယ့်လေးမျက်နှာပါတယ်။ အေး . . . အဲဒီထဲမှာ ယောကျ်ားမကောင်းကြောင်း ခြောက်မျက်နှာကျော်ကျော်လေးပဲ ပါတယ်ကွ၊ မိန်းမ မကောင်းကြောင်းက ဆယ့်ခြောက်မျက်နှာကျော်တယ်၊ သဘောပေါက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com

ကီဝီနှင့်တာတီးတို့ ပါးစပ်အဟောင်းသားလေး ဖြစ်သွားကြသည်။ သူကြီးကို ငူငူကြီးကြည့်နေကြ၏။

မိန်းမတွေအကြောင်းဆိုလျှင် ပျစ်နှစ်တီကျလွန်းသည့် သူကြီးကို ခင်မောင်ဇော်ပင် လေးစားသွားရ၏။

အင်း ... အနုပညာသမားဆိုတော့လည်း ...

ထို့ကြောင့် တတ်သည့်ပညာ မနေသာဆိုသလို ဝင်ရောက်ဆုံးမ မှ တော်မည်ဟု တွေးမိကာ ...

"ဟုတ်တယ်ကွ ... မင်းတို့ ရှုမနေကြနဲ့ ဟိုကလည်း နှစ်ယောက် စလုံးကို ဘယ်လိုကြိုက်မှာလဲ၊ မင်းတို့ ကိုယ့်ဟာကိုယ် ထင်နေတာပဲ ဖြစ် မှာပါ"

"မဟုတ်သေးပါဘူး ခင်မောင်ဇော်ရာ၊ ငါပြောတာက"

ဖြတ်ပြောလာသော ကီဝီကို လှမ်းကြည့်လိုက်ပြီး ...

"မင်းတို့ ဘယ်သူမှ မပြောနဲ့ကွာ ... ငါပြောပြမယ်၊ ရာဇဝင်ထဲမှာ တောင် ကျွန်စစ်သားက တစ်ယောက်ပဲရှိတယ်၊ နှစ်ယောက်ဖြစ်ချင်လို့ မရ ဘူး။ စကားစပ်လို့ ဟိုတစ်လောက အရှုးဟာသတစ်ခု ဖတ်လိုက်ရသေး တယ်၊ မင်းတို့လိုပဲ ကိုယ့်အထင်နဲ့ကိုယ် နှစ်ယောက်စလုံး ကျွန်စစ်သားဆိုပြီး ထင်နေကြတာ၊ စိတ်ကျန်းမာရေးဆေးရုံမှာပေါ့"

နှစ်ကောင်စလုံး အရှုးနှင့်အနှိုင်းခံ၍ အောင့်သက်သက်ဖြစ်သွား ကြ၏။ ခင်မောင်ဇော်က မညှာမတာ ဆက်ပြောသည်။

"အဲဒါနဲ့ကွာ၊ သူ ကျွန်စစ်သား၊ ငါ ကျွန်စစ်သားဆိုပြီး ရန် ခဏ ခဏ ဖြစ်နေကြလို့ ဆေးရုံအုပ်ကြီးက ဒီနှစ်ကောင်ကို အခန်းထဲ သုံးရက် လောက် ထည့်ပိတ်ခိုင်းလိုက်တာကွ"

"အဲဒီတော့ တစ်ယောက်သေသွားရောလား"





သူကြီးအမေးကို ခင်မောင်ဇော်က ရယ်ဟဟာမျက်နှာထားဖြင့် ...

"သေတော့ မသေပါဘူးဗျာ၊ သုံးရက်ပြည့်လို့ ထွက်လာကြတော့ မေးကြည့်တာပေါ့၊ မင်းက ဘယ်သူလဲဆိုတော့ တစ်ယောက်က ရင်ကော့ ပြီး အရင်အတိုင်းပဲ သူဟာ ကျွန်စစ်သားပဲတဲ့လေ"

"နောက်တစ်ယောက်ကကော"

"အင်း ... သူကတော့ မျက်လုံးလေး ကလယ် ကလယ်နဲ့ ထွက် လာတာ၊ အဲဒါနဲ့ မင်းရောဘယ်သူလဲလို့ မေးကြည့်တော့ အဖြေက ဘာဖြေ တယ်မှတ်လဲ"

"မသိဘူးလေ ... ကျွန်စစ်သားပဲလား"

"ဘယ်ကဟုတ်ရမှာလဲ၊ ရှက်သလို ရွံ့သလိုဟန်လေးနဲ့ သမီးက သမ္ဘူလပါတဲ့"

ရယ်ကြရတော့သည်။ အားရအောင်ရယ်ပြီးမှ သတိဝင်လာသည့် ကီဝီက ရှုတင်းတင်းကြည့်ကာ ...

"ဟာ ဟေ့ကောင် ခင်မောင်ဇော် ... ငါတို့က အဲဒီလို လုပ်ရမှာ လားကွ၊ မင်းကွာ ပြောစရာပုံပြင်ရှားလို့"

"ဟဲ ဟဲ ... အဲလိုမလုပ်ရပါဘူးကွာ၊ ဒါက ဟာသပုံပြင်ပဲ၊ မင်းတို့ကို ရှုမနေကြနဲ့လို့ပြောတာ၊ နန္ဒာနဲ့ မင်းတို့နှစ်ယောက် ထိပ်တိုက်ဆုံ လိုက်ကြပေါ့၊ ပြေလည်သွားမှာပေါ့ကွာ၊ ငါပြန်တော့မယ်"

"ဟင် ... မင်းက ချက်ချင်းကြီး"

"အေးကွ ... မင်းတို့နန္ဒာမဟုတ်တဲ့ ငါ့ညီမနန္ဒာကို သင်တန်း လိုက်ပို့ရဦးမယ်"

"ဘာလဲ ... မင်းညီမ ရည်းစားရသွားမှာစိုးလို့လား"

"မဟုတ်ပါဘူး ... ငါ ရည်းစားရချင်လို့၊ ငါ့ရဲ့အင်ကြင်းလေးက



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသင်တန်းမှာပဲ တက်တယ်လေကွာ၊ ပြင်သက်မရှိ သွားပြီး အဖြေတောင်း ရဦးမယ်၊ . ဟဲ ဟဲ . . . သွားပြီကွ''

■



## အခန်း (၁၁)

မပြောမပြီး၊ မတီးမမြည်ဟု ပြောရတော့မည်လား။ အမှန်တော့ ထိုစကားပုံကိုလည်း သိပ်စိတ်အဆာမပြေလှ။ အပျင်းကြီးသည်ဟု ထင်သည်။ ပြောလျှင်ပြီးရမည်။ တီးလျှင်မြည်ရမည်ပေါ့။ ထားလိုက်ပါ။ ခုတော့ ခင်မောင်ဖော်က ပြောရတော့မည်။ အင်ကြွင်းကို ရည်းစားစကား တရားဝင် ပြောထားမိပြီကိုး။ တရားဝင်ဆို၍ စာချုပ်စာတမ်းနဲ့လားဟု မမေးကြပါနှင့်။ ကိုယ့်စကားကိုယ် တာဝန်ယူရဲလျှင် တရားဝင်ပါသည်ဟု ဖြေပါမည်။

ထို့ကြောင့် အင်ကြွင်းကို ပြောရတော့မည်။ အဖြေတောင်းရတော့မည်။ စကားပုံထဲကအတိုင်း ပြောမှပြီးသွားမည်လေ။ တီးလို့တော့မရ။ အင်ကြွင်းသည် အိုးမဟုတ်သလို သံစုံတီးဝိုင်းလည်း မဟုတ်။ လက်ဖြင့်တီး၍ မရသော အင်ကြွင်းအား ပါးစပ်ဖြင့် တီးရပေမည်။

www.burmeseclassic.com



ထိုသို့သောအတွေးများဖြင့် ဘယ်သူမှမခိုင်းဘဲ ဘယ်သူမှ လိုက်နှောင့်ယှက်သူမရှိသော သူညီမနန္ဒာကို တရုတ်စကားပြောသင်တန်းမှာ သွားကြိုသလိုနှင့် ခင်မောင်ဇော်တစ်ယောက် စောင့်နေမိသည်။

အင်ကြင်းတက်နေသည့် သင်တန်းအောက်က ကင်တင်းလေးထဲမှာဖြစ်၏။ နေလယ်ဦးမို့ အပူချိန်အနည်းငယ် မြင့်တက်လာသည်မှလွဲ၍ ရာသီဥတုက သာယာလင်းပပါသည်။ ဆိုင်ရှေ့က ဗာဒံပင်တွေကို ပွတ်သပ်ပြီး တစ်ချက်၊ တစ်ချက် ဆိုင်ထဲလှည့်ဝင်လာတတ်သည့် လေပြေက အေးမြနေသေး၏။

ခင်မောင်ဇော်ရင်ထဲမှာတော့ မအေးမြနိုင်သေး။ အင်ကြင်းနှင့်မတွေ့ရသေးသောကြောင့်လည်း ဖြစ်သည်၊ သူစောင့်နေသည့် အင်ကြင်းက သင်တန်းချိန် မပြီးသေးပါ။ ကင်တင်းလေးထဲမှာတော့ လာကြိုသူများဖြင့်စားပွဲဝိုင်း လူတွေပြည့်နေကြပြီ။ အများစုက လူငယ်များဖြစ်၍ သူ့လိုပင်ချစ်သူကို လာစောင့်ကြိုနေတာဟု ခင်မောင်ဇော်က ပြီးစလွယ် တွေးမိသေး၏။

ကော်ဖီမစ် ပလိန်းတစ်ခွက်ဖြင့် အစိမ်းသက်သက် စောင့်နေစဉ်မှာပဲ

''အစ်ကို ... ဒီခုံမှာ လူရှိလားမသိဘူး''

အဝတ်အစား ရိုးအပြည့်နှင့် ခပ်ချောချောလူငယ်တစ်ယောက်ကတစ်ယောက်တည်း ထိုင်နေသည့် သူ့ကို လာမေးခြင်းဖြစ်သည်။ ရန်ကုန်ကဆိုင်တွေမှာ ဒီလိုပါပဲ။ ခင်မောင်ဇော်က ခေါင်းအသာခါပြလိုက်၏။

ထိုလူငယ်က သူ့ရှေ့က လွတ်နေသည့်ခုံမှာ ဝင်ထိုင်ပြီး ...

''စတားကိုလာ တစ်လုံးပေး''

ခင်မောင်ဇော်ကို ပြောခြင်းမဟုတ်ပါ။ လာရပ်သည့် စားပွဲထိုးလေးကို မှာနေခြင်းဖြစ်သည်။ အအေးပုလင်းရောက်လာတော့မှ တစ်ငုံသောက်





လိုက်ရင်း ...

''ဟူး ... ခုမှပဲ အမောပြေသွားတော့တယ်၊ မမိမှာစိုးလို့ အတင်းပြေးလာရတာ''

အအေးပုလင်း ခုံပေါ်ပြန်ချကာ သူ့ကိုယ်သူ တစ်ယောက်တည်းရေရွတ်နေပြီးမှ ...

''အစ်ကိုလည်း လာစောင့်တာပဲလား၊ ကျွန်တော့်လိုပေါ့''

''ဟင်''

''ဪ ... ကျွန်တော့်လို ကောင်မလေးလာစောင့်တာပဲလားလို့မေးတာပါ''

''အင်း ... ဆိုပါတော့''

ခင်မောင်ဇော်က ခင်မင်လွယ်တတ်သူမို့ အလိုက်သင့် ဖြေလိုက်သည်။ ခင်မောင်ဇော်၏အပြုံးပါးပါးမျက်နှာကြောင့် ထိုလူငယ်က ရင်းနှီးသောပုံဖြင့် ...

''ပြောသာပြောရတယ်ဗျာ၊ ကျွန်တော်က သူ့အချစ်ကို မရသေးပါဘူး။ လိုက်နေဆဲပါ''

ဘဝတူတွေပဲဟု တွေးလိုက်မိ၏။ သူ့လိုတော့ ကိုယ်က မပြောပြနိုင်ပါ။ သို့သော်လည်း လူငယ်ချင်း အားပေးလိုက်ပါသည်။

''အဆင်ပြေသွားမှာပေါ့ဗျာ၊ သူတို့မှာက ကျွန်တော်တို့လို ရွေးချယ်ပြီး ချစ်သူထားဖို့ အခွင့်အရေးမှ မရှိတာလို့ဘဲ ဖြေတွေးလိုက်ပေါ့''

''ဟာ ... ဟုတ်တယ်ဗျ၊ အစ်ကိုပြောတာမှန်တယ်၊ မမကို ကျွန်တော် ရွေးချယ်ရင်ခုန်ခဲ့တာပါ၊ သူ့ဘက်ကလည်း ရင်ခုန်လာပါစေလို့ပဲဆုတောင်းနေရတယ်''

''ဆုပဲတောင်းမနေနဲ့ဦး၊ မြို့နေတာတွေကို ပွင့်လင်းသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမယ်လေ၊ အချစ်ဆိုတာ သော့ခလောက်လုပ်တဲ့သူတွေကို ရယ်တယ် ဆိုတဲ့ စကားတောင် ရှိသေးတာပဲ''

ခင်မောင်ဇော်က ပွင့်ပွင့်လင်းလင်းပဲ မြှောက်ထိုးပင့်ကော်လုပ်လိုက်သည်။ ထိုစကားကို သူ့ရှေ့ရှိလူငယ်က သဘောအကျကြီးကျကာ . . .

''လန်းလိုက်တဲ့စကားဗျာ၊ အစ်ကိုနဲ့စကားပြောရတာ အကျိုး ရှိသွားပြီ၊ အစ်ကို့ကို ကျွန်တော် လက်ဖက်ရည်တိုက်ပါရစေ၊ ပြီးရင်တော့ မမရင်ထဲက မြူနေတာကို တူးဖော်ရတော့မယ်၊ ကျေးဇူးပဲ အစ်ကိုရာ''

သူကပင် ကိုယ့်ကို လက်ဖက်ရည်တိုက်ပြီး ကျေးဇူးတင်နေသေး၏။ ခင်မောင်ဇော်လည်း ကိုယ့်စကားနှင့်ကိုယ် ဘဝင်မြင့်ချင်သွားသည်။ ကိုယ့်အဖြစ် ကိုယ်မေ့ပြီး ဒီထက်ရင်ဖွင့်လာပါက မိန်းမပိုးနည်းတချို့ကိုပါ ပြောပြချင်စိတ်ပေါက်သွား၏။

သို့သော်လည်း အခြေအနေက သူ့ကိုလည်း ရင်ဖွင့်ခွင့်မပေး၊ ကိုယ့်ကိုလည်း ပို့ချခွင့်မပေးပါ။ အပေါ်ထပ်မှသင်တန်း ဆင်းလာလေပြီ။ လှေကားမှဆင်းလာသည့် လူတချို့ကို ကြည့်ရင်း နှစ်ယောက်သား လှုပ်လှုပ်ရွရွ ဖြစ်သွား၏။

ခုမှ အင်ကြင်းဆိုသည့် အသိလေးက ပြန်ကပ်လာ၏။ စံယော် တစ်ဖူးလို ယိမ်းဆူနေအောင်လှသည့် အင်ကြင်းကိုမျှော်ရင်း ရင်တွေဗလောင် ခုန်လာပါသည်။

သူ့ရှေ့က လူငယ်ကလည်း အသင့်အနေအထားဖြစ်အောင် ကော်ဖီ ထိုးအား ပိုက်ဆံပင် ခေါ်ရှင်းထားလိုက်သေးသည်။ သူ့ကောင်မလေး လာလျှင် ချက်ချင်း ထလိုက်သွားလို့ရအောင် ဖြစ်မည်။

ကိုယ့်ရဲ့အင်ကြင်းကလည်း လာပါပြီ၊ ဘေးက တွဲလာသော မထင်မှတ် မာကြီးကြောင့် ရွှံ့နွံထဲက ကြာဖြူပွင့်လေးလို ပိုပြီး လှပကြည်စင်နေ၏။





သူ့ရှေ့က လူငယ်ကလည်း သူ့လိုပင် မျက်လုံးများ အရောင်လက်ကြီး . . .

''ဟာ . . . မမတော့လာပြီ အစ်ကိုရေ၊ ဟိုရှေ့က အဖြူရောင် ထမီဆက်ကလေးဝတ်ထားတာ ကျွန်တော့်မမလေ၊ ဘယ်လိုလဲ . . . ကျွန်တော်ရွေးထားတာ လန်းတယ်မဟုတ်လား''

ဆိုင်ထဲမှ လှမ်းပြသည်ကိုကြည့်ရင်း ခင်မောင်ဇော် ဇိုးရွဲ့ပျာဝေသွား၏။ ရှေ့ကသတ္တဝါ ရည်ညွှန်းနေသူမှာ အင်ကြင်း၊ မိမိ၏ချစ်သူလေး။ စိတ်ထဲက အလန့်တကြားနှင့် . . .

''ဘယ် . . . ဘယ်ဟာလဲ၊ ဟို ခပ်ဝဝတစ်ယောက်နဲ့တွဲလာတဲ့ အဖြူလေးလား၊ လက်ထဲက ဖိုင်အနီလေး ကိုင်ထားတာလေ''

''ဟုတ်တယ် ဟုတ်တယ် . . . အဲဒါ ကျွန်တော့်မမပဲ၊ သွားတော့မယ် အစ်ကိုရာ၊ ကျွန်တော့်သော့ခလောက်သီးလေးကို ရအောင် သွားဖွင့်တော့မယ်''

သေချာသွားပါပြီ၊ ဆိုင်ရှေ့ကဖြတ်သွားသည့် အင်ကြင်းကို ကြည့်ကာ အားရပါးရပင် ပြောနေသေးသည်။ သူ အားရသလောက် ကိုယ့်မှာတော့ ဒူးကို မားရိုးကမ်းမိနေပြီ။ လူးလူးဆတ်ဆတ် တွေးနေမိစဉ်မှာပဲ . . .

''ကဲ . . . သွားပြီဗျာ၊ နောက်နေ့မှတွေ့မယ်၊ ကျွန်တော့်နာမည် အောင်သန်းဦးပါ အစ်ကို၊ ဆီးယူ ဆီးယူ''

ပြောရင်း အောင်သန်းဦး ဆိုင်ထဲမှ ပြေးထွက်သွားလေ၏။ ကိုယ့်ကိုပင် ဘိုလိုနှုတ်သွားသေးသည်၊ ဒီကောင့်ဆိုလို့ကတော့ နောက်တစ်ခါ ဆီးယူလုပ်ချင်ပါ။ ဒါတောင်မှ ဆီးယူချင်သေးလျှင် ချေးပါ အဆစ်ထုတ်ပေးလိုက်ချင်စိတ် ပေါက်သွားသည်။

ခင်မောင်ဇော် ငူငူငေါင်ငေါင်ဖြစ်နေစဉ်မှာပဲ အောင်သန်းဦးကတော့



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းအား နည်းမျိုးစုံသုံးကာ ဖြားယောင်းနေသည်ကို လှမ်းတွေ့နေရ၏။ သူတို့နောက်ကလည်း ကမူးရှူးထိုး လိုက်မသွားချင်တော့။ အောင်သန်းဦး ဆိုလျှင် အင်ကြင်းလည်း ကြိုက်မည်မဟုတ်ဟု သိထားသောကြောင့် ဖြစ်သည်။ ကိုယ့်ညီမကိုယ် ကြုံပြီး အိမ်ပဲပြန်ခဲ့လိုက်၏။ မပြောရှဲမပြီးခဲ့ရသော နေ့တစ်နေ့လည်း ဖြစ်သည်။

ကိစ္စက ထိုမျှနှင့် မပြီးပြတ်သေးပါ။ နောက်နေ့ထပ်သွားတော့လည်း အောင်သန်းဦးဆိုသည့် လဒလေးက အခန့်သား။ ခင်မောင်ဇော် စိတ်လေ သွားပါသည်။ သူ့ကိုတွေ့တော့ ပျူပျူငှာငှာနှင့်လှမ်းခေါ်ပြီး ကော်ဖီမစ်ပင် လှမ်းမှာပေးနေသေး၏။ ခင်မောင်ဇော်လည်း ဘယ်လိုပြောပြရမည်ကို မသိ တော့။ ပြောရအောင် အင်ကြင်းနှင့်သူက ချစ်သူတွေ မဟုတ်သေး။ အား နာနာနှင့် ဝင်ထိုင်ရသော်လည်း အောင်သန်းဦးနှင့်တွေ့နေရသည်မှာ နေလို့ မီးလို ပူလောင်လှသည်။

အောင်သန်းဦးကတော့ ရေလိုအေးပြီး ပန်းလိုမွှေးသည် ထင်နေ လားမသိ။ အင်ကြင်းကို ဘယ်လောက်ချစ်ကြောင်း အားမနာလျှာမကျိုး ပြောပြနေသေး၏။

''တဖြည်းဖြည်းနဲ့တော့ အဆင်ပြေသွားမယ်ထင်တာပဲ အစ်ကို ရာ၊ ခုထိတော့ မမက ပညာသားပါပါနဲ့ ငြင်းနေတုန်းပဲ၊ ကျွန်တော်ကတော့ လုံးဝ နောက်မဆုတ်နိုင်ဘူးဗျာ၊ နောက်ဆုံး ဖွဲဆုလေးတော့ ရမယ်ထင် တာပဲ ... မဟုတ်ဘူးလား''

''အင်း ... အင်းပေါ့''

အရေးထဲ စိတ်မသက်သာသည့်ကြားက ဒင်းကို ထောက်ခံနေရ သည်။ ဖွဲဆုဟုပင် ဆိုလိုက်သေး၏။ ဒါက သူ့အထင်ဖြစ်သည်။ အင်ကြင်း အမြင်မှာတော့ ခဲနှင့်ထုချင်စိတ် ပေါက်လာပါစေဟု ဆုတောင်းလိုက်၏





ဤမှန်သောသစ္စာစကားကြောင့် ကိုယ်နဲ့အင်ကြင်း အကြောင်းမဆက်ဘဲ ပေါင်းဖက်နိုင်ပါစေသားပေါ့။

''တစ်ခုတော့ရှိတယ် အစ်ကိုရ ... မမက ချစ်သူမရှိဘူးဆိုပေမယ့် သူ့အိမ်က သဘောတူထားတဲ့ လူတစ်ယောက်ရှိတယ်လို့ ကြားတာပဲ။ ဒါကလည်း သိပ်အကြောင်းတော့ မဟုတ်ပါဘူး။ ကျွန်တော်သိသလောက် မမကလည်း ဒီကိစ္စကို စိတ်မပါဘူးနဲ့တူတယ်။ ဘာပဲဖြစ်ဖြစ် လက်မထပ် ရသေးရင် ကျွန်တော့်ဘက်က ကြိုးစားခွင့်ရှိသေးတာပဲ ... မဟုတ်ဘူးလား''

''အင်း''

ခေါင်းကို လေးလေးပင်ပင်ညိတ်ပြရင်း ဒါ ဖာခြည်ပြောတဲ့ ကိုလှ တင် (အဂါဖြိုဟ်) ဆိုတဲ့လူပဲဖြစ်မည်ဟု တစ်ဆက်တည်း တွေးမိလိုက်သည်။ ထိုသို့ အောင်သန်းဦးက အင်ကြင်းကို ဘယ်လောက်ချစ်ကြောင်း ပိုက်ဆံ မပေးရတိုင်း ပြောနေစဉ် ...

''ညီလေးတို့ ... ကိုယ် ခဏထိုင်မယ်နော်''

ပြောသံကြားသဖြင့် သူနှင့်အောင်သန်းဦးတို့နှစ်ယောက်သား မော့ ကြည့်မိသည်။ အသားမည်းမည်း၊ ဗိုက်ရွှဲရွှဲ၊ နဖူးပြောင်ပြောင်နှင့် အပြုံးကို မျက်မှန်နှင့်ရောတပ်ထားသော လူတစ်ယောက်။ သူ့ထက် အသက်အတော် ကြီးမည်ဟု ခင်မောင်ဇော် ခန့်မှန်းမိ၏။

သူတို့ ဘာမှမပြောရသေးခင်မှာဘဲ ဟာဝေယံရုပ် ရွှေရောင် တောက်တောက်ကို ဝတ်ဆင်ထားသည့် ထို မည်း၊ ရွဲ ပြောင်ကြီးက ခုံမှာ ဝင်ထိုင်လိုက်သည်။

''ဒီက ညီလေးနဲ့ ကိုယ် စကားနည်းနည်းပြောချင်လို့ပါ''

အောင်သန်းဦးက သူ့ကို ရည်ညွှန်းပြောလာသောကြောင့် ...

''ဟို ... ဘာကိစ္စများလဲ မသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



မည်း၊ ရွှဲ ပြောင်ကြီးက အပြုံးအိုင့်အိုင့်ဖြင့် ပြုံးသည်။

"ဘာကိစ္စလဲဆိုတော့ ကိုယ့်နာမည်က လှတင်ပါ"

ကျိုင်တော့တက်ပြီဟု သိလိုက်၏။ ပြဿနာက ဟာဝေယံရုပ်ကြီး ဝတ်ကာ ရောက်လာချေပြီ။ အောင်သန်းဦးကလည်း နာမည်ကြားရုံနှင့် ချက်ဆို နားခွက်က မီးတောက်သွားသည်။ မျက်စိပျက်မျက်နှာပျက်နှင့် ...

"ဟုတ်ကဲ့ ... ပြောပါ"

ကိုလှတင်က အောင်သန်းဦးကို အကဲခတ်သလို ကြည့်ပြီးမှ ...

"ပြောရမှာကတော့ ညီလေး အင်ကြင်းနဲ့ ဝေးဝေးနေပေးဖို့ပါပဲ"

"ဘယ်က အင်ကြင်းလဲ မသိဘူး"

အောင်သန်းဦးက ရှုးချင်ယောင်ဆောင်လိုက်၍ ...

"ဘယ်ကလဲ ဟုတ်လား၊ အင်ကြင်း ... မင်းလိုက်နေတဲ့ ပဖင်းစင်းစင်းလေးနဲ့ အင်ကြင်းလေ"

"ဆံပင်ပါဗျာ ... ခင်ဗျားကလည်း"

စကားမှားသွားသဖြင့် ကိုလှတင်ရှက်သွား၏။ ရှက်ရမ်းရမ်းပြီး ...

"အေး ... ပဖင်ပဲဖြစ်ဖြစ်၊ ဆံပင်ပဲဖြစ်ဖြစ် မင်းပတ်သက်စရာ မလိုဘူး"

"ဘာဗျ ... ခင်ဗျားက ဘာမို့လို့ လာအမိန့်ပေးနေတာလဲ"

အောင်သန်းဦး ဆတ်ဆတ်ခါသွားသည်။ မျက်နှာကြီးနီရဲကာ ဒေါ်သဖြင့် ပြောလိုက်သော်လည်း ကိုလှတင်က မဖြုံပါ။ လူကြီးပီပီ ဒေါသထွက် မထွက်စေဘဲ ဟက်ခနဲ တစ်ချက်ရယ်လိုက်သေးသည်။ ပြီးမှ ...

"ဘာဖြစ်လို့လဲဆိုတော့ အင်ကြင်းဆိုတာက ကိုယ့်ရဲ့ ကြင်ယာကြင်ဖက် ဖြစ်လာတော့မှာမို့လို့ပဲ"

ကြင်ယာကြင်ဖက်ဆိုတော့ ကြာရင် ကြက်ဖင် ဖြစ်လာမယ့်သဘော





ပေါ့။ ခင်မောင်ဇော်က ကြားထဲမှ ထိုသို့ဝင်တွေးရင်း အင်ကြင်းကို မြင်ယောင်မိသေး၏။ စူပွစူပွ ဖြစ်နေ၍ မြင်ယောင်ရသည်မှာလည်း မကောင်းချေ။

အောင်သန်းဦးမှာတော့ ခင်မောင်ဇော်လို မတွေးမိ၍ ရှုးရှုးရှားရှား ဖြစ်သွားပြီး ...

"နားမလည်ဘူးဗျာ၊ မမဟာ ခုချိန်မှာ လွတ်လပ်တဲ့အပျို တစ်ယောက်၊ ဒါကြောင့် ... မမကို ကျွန်တော်ချစ်တယ်၊ ဘယ်နည်းနဲ့မှ နောက်မဆုတ်နိုင်ဘူး၊ ဒါ စကားအကုန်ပဲ"

"အေး ... ငါကလည်း စကားအကုန်ပြောလိုက်မယ်၊ မင်း လိုက်နှောင့်ယှက်နေလို့ အင်ကြင်းလေး စိတ်ညစ်နေတယ်၊ ပြီးတော့ ... မင်းလည်း အချိန်ကုန်မှာမို့ နောက်ဆုတ်ဖို့ စေတနာနဲ့ လာပြောတာကွ"

"သွားစမ်းပါဗျာ"

အခြေအနေကတော့ တင်းမာလာချေပြီ။ ဆက်မပေါက်ကွဲခင် သူလည်း အင်ကြင်းကို ကြိုက်နေပါတယ်ဆိုပြီး ဝင်ပါလိုက်ရင် ကောင်းမလား မသိ။ ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်သွားနိုင်သည်၊ ခင်မောင်ဇော်က ခေါင်းထဲမှာ လင်းခနဲ အကြံတစ်ခု ရသွားစဉ်မှာပဲ ကိုလှတင်က မတ်တတ်ထရပ်ရင်း အောင်သန်းဦးကို စိုက်ကြည့်ကာ ...

"သွားမှာပါ ... မင်းပြောစရာ မလိုပါဘူး၊ ငါနဲ့အင်ကြင်းရဲ့မင်္ဂလာပွဲကို အမြန်ဆုံး စီစဉ်ပြုလိုက်ဦးမယ်၊ မင်း စောင့်ကြည့်နေ"

"တောမှာသွားပြောဗျာ၊ ခင်ဗျားစကားက အယားမပြေဘူး"

အောင်သန်းဦးက ဂျစ်ကန်ကန်နှင့် ပြန်ပက်လိုက်လေ၏။ ကိုလှတင်လည်း ဟာဝေယံရုပ်ကြီးနှင့်ပင် ဒေါသတွေပွေ့ပိုက်ပြီး ပြန်ထွက်သွားတော့၏။

အသားတွေက တဆတ်ဆတ်တုန်နေသော အောင်သန်းဦးကျောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com

"ဒါ . . . သက်သက်မဲ့ လာကျောသွားတာဗျ။ ခင်ဗျားလည်း စောင့်ကြည့်နေပါ ဦးလှတင်ရာ၊ အောင်သန်းဦးဆိုတဲ့ကောင်က မစားရတဲ့ အမဲကို သဲနဲ့တော့ မပက်ဘူး။ ဒါပေမဲ့ . . . ဟင်း ဟင်း"

ဆက်မပြောတော့ပေမယ့် အောင်သန်းဦး၏ နာကျင်ခံပြင်းနေသော ပုံစံကိုကြည့်ကာ သက်ပြင်းသာဖွဖွချမိသည်။ ရင်ထဲကိုလည်း လေးလံမှု တချို့ ဖိစီးဝင်ရောက်လာသလို ခံစားလိုက်ရ၏။ အောင်သန်းဦးကို နှုတ်ဆက်ပြီး သူ အရင်ပဲ ထပြန်ခဲ့တော့သည်။

■



## အခန်း (၁၂)

ထိုအကြောင်းများကို ဘယ်သူ့ကိုမှ မပြောပြ၊ မတိုင်ပင်ဖြစ်သေးပါ။ အင်ကြင်းသိအောင် မဝင်းမာကြီးဆီ အကျိုးအကြောင်းသွားပြောလျှင် ကောင်းမလားဟု ဝေခွဲမရဖြစ်စွာတွေးရင်း ခင်မောင်ဇော် ရောက်သွားပါသည်။ သင်တန်းပိတ်ရက်ဆိုတော့ အင်ကြင်းလည်း လာမလားဟု မျှော်လင့်ချက်တလေးက ရှိသေးသည်လေ။

သို့သော်လည်း မဝင်းမာအိမ်သို့ မရောက်မီမှာဘဲ အင်ကြင်းကို ထမ်းမှာ လှမ်းတွေ့လိုက်ရ၏။ ကောင်းသောတွေ့ခြင်းတော့ မဟုတ်။ အောင်သန်းဦးနှင့်အင်ကြင်းကို တွဲပြီးတွေ့လိုက်ရခြင်းဖြစ်သည်။ အောင်သန်းဦးသည် သင်တန်းပိတ်ရက်ကလေးကိုပင် အင်ကြင်းကို အနားမပေးဘဲ ဘာတွေမှန်းမသိ တတွတ်တွတ် လိုက်ပြောနေပြန်၏။ အင်ကြင်းမှာလည်း ခေါင်းတွင်တွင်ခါရ



www.burmeseclassic.com

www.burmeseclassic.com

လွန်းသောကြောင့် နတ်ဝင်သည်လို ဖြစ်၍နေလေပြီ။

သူ့ကိုလှမ်းတွေ့တော့ အင်ကြင်းက အကူအညီရလိုရငြား လှမ်းခေါ်ရန် ပြင်သေး၏။ မဖြစ်ပါ။ လှမ်းမခေါ်မီ နီးရာလက်ဖက်ရည်ဆိုင်ထဲ ပြေးဝင်လိုက်ရသည်။ အင်ကြင်း စိတ်ဆိုးလည်း မတတ်နိုင်တော့။ သူနှင့် အင်ကြင်း သိကြောင်းကို အောင်သန်းဦးအသိခံ၍ မဖြစ်။ ဇာတ်လမ်းက ပိုရှုပ်သွားနိုင်သည်။

ခုတော့ အင်ကြင်းလည်း သူ့အပေါ် ဘယ်လိုမြင်သွားပြီလဲ မသိချေ။ အောင်သန်းဦးပြောသမျှ နားမထောင်ချင်ဘဲ နားဆင်ရင်း လက်ဖက်ရည်ဆိုင်ရှေ့မှ ကျော်သွားလေပြီ။ ခင်မောင်ဇော်လည်း ဆယ်မိနစ်လောက် ထိုင်ပြီးမှ ထလာခဲ့၏။

မဝင်းမာအိမ်ကိုရောက်တော့ အင်ကြင်းက ရောက်နေပြီ။ မဝင်းမာနှင့် ဇာခြည်တို့ခြံရှေ့က လက်ဖက်သုပ်တွေစားပြီး လေပန်းနေကြ၏။ သူ့ကို တွေ့လိုက်ရ၍ အင်ကြင်း မျက်နှာလေးမဲ့သွားသော်လည်း မဝင်းမာကြီးက ပြုံးတုံ့တုံ့နှင့်ပင် ...

"ဟယ် ... ခင်မောင်ဇော်ပါလား၊ လာလေ ... ဒီမှာ အင်ကြင်းလည်း ရောက်နေတယ်ဟဲ့"

နောက်သလိုပြောလိုက်ပေမယ့် အင်ကြင်းက ဂရုပင်မစိုက်။ လက်ဖက်သုပ်အစားပင် မပျက်ပါ။ မည်သို့ပင်ဖြစ်စေ ခင်မောင်ဇော်ရင်ထဲမှာ ကြည်နူးသွားရသည်။ ကိုယ်က သူ့အတွက်စိတ်ပူနေသလောက် အင်ကြင်းတို့က အပူအပင်ကင်းကာ ပေါ့ပါးပျော်ရွှင်နေသောကြောင့် ဖြစ်သည်။ စကားတွေပြောပြီး တဟီးဟီး တဟားဟားပင် ပွဲကျနေကြသေး၏။

မဝင်းမာကိုပြောပြရန် တွေးလာသည့်ကိစ္စကိုပင် မေ့သွားပြီး ခင်မောင်ဇော်က ...





"ဘာတွေများပြောပြီး သဘောကျနေကြတာလဲဗျ"

သူ့အမေးကြောင့် ရင်းနှီးနေပြီဖြစ်သော တောကျိုးကန်း ရည်းစားဇာခြည်က အင်ကြင်းကို မေးငေါ့ပြကာ ...

"ဒီမှာလေ ... အင်ကြင်းရဲ့ ဟာဒယရွှင်ဆေး အချစ်ရေးတွေကို နားထောင်နေတာ"

ဇာခြည်က ရယ်ရင်းပြောလိုက်သော်လည်း ခင်မောင်ဇော် ထူပူသွားရ၏။ ကိုယ်ကလည်း ရည်းစားစကားပြောထားမိသည်ကိုး။ ကိုယ့်ကိုလည်း ဟားနေကြပြီလားဟုတွေးရင်း မချိမဆံ့ ဖြစ်သွားသည်။

"အင်ကြင်းမှာဟယ် အိမ်ကွင်းကော, အဝေးကွင်းကော ပွဲကျပ်တွေချည်း ကန်နေရလို့ပေါ့ ... ဟုတ်တယ်မဟုတ်လား ဒေါ်အင်ကြင်း"

အင်ကြင်းက ပြုံးပြုံးလေးနှင့်ပင် ...

"မဝင်းမာနော် ... နှိုင်းစရာရှားလို့"

"ဟဲ့ ... ဒီလိုပဲ နှိုင်းရတော့မှာပေါ့၊ ကိုလှတင်က အိမ်ကွင်း၊ အောင်သန်းဦးက အဝေးကွင်းလေ ... အဟီး"

အင်ကြင်းက ဘာမှပြန်မပြော။ နည်းနည်းတော့ စိတ်အေးသွားရ၏။ ကိုယ့်အကြောင်းမပါ၍ ဖြစ်သည်။ အင်ကြင်းက သူ့ကို ရည်းစားစကားပြောထားသည်ကို သူ့သူငယ်ချင်းများအား အသိပေးထားသည့်ပုံစံ မရှိသေး။

ထို့ကြောင့် ခင်မောင်ဇော်က ရဲတင်းသွားပြီး ...

"ပွဲကျပ်တွေကန်ရတာ စိတ်ပင်ပန်းတယ်ဗျ၊ တစ်ခါတလေ ချစ်ကြည်ရေးပွဲလေး ဘာလေး ကန်ပေးရတယ်"

သူ့စကားကြောင့် အင်ကြင်းက မျက်စောင်းလှမ်းထိုးရင်း မဆိုင်သောစကားကို ဆိုလာသည်။

"တချို့လူတွေများ ကူညီပေးရမှာစိုးလို့ တွေ့တာနဲ့ကို ရှောင်နေ



www.burmeseclassic.com

www.burmeseclassic.com

တော့တာပဲ''

''ဟာ အင်ကြင်းရယ် ... အဲဒီကိစ္စကို ကျွန်တော်ရှင်းပြပါ့မယ်''

''တော်ပါပြီ''

အင်ကြင်း၏ မကျေမနပ်အပြောကို မဝင်းမာက နားမလည်စွာဘဲ

''ဘာတွေလဲဟ ... နင်တို့ဟာတွေက''

''ဘာမှမဟုတ်ပါဘူး''

နှစ်ယောက်စလုံး ပြိုင်တူအသံထွက်သွား၏။ မဝင်းမာက မျက်လုံး အပြူးသားနှင့် ထပ်ကြည့်၍ အိုးတိုးအမ်းတမ်း ဖြစ်ကုန်ကြသည်။

ခင်မောင်ဇော်ကပဲ ...

''ဒီလိုပါ မဝင်းမာရယ်''

''ဘာမှ လာရှင်းပြမနေနဲ့ ... ရှင်ရှင်းရင် ပိုရှုပ်ရှုပ်သွားလွန်းလို့''

ဟိုးအရင်တုန်းက နှစ်ရာကိစ္စကို ရည်ညွှန်းပြီးပြောဟန် တူသည်။ ခင်မောင်ဇော်လည်း ချစ်သူအမိန့်ဟု ကျူးကျူးကျော်ကျော်တွေးပြီး ငြိမ်နေလိုက်၏။ ထိုအခါမှ အင်ကြင်းက လတ်လတ်ဆတ်ဆတ်အဖြစ်အပျက်ကို ရေခဲမရိုက်တော့ဘဲ ထုတ်ပြောပြလေသည်။

ဇာခြည်က သူတို့နှစ်ယောက်ကို ဖြစ်စေချင်သောပုံစံဖြင့် ... (ခင်မောင်ဇော်က တစ်ဖက်သတ်တွေးခြင်း ဖြစ်သည်။)

''နင်တို့ဟာတွေကလည်း ကိုရီးယားကားကျနေတာပဲ''

''လာပြန်ပြီ ... နင်တို့ဟာလေ ထစ်ခနဲဆို ကိုရီးယားကားနဲ့ ချိန်ထိုး ဖို့ပဲ စဉ်းစားနေတယ်''

မကျေမချမ်း ပြန်ပြောလိုက်သည့် မဝင်းမာကို ဇာခြည်က မျက် စောင်းထိုးပြီး ...

''ဘာဖြစ်လဲ ... လူတိုင်း ကိုရီးယားကား ကြည့်နေတာပဲ၊ သူ့ဘာ





တော့ မကြည့်တာကျနေတာပဲ''

''မကြည့်တူးဟေ့ ... အမြင်ကတ်လွန်းလို့ ငါ အခု ကျင်းပပြီးသွား တဲ့ တရုတ်က အိုလံပစ်ပွဲအခွေ ပြန်ကြည့်နေတယ်''

တရုတ်ဆိုသည့်အသံ ထွက်လာ၍ အင်ကြင်းကပါ မဝင်းမာကို မျက်စောင်းဝင်ထိုးသည်။ မဝင်းမာကို တရုတ်ခရေဇီမှန်း မသိသေးသော ခင်မောင်ဇော်ကတော့ သတိမထားမိ။ ဒါကိုပင် အခွင့်ကောင်းယူကာ မဝင်းမာ က ...

''ဟဲ့ ခင်မောင်ဇော် ... နင်ရော တရုတ်အိုလံပစ်ပွဲ ကြည့်ဖြစ်သေး လား''

''အင်း ... ကြည့်ဖြစ်ပါတယ်၊ တီဗီမှာ လာနေတော့လေ''

မဝင်းမာက ပြုံးပြုံးကြီးလုပ်ကာ ...

''အရမ်းစည်တာပဲနော်၊ ပြောရရင်တော့ တရုတ်တွေမွှဲပဲ''

''ဗျာ''

''ဩော် ... ဆုအများဆုံး တရုတ်တွေပဲရတာလေ''

''ဒီလိုလား''

ခင်မောင်ဇော်မှာ ဘာမသိ၊ ညာမသိနှင့် ထောက်ခံနေရသည်။ အကြောင်းသိဇာခြည်က မခံစားနိုင်ဟန်ဖြင့် ...

''နင် နားငြီးဖို့သာပြင်ထား ခင်မောင်ဇော်ရေ့ မဝင်းမာက မျိုးချစ် စိတ်ဓာတ်မကြီးဟ''

''ဇာခြည်မနော်၊ ဘာဖြစ်လဲ ... ငါက တရုတ်မို့လို့ တရုတ်ချစ်တာ၊ ဘာမှ မနာလိုဖြစ်စရာ မလိုဘူး။ မယုံရင် နင် အိုလံပစ်ပွဲ ကြည့်ကြည့်ပါလား''

''မကြည့်နိုင်ပါဘူး ... တရုတ်က လုပ်တဲ့ပွဲဆို ပိုပြီးမကြည့်ချင်ဘူး''

လက်ဖက်သုပ်စားနေရင်း ဇာခြည်က ပြန်ပက်သည်။ စားလက်စ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်သုပ်တွေနဲ့တော့ မဟုတ်။ စကားဖြင့် မခံချင်အောင် ဆွပေးခြင်း ဖြစ်သည်။ တရုတ်ကသိလျှင် ထိုစကားကြောင့် ရင်ကျိုးသွားနိုင်သည်။ အနေအထားကိုကြည့်ကာ ခင်မောင်ဇော်က မဝင်းမာ တရုတ်ခရေစီဆိုတာကို သဘောပေါက်သွား၏။

"အောင်မယ်လေး ... ဖြစ်မှဖြစ်ရလေ၊ နင်မကြည့်ချင်လည်း တစ်ကမ္ဘာလုံး လာကြည့်တဲ့သူတွေ ပေါလို့ ... နော် ခင်မောင်ဇော်၊ ဖွင့်ပွဲနေ့က များ ဟို ... အိုလံပစ်သင်္ကေတ ကွင်းငါးကွင်းဆက်နေတာကို မီးပန်းတွေနဲ့ သရုပ်ဖော်ပြတာ အရမ်းလှတာပဲနော်"

"အင်း အင်း"

ခင်မောင်ဇော်မှာ ထောက်ခံရပြန်သည်။ မသိလျှင်တော့ သူနှင့် မဝင်းမာက တရုတ်ပြည်အထိ အိုလံပစ်ပွဲ သွားကြည့်ခဲ့သလိုပင်၊ အိုလံပစ်ဈေး ကိုရိုးယားကားပါ စိတ်မဝင်စားသည့် အင်ကြင်းကတော့ ပြုံးတုံ့တုံ့နှင့် ငြိမ် နေသည်။

ငြိမ်မနေနိုင်သည့် ဇာခြည်ကတော့ ...

"နေစမ်းပါဦး ... အဲဒီ ကွင်းငါးကွင်းကိုကော ဘာသင်္ကေတလဲ မဝင်းမာသိလို့လား"

"ဒါများဟယ် ... ဘယ်ကလေး သွားမေးမေး တိုက်ကြီးငါးတိုက် ကို ကိုယ်စားပြုထားတာပေါ့ဟဲ့"

"တိုက်ကြီးခြောက်တိုက်ပဲ ကြားဖူးပါတယ် မဝင်းမာရယ်"

တစ်ခွန်းမကျန် ပြန်ပက်နေသည့် ဇာခြည့်ကို မဝင်းမာက မျက် တင်းနှင့်ကြည့်ပြီး ...

"အဲဒါတော့ ငါလည်းသိတာပေါ့ဟဲ့၊ အန္တာတိကတိုက်က ... အမျိုးတွေ လာကစားမှာမို့လို့လား"





ဇာခြည့်ခမျာ အောင့်သက်သက်နှင့် ခံလိုက်ရ၏။

ခင်မောင်ဇော်က မနေတတ် မထိုင်တတ်ဘဲ ကြားဝင်ကာ ...

"တကယ်တော့ အဲဒီသင်္ကေတက ဟိုးအရင်တုန်းက မရှိဘူးဗျ"

"ဘာဖြစ်လို့လဲ"

"ပထမဆုံး အိုလံပစ်ပွဲတော်က ဂရိမှာ ကျင်းပတာလေ၊ အဲဒီတုန်းက ကိုက်နှစ်ရာပြေးပွဲတစ်ခုပဲ ပါတာ"

"အင်း"

"၁၈၉၆ ခုနှစ်မှာမှ ကမ္ဘာ့အိုလံပစ်ပွဲတော် စတာ၊ အဲဒီတုန်းက တောင် ဆယ်ရက်ပဲကြာတယ်၊ ပြီးတော့ နိုင်ငံဆယ့်သုံးနိုင်ငံက ကစားသမား သုံးရာနီးပါးလောက်ပဲ ပြိုင်ကြတာ"

"ဒီလိုလား ... ဒါဆို ကွင်းသင်္ကေတတွေ ဘယ်ရှိဦးမလဲနော်"

"ဒါပေါ့ မဝင်းမာရဲ့"

"ခင်မောင်ဇော်"

"ဗျာ"

"နင်က မဆိုးဘူးပဲ ... အိုလံပစ်ရာဇဝင်တွေ ဘာတွေ သိသားပဲ"

"ဟဲ ဟဲ"

"ဟဲ့ ခင်မောင်ဇော်"

ခင်မောင်ဇော်က ရယ်နေလိုက်၍ မဝင်းမာက စကားစရှုံပြင်ဖို့ တစ်ခါတော့ ငြိမ်မနေ၊ ကြားနေမပေးနိုင်တော့ပါ။ တတ်သိသလောက် သည်း ပြောပြပြီးပြီ။ ထို့ကြောင့် အင်ကြင်းကို ဆတ်ခနဲ ကြည့်လိုက်ပြီးမှ မဝင်းမာအား ...

"မဝင်းမာ"

"ဟေ ... ဘာလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရီးယားကားလည်း ပြီးပြီ တရုတ်အိုလံပစ်လည်း ပြီးပြီဆိုတော့ မြန်မာဗီဒီယိုဘက် လှည့်ရအောင်"

အားလုံး အူကြောင်ကြောင် ဖြစ်သွားကြ၏။ အင်ကြင်းဆို မျက်လုံးလေး အပြူးသားနှင့်။

ဇာခြည်က . . .

"ဘယ်လို . . . မြန်မာဗီဒီယို ဟုတ်လား"

"အင်းလေ . . . မဝင်းမာက အိမ်ရှင်ဗီဗီ ဟဲ့ . . . နင်တို့နေကြဦး ဒီ အိမ်ထဲမှာ စားစရာထပ်သွားယူဦးမယ်ဆိုပြီး ထသွား၊ ခဏနေတော့ ဇာခြည်ကပါ မဝင်းမာကြီးကလည်း ကြာလိုက်တာပဲဆိုပြီး ထပ်လိုက်သွား။ အဲဒီတော့မှ"

"ငါ သဘောပေါက်ပြီ၊ သဘောပေါက်ပြီ၊ နင်တို့ ခဏနေကြဦးနော်"

ချက်ချင်းပင် ဖိုးဖိုးဆတ်ဆတ် ထသွားလေ၏။ ဇာခြည်ကလည်း မြန်မာဗီဒီယိုထဲကလို ခဏမျှပင် မစောင့်ဘဲ . . .

"အဟီး . . . ငါလည်း သွားပြီ"

ဘယ်သူမှမရှိတော့မှ ခင်မောင်ဇော်က အင်ကြင်းကို ရွှန်းရွှန်းစားစား ကြည့်ကာ . . .

"အင်ကြင်း"

"ဘာလဲ"

လေသံက ရှက်နေသံမဟုတ်ချေ။ မာခေါက်ခေါက်ပင် နိုင်ဓလေ့ သေးသည်။

ထိုသို့ မမာနိုင်သော ခင်မောင်ဇော်ကပဲ သတ္တိနည်းစွာ လေသံလျှော့ လေးဖြင့် အသနားခံရတော့သည်။





"ဟိုလေ . . . ကျွန်တော့်ကို အဖြေမပေးသေးဘူးလား"

"ဘာအဖြေလဲ ဘာအဖြေလဲ"

မာခေါက်ခေါက်မှ ဘောက်ဆတ်ဆတ်ထပ်ဖြစ်လာပြီ၊ ခင်မောင်ဇော် လည်း အသနားခံရာမှ အသည်းကွဲသမားလို . . .

"အဲဒီလို မပြောပါနဲ့ အင်ကြင်းရယ် . . . ကျွန်တော် အင်ကြင်းကို လူပျိုစကားပြောပြီးတဲ့နေ့ကပဲ အရမ်းခံစားနေရတာ"

"ဩော် . . . ဟုတ်လား"

ဘောက်ဆတ်ဆတ်မှသည် ခနဲ့သလို ဖြစ်လာပြန်၏။ ရပါသည်။

"ဟုတ်တယ် အင်ကြင်းရဲ့ . . . အဲဒီနေ့က တင်ပါးကြီးရောင်ကိုင်း လာတာ"

"ဘာပြောတယ်"

"သွေးစုနာလေ . . . ညှော်မိသွားလို့နဲ့ တူပါတယ်"

"နေစမ်းပါဦး . . . ရှင် ဘာတွေလာပြောနေတာလဲ"

"မသိဘူးလေ . . . ကျွန်တော် ခံစားနေရတယ်ဆိုတော့ အင်ကြင်းက ဟုတ်လားဆို၊ တကယ်ပါဗျာ . . . နည်းတာကြီး မဟုတ်ဘူး။ မှည့်တာ တောင် မပေါက်ဘဲ မြုံနေသေးတယ်။ ကျွန်တော့်မှာ မညှစ်ရဲလို့ မျက်စဉ်း ဆေးပုလင်းဝတော့ပြီး ထိုင်ချလိုက်ရတာ၊ အီဆိမ့်နေတာပဲ"

မျက်နှာအမူအရာပါ လုပ်ပြလိုက်၍ အင်ကြင်းက ရယ်ချင်ဟန်ဖြင့်

"ရွံစရာကောင်းလိုက်တာ . . . တကယ်ပဲ"

"ဟုတ်တာပေါ့ . . . အင်ကြင်းလည်း ရွံစရာကောင်းအောင် မလုပ်နဲ့ ပေါ့"

"အောင်မာ . . . ကျွန်မမှာ ဘာသွေးစုနာမှ မပေါက်ဘူး။ အနှံ့သန့် လေး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်ရေသန့်ရှင်းရေးကို စော်ကားသည်ထင်ပြီး အင်ကြင်း ဆတ်ဆတ်ထိမခံ ဖြစ်သွား၏။

"မဟုတ်ဘူးလေ . . . ကျွန်တော်ပြောတဲ့သဘောက အချစ်ဆိုတာ သွေးစုနာလို ရင့်မှည့်လာရင် မြှုနေလို့ မကောင်းဘူး။ အဲဒါကြောင့် အင်ကြင်းကို အဖြေပေးပါလို့ ပြောတာ၊ မြှုမနေပါနဲ့ အင်ကြင်းရယ်"

"ဘာပြောတယ်၊ ကျွန်မက ဘာကိုမြှုနေလို့လဲ . . . စကားကိုက"

မျက်နှာလေးရဲရဲနီသွားသောကြောင့် ခင်မောင်ဇော်က ကပျာကယာပဲ . . .

"ဟာ . . . ဆောရီး ဆောရီး၊ အင်ကြင်းကို မျိုသိပ်မနေပါနဲ့လို့ ပြောတာ . . . အဟဲ"

"ဘာမှ မျိုသိပ်နေစရာ မလိုဘူး။ ရှင်းရှင်းပြောရရင် ရှင်ပြောထားတာကိုတောင် ခေါင်းထဲမှာမရှိဘူး"

ထိုစကားကိုတော့ ခင်မောင်ဇော် နာကျင်စူးအက်သွားမိသည်။ အင်ကြင်းကို စိုက်ကြည့်လိုက်ပြီး . . .

"အဲဒီလိုတော့ မပြောပါနဲ့ဗျာ၊ ကျွန်တော် အင်ကြင်းကို လေးလေးနက်နက် ချစ်တာပါ၊ ပြီးတော့ အင်ကြင်း စိတ်ရှုပ်စရာတွေ ရှိမှန်းသိလို့ ပျော်စေပါးစေ ပြောမိတာ"

အင်ကြင်း တွေတွေငေးငေးလေး ဖြစ်သွားသည်။ ကျွန်မ,ပြောတာလည်း နည်းနည်းရိုင်းသွားတယ်ဟု၍ ပြောမလား စောင့်ကြည့်သော်လည်း မပြောချေ။

ထိုအချိန်မှာပဲ မဝင်းမာနှင့် ဇာခြည်တို့က ကသောကမျော ပြန်ရောက်လာကာ သူတို့ရှေ့မှာ ထိုင်ချလိုက်သည်။ ခင်မောင်ဇော်လည်း ဟာခနဲဖြစ်သွားပြီး ခေါင်းကိုငုံ့လိုက်ရ၏။





မဝင်းမာက ပိပိပြားပြားမထိုင်သေးဘဲ (အခြေအနေကို အမြန်ဝင်ထိန်းဟန်တူသည်)

"နင်တို့ကလည်းဟယ် ပြေပြေလည်လည် လုပ်ကြပါ၊ ရန်သူတွေကျနေတာပဲ"

"မဝင်းမာတို့ ချောင်းနားထောင်နေတယ်ပေါ့လေ"

"နားစွန်နားဖျားပါဟာ၊ ဟဲ့ ခင်မောင်ဇော် . . . ခေါင်းကိုဖော်ဦးလေ၊ အင်ကြင်းက မရှက်ရဘဲ နင်က ဖြစ်နေရတယ်လို့"

ခင်မောင်ဇော်က ခေါင်းမဖော်သေးချေ။ ခေါင်းငုံ့ထားရင်းက . . .

"ဟင့်အင်း . . . မဖြစ်ဘူးဗျ"

"အံမယ် . . . ကြီးကျယ်မနေပါနဲ့"

"ဟာ . . . ကြီးကျယ်နေတာ မဟုတ်ဘူး။ ဟာဗျာ . . . ဒုက္ခပါပဲ၊ အင်ကြင်း အင်ကြင်း . . . မဝင်းမာကို ကြည့်ကျက်ပြောလိုက်စမ်းပါ"

အင်ကြင်းလည်း ကြောင်တက်တက်နှင့် မဝင်းမာကို ကြည့်လိုက်တော့ . . .

"ဟယ်"

အခြေအနေတွေက ဝရုန်းသုန်းကားဖြစ်သွား၏။ မဝင်းမာ အောက်စလွတ်နေခြင်းပင်။ မလန့်ကြပါနှင့်။ ဘာမှမပေါ်သလို ခင်မောင်ဇော်လည်း ဘာမှမမြင်လိုက်ပါ။ မြင်မှာစိုး၍ ခေါင်းငုံ့ချလိုက်ခြင်း ဖြစ်သည်။

အခြေအနေတွေ ငြိမ်သက်သွားမှ (မဝင်းမာ ပိပိပြားပြား ဖြစ်လောက်မှ)

"မဝင်းမာ . . . ကျွန်တော် ဘာမှမမြင်ဘူးနော်"

"ငါသိပါတယ်ဟဲ့၊ ငါလည်း အောက်မှာ ရှော့ပင်ဝတ်ထားတယ်"

မဝင်းမာက ရှက်ရှက်နှင့်ပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အားလုံး ရယ်မိကြတော့၏။

"ကျွန်တော့်ကိုစွလေးတောင် ဘယ်ရောက်သွားမှန်းမသိဘူး။ မဝင်းမာ ဓာတ်ပုံရိုက်နေတာနဲ့"

"ဟဲ့ . . . တော်တော့၊ တကယ်ဆိုရင် အင်ကြင်းကလည်း စဉ်းစားပေးလိုက်ပေါ့ဟာ၊ ဟုတ်တယ်မဟုတ်လား"

ပေါ်တင်ကြီး အောင်သွယ်လုပ်လိုက်သဖြင့် အင်ကြင်းက . . .

"ဒီလောက် ဖြစ်နေရတဲ့ကြားထဲမှာ မဝင်းမာရယ်"

"ဟဲ့ . . . ငါလည်း ဘာမှမပေါ်လိုက်ပါဘူး။ နင်ကလည်း"

"အာ . . . မဝင်းမာကိုပြောတာ မဟုတ်ဘူး၊ ကျွန်မ ကျဉ်းထဲကျပ်ထဲ ရောက်နေတာကိုပြောတာ"

"ဟုတ်ပ . . . အရေးထဲ သူက သူ့တရုတ်ပစ္စည်း ကြော်ငြာချင်သေးတယ်"

ဇာခြည့်စကားကြောင့် ရယ်ကြရပြန်သည်။

"ဒါဆိုလည်း ဒီလိုလုပ်ဟာ"

စဉ်းစားနေသည့်ဇာခြည်ကို မဝင်းမာက . . .

"ဟဲ့ . . . ပြောလေ"

"ဒီလိုလေ . . . ခုလောလောဆယ် အင်ကြင်း သူ့အိမ်ကိုပြောထားတဲ့ တစ်လကလည်း ပြည့်တော့မယ်မဟုတ်လား"

"အင်း"

"မထူးတော့ပါဘူးဟာ၊ နင်လည်း ကိုလှတင်ကို မယူချင်တာဘဲ ခုကိစ္စ ပြေလည်သွားအောင် ခင်မောင်ဇော်က ခဏဟန်ဆောင်ပေးလိုက်"

"အာ"

"အတည်ဆိုလည်း ရပါတယ်"





ဝင်ပြောသည့် ခင်မောင်ဇော်ကို အင်ကြင်းက မျက်စောင်းထိုးကြည့်သည်။

"နေပါဦးဟယ် . . . နင်တို့ကိစ္စကို နောက်မှညှိကြ၊ ခုလောလောဆယ် ခင်မောင်ဇော်က ကူညီလိုက်၊ အင်ကြင်းကလည်း ခင်မောင်ဇော်ကို အကောင်းဆုံး စဉ်းစားပေးလိုက် . . . ဟုတ်ပြီလား၊ ရွေးစရာ ဒီလမ်းပဲ ရှိတော့တယ်"

"အင်ကြင်း သဘောတူရင် ကျွန်တော် ကူညီပေးနိုင်ပါတယ်၊ အဲဒီအတွက် ကျွန်တော့်ကို ဘာမှထည့်စဉ်းစားပေးစရာ မလိုပါဘူး။ အင်ကြင်းရဲ့ ဆန္ဒပါပဲ၊ ကျွန်တော်က သူငယ်ချင်းတစ်ယောက်လို ကူညီတာပါ"

ဖြည်းဖြည်းလှည့်လာသော အင်ကြင်းမျက်ဝန်းများက သူ့ရင်ဘတ်ထဲအထိ ထိုးဖောက်ရှုစမ်းနေကြသည်။ အချစ်၊ အမုန်းတို့ထက် ဘာခံစားချက်မှ မပါဘဲ ကောင်းကင်တစ်ခု ပကတိပြာစင်နေသလိုမျိုး။ အင်ကြင်းကိုကြည့်ကာ အားလုံး တိတ်ဆိတ်နေကြ၏။

ခင်မောင်ဇော်လည်း ပင့်သက်ကိုရှိုက်ကာ ပြုံးပြရင်း . . .

"ကျွန်တော် အခွင့်အရေးသမား မဟုတ်ပါဘူး အင်ကြင်း။ သိပ်လည်း မစူးစမ်းပါနဲ့၊ ရိုးရိုးသားသားပဲ ကူညီတာပါ၊ အချစ်ဆိုတာ အလယ်အလတ်လမ်းစဉ်မဟုတ်မှန်း ကျွန်တော်သိပါတယ်၊ အင်ကြင်း ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် တရားပြီးသားပါ၊ မိန်းကလေးတစ်ယောက်ရဲ့ အခွင့်အရေးကို ကျွန်တော် လေးစားလက်ခံရမှာပဲလေ"

အိမ်ထဲကို စီးဝင်လာသည့် လေပြည်ကြောင့် အင်ကြင်း၏ ဆံစဝင်းဝင်းလေးများ လွင့်ခါသွားကြသည်။ ဆုံးဖြတ်ရခက်နေသော မျက်နှာလေးက တစ်စစ တည်ငြိမ်လာသည့်ရေပြင်လို အေးခဲသွားပြီး . . .

"အင်းလေ . . . ရှင့်အကူအညီကို ကျွန်မ လက်ခံပါ့မယ် ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

ရှင် စဉ်းစားချင်သေးလည်း ရတယ်နော်''

''မစဉ်းစားတော့ပါဘူး၊ မနက်ဖြန် အင်ကြင်း အချိန်ရမလား''

''ဘာလုပ်မလို့လဲ''

''အင်ကြင်းတို့က သင်တန်းရှိတယ်လေ၊ အချိန်ရရင် နှစ်ယောက်တည်း တွေ့ချင်လို့''

''ရှင်''

အင်ကြင်းက သူ့ကို အလန့်တကြား ထပ်ကြည့်သည်။ ခင်မောင်ဇော်က ရယ်ကျဲကျဲလုပ်ပြီးမှ . . .

''သိပ်လည်း မလန့်ပါနဲ့ဗျာ၊ ကျွန်တော်က ဟန်ဆောင်ရမယ်ဆိုတော့ အင်ကြင်းတို့အိမ်နဲ့ပတ်သက်တာတွေကို အသေးစိတ်သိထားသင့်တယ် မဟုတ်လား၊ ဒါကြောင့်မို့ပါ''

မျက်နှာပေါ် အားနာဟန်လေး ဖြတ်ပြေးသွားပြီးမှ အင်ကြင်းက . . .

''ဒါဆိုလည်း မနက်ဖြန် ဒီမှာပဲ တွေ့မယ်လေ၊ ကျွန်မ သင်တန်းဖျက်လိုက်မယ်''

''မယုံရင်လည်း အဖော်ခေါ်ထားလိုက်ပေါ့ . . . ဟုတ်လား''

ဒီတစ်ခါ မျက်စောင်းလေးက ဘာအရောင်မှ ထပ်ပြီးစိမ့်ဝင်မနေတော့ပါ။ ခင်မောင်ဇော်ရင်ထဲမှာ ဖြူဖြူလေး ကြည်နူးသွားရ၏။

အချစ်ဆိုတာ လိုအပ်လျှင် အတွာဖြူဖြူများသုံးရန် နှလုံးသားကို ဘယ်ကျမ်းအစောင်စောင်နှင့်မှ ချိန်ထိုးနေစရာမလိုကြောင်း နောင်ဘုရားပွင့်သော ကမ္ဘာမှာလည်း ပြဋ္ဌာန်းထားပါလိမ့်မည်။

■



## အခန်း (၁၃)

''အဖေနာမည်''

''ဦးချစ်ခင်''

''အမေနာမည်''

''ဒေါ်ခင်မေမြင့်''

''မွေးချင်း''

''ညီအစ်မသုံးယောက်''

''အဖေရဲ့ အလုပ်အကိုင်''

''ဟိုတယ်မန်နေဂျာ အငြိမ်းစား၊ နေစမ်းပါဦး . . . အဲဒါက လိုလို့

အလုပ်အင်တာဗျူးလုပ်နေခြင်း မဟုတ်ပါ။ မည်ကာမတ္တတွေ



www.burmeseclassic.com

www.burmeseclassic.com

ပြောနေခြင်းလည်း မဟုတ်။

"လိုတာပေါ့ဗျ။ ကိုယ့်ယောက္ခမလောင်းအကြောင်းကို အရှမရှေး ခါး သိထားသင့်တာပေါ့"

"ဟွန်း . . . ပြီးရော ပြီးရော၊ မေမေက ကျောင်းအုပ်ဆရာမကြီး အငြိမ်းစား၊ မမက ကထိက၊ အငယ်မက ခုမှ ငါးတန်းပဲရှိသေးတယ် . . . ဟုတ်ပြီလား"

"အကြမ်းဖျင်းတော့ ရပြီ၊ အမေက ဆရာမဆိုတော့ ဆရာလုပ် တာတွေ ရှိမှာပေါ့၊ အိမ်မှာလေ"

"အင်း . . . ဒါတော့ ရှင်ခန့်မှန်းတတ်တာပဲ၊ တစ်အိမ်လုံးမှာ မေမေ ပြီးရင် ဖေဖေက ဩဇာအရှိဆုံးပဲ"

သူ့အဖေက မိန်းမကြောက်ရသည်ပေါ့။ ထိုသို့တွေးနေခိုက် . . .

"ဖေဖေက မေမေ့ကို အပြန်အလှန် လေးစားတဲ့သဘောပါ"

"ရပြီ၊ အဲဒါက အရေးကြီးတယ်လေ၊ ကျွန်တော့်ကိုယ်ကျွန်တော် သိအောင် မိတ်ဆက်ပေးဦး"

"ဘယ်လို"

"ဩော် . . . ကျွန်တော်က နာမည်ဘယ်သူ၊ ဘယ်က၊ မိဘတွေ ဘာညာပေါ့"

"ရပါတယ် . . . ရှင် ပြင်ဦးလွင်ကဆိုတာပဲ အရေးကြီးတယ် ကျန်တာတွေ အမှန်အတိုင်းပြောလည်း ဘာမှမဖြစ်ဘူး"

"ဟုတ်ပြီ . . . ဘယ်နေ့လာတွေ့ရမှာလဲ"

"သန်ဘက်ခါမနက် ကိုးနာရီ၊ ကျွန်မ စာရေးပြီးမှာလိုက်လို့ ရှင် ပြင်ဦးလွင်က လာတာနော်၊ အဲဒီနေ့ အိမ်မှာ ကျွန်မ,ရှိနေမှာ မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က ဟိုမှာတွေ့ကြတဲ့ချစ်သူတွေ





အရမ်းချစ်တယ်၊ ကျွန်တော့်မိဘတွေကလည်း အတိုင်းအတာတစ်ခုအထိ ပြည့်စုံတယ်၊ သဘောတူရင် လာနားဖောက်မယ်၊ ချစ်ခြင်းကို မခွဲပါနဲ့တော့၊ ပြည့်စုံတယ်နော်"

"အင်း . . . ရပြီ၊ တချို့အချက်တွေက နည်းနည်းလျှော့လို့တောင် ရသေးတယ်"

"မလုပ်နဲ့လေ၊ သဏ္ဍာန်လုပ် သရုပ်တူဖို့က အရေးကြီးတယ်မဟုတ် လား"

"ထားလိုက်ပါတော့"

"ဟုတ်ကဲ့ . . . ခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်"

စကားအဆုံးမှာ အင်ကြင်းက မျက်စောင်းထိုးပါသည်။

အလုပ်သဘောကတော့ ပြီးသွားပြီ။ ကိုယ်ရေးကိုယ်တာများကို ချဲ့ထွင်ရဦးမည်ဖြစ်၍ . . .

"အင်ကြင်း. . . ဒီကြားထဲကို ကျွန်တော့်အတွက် စဉ်းစားမိသေး လား"

"ဘာရှင့်"

"အလုပ်ကိစ္စက အဆင်မပြေစရာ မရှိတော့ဘူးလေ၊ ကျွန်တော့် ကိုယ်ပိုင်ကိစ္စကိုပြောတာ"

ပွဲလန့်တုန်း ဖျာဝင်ခင်းသည်ဟု ဆိုချင်ဆို။

"ရှင့်ကိုယ်ပိုင်ကိစ္စအတွက် ကျွန်မလည်း ကိုယ်ပိုင်အချိန်တွေနဲ့ စဉ်းစားပေးမယ်"

"ဗျာ"

"ကျွန်မ စိတ်ရှုပ်နေတာ ရှင်သိသားပဲ ခင်မောင်ဇော်ရယ်၊ ဒီအချိန် စဉ်းစားရင် ရှင် စိတ်ညစ်စရာပဲ ကြားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... ဒါဆို ဒီကိစ္စတွေပြီးသွားမှ စဉ်းစားရင် ကျွန်တော့်အတွက် စိတ်ချမ်းသာစရာ ကြားရမယ့်သဘောပေါ့ ... နော် အင်ကြင်း"

ထိုစဉ် အိမ်ထဲသို့ဝင်လာသော မဝင်းမာကိုကြည့်ကာ အင်ကြင်းက အပြုံးမပျက်ဖြင့် ...

"မသိဘူး ... ဒါတော့ မိုးနတ်မင်းပဲ သိလိမ့်မယ်"

"ဟာဗျာ"

ခင်မောင်ဇော် စိတ်ညစ်သွား၏။ မဝင်းမာနှင့် ပတ်သက်နေတော့လည်း မိုးနတ်မင်းကို နားလည်ပေးရပေမည်။ မဝင်းမာက သူတို့ကို ရယ်ကျဲကျဲကြည့်ကာ အိမ်ထဲသို့ ဝင်သွား၏။

"ဟာဗျာမလုပ်နဲ့၊ ရှင်က ကျွန်မကို အငိုက်ဖမ်းနေတာလား"

"မဟုတ်ရပါဘူးဗျာ၊ မဝင်းမာ မဝင်းမာ"

"ဟေ ... ဘာတုံး"

ချောင်းနားထောင်နေပုံရသော မဝင်းမာက အိမ်ခန်းထဲမှ ထွက်လာသည်။ ခင်မောင်ဇော်က ကြည့်ပြီး အော်ပြောလိုက်၏။

"မတရား စွပ်စွဲခံရပါတယ်၊ မတရား စွပ်စွဲခံရပါတယ်"

"ဟဲ့ ဟဲ့ ... အော်မနေနဲ့၊ ငါက ပေါင်ချိန်မဟုတ်ဘူး"

"မဟုတ်လည်း၊ ဒီကလေးမလေးကို စီရင်လိုက်စမ်းပါဗျာ"

"ဘယ်လိုစီရင်ရမလဲ ... ပြော"

"ပြင်းပြင်းထန်ထန်ကြီးတော့ မလုပ်ပါနဲ့ဗျာ၊ သူ့အပေါ် သိတတ်တဲ့ကောင်လေးနဲ့ အိမ်ထောင်တစ်သက်တစ်ကျွန်း ချပေးလိုက်"

"အောင်မယ်လေး ခင်မောင်ဇော်ရယ် ... နင် နာနေပါဦးမယ်"

"ရှိပါစေတော့ဗျာ ... ဝဋ်ကြွေးဆိုတာ ဒီလိုပဲ ပေးဆပ်ရမှာပေါ့"

အင်ကြင်းက မချိုမချဉ်မျက်နှာလေးနှင့် တစ်ဖက်လှည့်သွားသည်။





သူ ပြုံးနေမှာပဲဟု ခင်မောင်ဇော် တွေးစရာမလိုတော့ပါ။

●

ညမှောင်စပြုပြီ။

အလင်းအားမသန်သေးသော တစ်ခြမ်းပဲ့လကလေးကို ခြံရံလျက် ကြယ်လေးတွေက ကောင်းကင်မှာ ယိမ်းလှုပ်ဖွေးကြည်နေကြ၏။ အဝေးဆီမှ စံပယ်ပန်းရနံ့ကလည်း သင်းတသသ။ ဟိုတက်ခြံက ဖြစ်မည်။ ညဉ့် တံခါး မြိတ်အောက် ခြံထဲက ခုံတန်းလျားလေးမှာ သူမ ငြိမ်သက်နေမိသည်။

တဖြည်းဖြည်း ပြန့်ဖြာလာသော လရိပ်က ခုံတန်းလျားလေးပေါ်သို့ပင် စွန်းပေလာ၏။ လေငြိမ်သွားသဖြင့် ပန်းရနံ့တို့ မှေးမှိန်သွားကြပြီး တိုးတိတ်နေသည့် ပတ်ဝန်းကျင်ထဲ ခြေသံဖွဖွတစ်ခုက စီးဝင်လာသည်။

ခြေသံနှင့်အတူ စကားသံကလည်း ညင်သာတိုးလျ ...

"ဘာတွေများ ဒီလောက်စဉ်းစားနေတာလဲ ညီမလေးရယ်"

"သြော် ... မမ"

မမက ခုံတန်းလျားလေးမှာ အသာဝင်ထိုင်ရင်း ...

"ငါ့ညီမလည်း မနက်ဖြန် ပြင်ဦးလွင်က ချစ်သူလာမယ်ဆိုတော့ ရင်တွေခုန်နေတယ်ပေါ့"

"ရင်မခုန်ပါဘူး မမရယ်၊ ရင်တုန်နေတာ"

"အဆင်ပြေသွားမှာပေါ့၊ ဟိုတစ်ယောက်ကို ညီမလေး ပြောထားတယ် မဟုတ်လား၊ အိမ်မှာ အခရာက မေမေဆိုတာ"

ဘာမှမသိသော မမက အနားလာပြီး အားပေးနေသည်။ မမက



www.burmeseclassic.com

www.burmeseclassic.com

အနေအထိုင် အေးဆေးတည်ငြိမ်လှသောကြောင့် အင်ကြင်းက သူ့ဇာတ်ရုပ်ကို မပြောပြဖြစ်။ ပြောမိလျှင် တားနေဦးမည်။

မနက်ဖြန် ခင်မောင်ဇော်လာလျှင် မိမိက ရှိမည်မဟုတ်။ ထို့ကြောင့် အဆင်ပြေပါ့မလားဟု တွေးနေမိခြင်းဖြစ်သည်။ ခေါင်းထဲမှာက အတွေးတွေ ဝေနေ၏။ အောင်သန်းဦးက တစ်မျိုး၊ ကိုလှတင်က တစ်ဖုံနှင့် မလုံမခြုံ ဖြစ်နေရသည်။

ပြီးတော့ မနက်ဖြန် မေမေ၏အစီအစဉ်ဖြင့် တစ်အိမ်သားလုံး ရွှေတိဂုံဘုရားသွားကြမည်ဖြစ်သည်။ ခင်မောင်ဇော်နှင့်တွေ့ရန် အိမ်မှာ ဖေဖေ တစ်ယောက်တည်း ကျန်ခဲ့မည်ဖြစ်၏။

ဘုရားကို တက်တက်ကြွကြွ လိုက်ပို့မည်သူက မချစ်လှစွာသော ကိုလှတင်ကြီး။ ခင်မောင်ဇော်တစ်ယောက် ဖေဖေ့ကို အဆင်ပြေပြေ ဟန်ဆောင်နိုင်ပါစေဟု ဆုတောင်းရတော့မည်။

"မမကတော့ ညီမလေး ချစ်တဲ့သူနဲ့ ပေါင်းရပါစေလို့ပဲ ဆုတောင်းမိတယ်"

"အင်း . . . ကံပေါ့ မမရယ်"

စကားဆက်မဆိုမိကြ။ နှစ်ဦးသား ငြိမ်ဆိတ်သွားကြ၏။ အဝေးက လေစီးထဲတွင် စံပယ်ပန်းရနံ့တို့ ထိုးဆွပါဝင်နေဆဲပင်။

●

ဒီဘက်မှာလည်း ခင်မောင်ဇော်တစ်ယောက် တစ်ရက်လုံး အပြင်မထွက်ဖြစ်ချေ။ အရင်တစ်ခါလို သွေးစုနာထပ်ပေါက်နေခြင်းကြောင့် မဟုတ်။





မနက်ဖြန်အတွက် စဉ်းစားပြင်ဆင်နေခြင်း ဖြစ်သည်။

ပြင်ဆင်သည်ဆို၍ ထွေထွေထူးထူးလည်း မဟုတ်ပါ။ ဟိုတာ ယောက္ခမလောင်းကြီးကလည်း ဘာတွေမေးမည်မသိသေး။ စာမေးပွဲမေးခွန်း မဟုတ်သဖြင့် အထွေထွေဗဟုသုတများကိုပဲ ကျက်မှတ်နေရမည်လား။

ထို့သို့ဖြင့် ညနေစောင်းခါမှ ရေမိုးချိုးပြီး အပြင်ထွက်ရန် ပြင်လိုက်သည်။ မှန်ရှေ့မှာ ထုံးစံအတိုင်း "သ"ရသည်ပေါ့။ ကိုယ်က မနက်ဖြန် ယောက္ခမလောင်းနှင့် တွေ့ရတော့မည်လေ။ သန့်နေသည့် ရုပ်ခံကို ပိုခန့်အောင် မလိုအပ်သောအမွေးအမျှင်များကို ရိတ်ပစ်ရမည်။ (ဥပမာ . . . နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး)။ အဒေါ်နှင့်နန္ဒာတို့ကတော့ ထမင်းစားခန်းထဲမှာ။

"ကိုကို"

"ပလုတ်တုတ်"

တစ်ယောက်တည်း ကြည့်နူးနေရာမှ ခင်မောင်ဇော် လန့်သွား၏။ နန္ဒာက ရုတ်တရက် ခေါ်လိုက်၍ ဖြစ်သည်။ တောက်ပြားခြေလှမ်းမျိုးနှင့် ဘယ်အချိန် ချဉ်းနင်းဝင်ရောက်လာသည် မသိ။

"အဲဒါက ဘာလုပ်နေတာတုံးဗျ"

"အလှပြင်နေတာပေါ့"

"လုပ်မနေနဲ့၊ ကိုကို့ကောင်မလေးကို ကိုကို့အပြင် နှစ်ယောက်တောင် လိုက်နေကြသေးတယ်"

"နင်က ဘယ်လိုသိပြန်ပြီလဲ"

"သိတာပေါ့ . . . သင်တန်းကို လာလာနေတာ တွေ့သားပဲ အငယ်တစ်ယောက် အကြီးတစ်ယောက်"

အောင်သန်းဦးနှင့် ကိုလှတင်ကို ရည်ညွှန်းခြင်းဖြစ်မည်။

ခင်မောင်ဇော်က . . .



www.burmeseclassic.com

www.burmeseclassic.com



''လွှတ်ပေးထားတာပါဟာ၊ နင့်အစ်ကိုအကြောင်း သိတယ်မဟုတ်လား''

''ပိုင်တယ်ပေါ့''

''စောင့်ကြည့်ပေါ့ဟာ ... ဟဲ ဟဲ''

ခင်မောင်ဇော်က ရင်ကော့ပြလိုက်သည်။ နန္ဒာက မချိုမချဉ်ဟန်ဖြင့် ...

''အချိန်တန်ရင် နွားပိန်ကန်မယ့် သဘောပေါ့နော် ... အဟီး''

''ဘာ ... နင်က ငါ့ကိုများ နွားနဲ့လာနှိုင်း''

ထိုအချိန်မှာ နန္ဒာက အိမ်ထဲသို့ လစ်ပြေးသွားလေပြီ။ ပလိန်းကြီး ခင်မောင်ဇော်ခံလိုက်ရ၏။ ထိုစကားပုံကလည်း ဘယ်လိုကြီးမှန်းမသိ။ အချိန်တန်လျှင် စပရိန်ကန်လိမ့်မည်ဟု ကိုယ့်သဘောနှင့်ကိုယ် ပြောင်းလိုက်သည်။

ထို့နောက် ခန့်ညားသပ်ရပ်စွာ အိမ်ထဲက ထွက်လာခဲ့သည်။

ကိုယ်ပိုင်ခြံနယ်မြေမှ ပြည်သူပိုင်လမ်းမြေကို ခြေချရုံရှိသေး ကီဝီတာတီးနှင့် တောကျိုးကန်းတို့ကို လုံးထွေးပြီး တွေ့လိုက်ရသည်။ ဘာတွေ ငြင်းခုန်လာကြသည် မပြောတတ်။

ခင်မောင်ဇော်၏ပုံစံကိုကြည့်ကာ ကီဝီက ...

''တယ်သန့်နေပါလားကွ၊ ခင်မောင်ဇော်က ဒီနေ့ ပုဆိုးတွေဘာတွေနဲ့''

''အရင်နေ့တွေက ငါ ဖင်တုံးလုံးကြီး ထွက်လာလို့လား''

ခင်မောင်ဇော်က ဘုတောလိုက်၏။ ခုနက နန္ဒာ့ဆီမှာ ခံထားရသည့် အရှိန်က မသေသေး။ အပြောခံလိုက်ရသည့် ကီဝီမှာတော့ ရင်ဝကို ဆီးကန်ခံလိုက်ရသလို ဖြစ်သွားသည်။





''မင်းထွက်မလာလို့ ငါတို့လာတာကွ''

''မင်းတို့ အချိန်ရတယ်မဟုတ်လား''

''ရပါတယ်''

''မရလည်း ဂရုမစိုက်ဘူး''

''ဟာကွာ ခင်မောင်ဇော် ... စောင်းငမ်းငမ်း မလုပ်နဲ့ကွာ''

''နောက်တာပါကွာ၊ လာ ... လက်ဖက်ရည်ဆိုင် သွားရအောင်''

''သပြေရိပ်ပဲလား''

''သပြေပင်အောက်ထိသွားပြီး အရိတ်ခံဦးမလို့လား၊ ဒီနားက ဆိုင်မှာပဲ ထိုင်မယ်ကွာ''

ထိုသို့ဖြင့် လေးယောက်သား အော်ဟစ်ပြောဆိုရင်း နီးစပ်ရာ လက်ဖက်ရည်ဆိုင်သို့ ရောက်သွား၏။

စားပွဲတစ်လုံးကို မဝယ်ဘဲ အပိုင်စီးလိုက်ကြပြီး ဘယ်သောအခါ မှာတ်သည့် မနက်ဖြန်ကိစ္စကို ခင်မောင်ဇော်က မိန့်ကြားလိုက်သည်။ တောကျိုးကန်းက မအံ့ဩဟန်ဖြင့် ...

''သိပြီးသား ဟေ့ကောင်၊ ငါ့ကို မဝင်းမာ အကုန်ပြောလိုက်ပြီ။ အဲဒါကြောင့် ဒီကောင်တွေပါ မင်းကိုညှဉ်းဖို့ လိုက်လာကြတာ''

''ဟုတ်တယ် ဟုတ်တယ်''

''လက်ဖက်ရည်နဲ့တော့ အချိုမသတ်နဲ့ ဟေ့ကောင်''

ဘေးကနှစ်ကောင်ကပါ အသံထွက်လာသည်။ ထို့ကြောင့် ခင်မောင်ဇော်က ...

''အကုန်သိတယ်ဆိုတာ မင်းတို့က ဘယ်လောက်များ သိနေလို့လဲ''

''အတွင်းရေးတော့ မသိဘူးပေါ့ကွာ၊ မင်းတို့ ဘယ်လောက် နယ်ချဲ့နေကြပြီဆိုတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . မပိုက်ရှိင်းနဲ့"

"နှလုံးသားနယ်ကျွံတာကို ဆိုလိုတာပါကွာ၊ မင်းကလည်း"

တောကျီးကန်းအပြောကို ခင်မောင်ဇော်က သဘောကျသွားသည်။

"နှလုံးသားနယ်ကျွံတယ် . . . ဟုတ်လား၊ ဒီတစ်ခါ မင်းပါးစပ်က ထွက်တဲ့စကားကတော့ လန်းတယ်ကွာ တောကျီးကန်း"

"ဟဲ ဟဲ . . . ငါ့မှာလည်း လက်ရှိချစ်သူရှိတာ မမေ့နဲ့လေ"

မဆီမဆိုင် အသားဝင်ယူနေသည့် တောကျီးကန်းကို ကီဝီ မကျေမနပ်ဖြစ်သွားပြီး . . .

"ခွေးပါးစပ်က နတ်စကားထွက်တယ်ဆိုတာမျိုးပေါ့ကွာ"

"ဟော့ကောင် ကီဝီ . . . စကားကို ကောင်းကောင်းပြောကွာ"

"ဒါဆိုလည်း မင်းရည်းစားအကြောင်း လာမပြောနဲ့၊ နားကလောတယ်"

"မင်းလည်း ခွေးနဲ့မနိုင်းနဲ့လေ"

"တော်တော့ကွာ၊ မင်းတို့ကလည်း အချင်းချင်းတွေကို၊ ကီဝီလည်း တော်တော့၊ တောကျီးကန်း . . . မင်း ခဏ ခံပေါ်ထ"

"ဟာ . . . ဘာဖြစ်လို့လဲ"

ခင်မောင်ဇော်အပြောကို နားမလည်ဟန်ဖြင့်မေးကာ တောကျီးကန်းခုံမှ အူကြောင်ကြောင် ထလိုက်၏။

"ကီဝီ"

"ဘာလဲ"

"မင်း တောကျီးကန်းကို ခွေးနဲ့နှိုင်းတယ်နော်၊ ခု ဒီကောင် ထိုင်ခဲ့တဲ့ ခုံကျုံးတော့"

"ဘာကိုလဲ"





"ခွေးချေးလေ"

ရယ်သံတွေ ညံသွားကြ၏။ တောကျီးကန်းက မျက်နှာကြီး မည်းမှောင်ကာ ပြန်ထိုင်၏။ ခွေးလိုတော့ မဟောင်ဘဲ . . .

"မင်းပြောထားဦးပေါ့ ခင်မောင်ဇော်ရာ၊ မင်း မနက်ဖြန် တွေ့မှာပါ"

"အေး . . . ငါလည်း အဲဒီနေ့ကို သွေးအေးအေးနဲ့ စောင့်နေတာပါကွ"

ခင်မောင်ဇော်ကိုတော့ စကားယှဉ်ပြော၍ မရချေ။ အင်ကြင်းတစ်ယောက်မှလွဲပြီး အကုန် ဘုကန့်လန့်တိုက်နေသည်။

ထိုအချိန်မှာပဲ တာတီး၏ မရောင်းရသေးသော ဖုန်းက အသံထမြည်လာ၍ . . .

"ဟလို သူကြီးလား . . . လာခဲ့လေ၊ ခင်မောင်ဇော်တို့ နှစ်လမ်းကျော်က ဆိုင်မှာ"

ဖုန်းပြန်ပိတ်ပြီး သူကြီးဆက်တာဟု လှမ်းပြောသည်။ မကြာပါ။ သူကြီးရောက်လာ၍ ကီဝီက . . .

"မြန်လှချည်လားဗျ၊ ခုနကမှ ဖုန်းဆက်တာကို"

"မြန်မှာပေါ့ကွာ၊ ရှေ့လမ်းက ဆက်တာကိုးဟ၊ ဒါနဲ့ လူစုံနေကြပါလား"

လက်ဖက်ရည်လှမ်းမှာရင်း သူကြီးက ဝင်ထိုင်လိုက်၏။ မမေးဘဲနှင့် ခင်မောင်ဇော်၏ မနက်ဖြန်အင်တာဗျူးကို တာတီးက စားမြုံ့ပြန်နေပြန်သည်။ ခင်မောင်ဇော်လည်း ကိုယ့်အချစ်ရေးမို့ ဝင်မကန့်ကွက်ပါ။ သူကြီးက တာတီးစကားဆုံးမှ . . .

"ဩော် တာတီး . . . မင်းနဲ့ ကီဝီရဲ့ နန္ဒာက ဘယ်လိုလဲ"

"ပြီးသွားပါပြီ သူကြီးရာ"



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲဆို့နစ်သောအသံဖြင့် တာတီး ဖြေလိုက်၏။ ကီဝီကလည်း ချက်ချင်း ရှိဝေသောမျက်လုံးအစုံနှင့် ဆိုင်အပြင်ဘက်ကို လှမ်းလှမ်းမောမော ငေးနေလိုက်သေးသည်။ ပြီးမှ အသည်းကွဲသမားပုံစံနှင့် ...

"ဟုတ်တယ် သူကြီး ... နန္ဒာတစ်ယောက် ဘောစိဦးသိန်းထွန်းနဲ့ ငြိသွားပြီလေ"

"ဟား ဟား ဟား ... ဟုတ်လိုက်တဲ့ကောင်တွေကွာ၊ မင်းတို့ကို ဒါပြောသားပဲ ... မိန်းမဆိုတာ ဒီလိုချည်းပဲကွ၊ မိန်းမဆိုတဲ့အတိုင်း မိန်းကိုပဲ မ,သွားကြတာ၊ မှတ်ပြီလား"

မှတ်သားလောက်ပါပေသည်။ တောကျီးကန်းက မိန်းမထုကြီး ကိုယ်စား မခံနိုင်သလို ...

"ဒါဆို ကျွန်တော်တို့လို ချစ်သူရသွားတဲ့ကောင်မျိုးဆိုရင်ကောဗျ"

"မိန်းမလို့ ပြောပြီပြီလေ၊ မင်းလည်း မိန်းကို မ,လို့ရသွားလို့ပေါ့။ ကြည့်မ,နော် ... လွတ်ကျမယ်"

ရယ်ကြရပြန်သည်၊ အသည်းကွဲသမားများပင် မနေနိုင်တော့၊ အားရသလို ဝင်ဟားတိုက်နေသည့် ခင်မောင်ဖော်ကိုကြည့်ကာ သူကြီးကပဲ ...

"ခင်မောင်ဖော် ... ဒါဆို မင်းလည်း မနက်ဖြန် ယောက္ခမလောင်းနဲ့ သွားတွေ့တော့မယ်ပေါ့ ... ဟုတ်လား"

"အစစ်ပေါ့ ... ကျွန်တော်လည်း မိန်းကိုမချင်နေပြီဗျ"

ရယ်ကျဲကျဲပြန်ပြောသည့် ခင်မောင်ဖော်ကို သူကြီးက ခပ်တည်တည်ကြည့်ပြီး ...

"မင်း လက်လျှော့လိုက်တော့ ခင်မောင်ဖော်၊ မင်းသွားလို့ဖြစ်မှာ မဟုတ်ဘူး၊ မင်းကိုလည်း ပြင်ဦးလွင်ကဆိုရင် လုံးဝယုံမှာမဟုတ်ဘူး"

"ဟင် ... ဘာဖြစ်လို့လဲဗျ"





"ဘာဖြစ်လို့လဲဆိုတော့ အင်ကြင်းရဲ့အဖေဆိုတာက မင်းရဲ့ အိုင်စတိုင်းဘော်ဒါကြီးပဲ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

နောက်နေ့မှာလည်း ခင်မောင်ဇော်က သတ္တိရှိရှိနှင့်မသွားပါ။ မိုက်ရူးရဲဟုလည်း အပြောမခံနိုင်။ သူ မလာဖြစ်ကြောင်းကိုလည်း အင်ကြင်းကို ဖုန်းဆက်ပြီး အသိမပေးထားချေ။ အားငယ်နေသူ အင်ကြင်းလေးကို ထပ်ပြီး စိတ်မညစ်စေချင်တော့။ အတတ်နိုင်ဆုံး ပြေလည်အောင် ခင်မောင်ဇော် ဖန်တီးထားပါသည်။ ဒါဆို ခင်မောင်ဇော် ဘာတွေလုပ်နေသလဲ။ ရပ်ကွက်ထဲမှာ ဘိလိယက်ထိုးနေပါသည်။ ကျူတံကြီးတဝင့်ဝင့်နှင့် အေးဆေးပဲဖြစ်သည်။

ရှေ့က ဖြတ်သွားသူများကိုပင် အော်ဟစ်နောက်ပြောင်နေသေး၏။

"ကိုအာလာဒင်ကြီး . . . တူတွေလွှတွေနဲ့ ဘယ်တုံးဗျ"

"ကိုဝင်းသန်းတို့လက်ဖက်ရည်ဆိုင်ကိုဟေ့၊ စားပွဲလေးတွေ ပြင်ပေးမလို့"





ဝက်သားတုတ်ထိုးရောင်းရင်းက မိန်းမထွက်ပြေးသွားပြီး ယစ်ထုပ်ကြီးဖြစ်နေသူ အာလာဒင်ရယ်ပါ။ ခုလည်း စောစောစီးစီး ကောင်းနေပုံရသည်။ ခင်မောင်ဇော်က . . .

"ဟေ့လူ . . . ခင်ဗျားမိန်းမ ပြန်ရောက်ပြီလားဗျ"

အာလာဒင်က နှလုံးသားတစ်ခုလုံး ကြေမွနေသော အသံလေးလေးကြီးဖြင့် . . .

"မရောက်သေးပါဘူး ခင်မောင်ဇော်ရာ၊ ငါ့ဘဝမှာ မိန်းမဆိုတာ မရှိတော့ပါဘူး"

"ဒါနဲ့ ခင်ဗျား အခု လက်သမားလုပ်နေတာလား"

"အေးလေ . . . မိန်းမမှ မရှိတော့တာ ခင်မောင်ဇော်ရာ၊ ကိုယ့်လက်ကိုယ်ပဲ အားကိုးရမှာပေါ့"

ဘာမှလည်းမဆိုင်ချေ။ ခင်မောင်ဇော် အူကြောင်ကြောင် ဖြစ်သွားပြီး . . .

"ဗျာ . . . ဘာဖြစ်လို့လဲ"

"သြော် . . . ငါ့တစ်ကိုယ်တည်းတော့ ရပ်တည်လို့ရသွားပြီလေ၊ လက်သမားအလုပ်က စိတ်တည်ငြိမ်တယ်ကွ"

"ကောင်းတယ် ကောင်းတယ် . . . ခင်ဗျားနဲ့တော့ ကွက်တိပဲ"

မူးစပ်စပ်နှင့် အာလာဒင်တစ်ယောက် ထွက်သွားတော့သည်။ ဟုတ်သော့လည်း ဟုတ်သားဟု ခင်မောင်ဇော်တွေးမိသေး၏။ ခဏနေတော့ ဆောကျိုးကန်း ဆိုင်ထဲသို့ အူယားဖားယား ပြေးဝင်လာပြီး . . .

"ဟာ ခင်မောင်ဇော် . . . မင်း တကယ်မသွားဘူးပေါ့"

"အေးလေ . . . သွားလို့မှမဖြစ်တာ"

"အင်ကြင်းတော့ ဒုက္ခပါပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင် ဝင်ညည်းသောကြောင့် ...

''ငါစိတ်ပူရမှာပါ တောကျိုးကန်းရော၊ မင်းက တစ်မျိုး''

''တစ်မျိုးဆို မင်းလုပ်နေတာလည်း ကြည့်ဦးလေ၊ ဟိုမှာ အင်ကြင်း ရှာပျက်နေပြီလား မသိဘူး''

''မပျက်ပါဘူးကွာ ... ငါမသွားနိုင်ပေမယ့် လူလွှတ်ထားပါတယ်''

''ဟေ''

ဟုတ်ပါသည်။ ခင်မောင်ဇော်ညွှန်ပြလိုက်သော အင်ကြင်းတို့အိမ်ရှေ့ ရောက်သည်အထိ ကီဝီ ဒူးတွေတုန်နေသေးသည်။ ပြီးမှ စိတ်ကိုတင်းကာ အိမ်ထဲသို့ ချင်းနင်းဝင်ရောက်သွားလေ၏။

''အိမ်ရှင်တို့ အိမ်ရှင်တို့''

ဦးချစ်ခင် တံခါးဝမှ အသာထကြည့်လိုက်သည်။ မိမိ၏သမီး ကိုလည်း မွေးရတာ ဝမ်းရေစပ်လိုက်တာဟု အပြစ်တင်ချင်သွား၏။ ဘာကယ် အပြစ်တင်ချင်လို့တော့ မရချေ။ ကိုယ်က ယောကျ်ားကြီး။ မည်သို့ပင်ဆိုစေ ခုအော်ခေါ်နေသည့် နှာခေါင်းချွန်ချွန်ကြီးကြီး၊ မျက်လုံးပြူးပြူး၊ ဆံပင် ငှက်သိုက်နှင့် ဒီအတ္တဘောလေးဟာ သမီး၏ချစ်သူ ဖြစ်နေပြီ။

ဘာတတ်နိုင်တော့မည်နည်း။

''လာဟေ့ မောင်ရင် ... အပေါ်ကိုတက်ခဲ့''

နာမည်ကို ခင်မောင်ဇော်ဟု သိထားရသည့် ထိုလူငယ်က မဝံ့မရဲ ခြေလှမ်းများဖြင့် အပေါ်ကိုတက်လာသည်။ ပြီး မရဲတရဲကြည့်လိုက်၍ ဦးချစ် ခင် မျက်မှောင်ကုတ်မိသွား၏။ ဒီမျက်ခွက်ကို သူ ကောင်းကောင်းမြင်ဖူး ဖြစ်သည်။

ထိုခင်ဇမောင်ဇော်က (အမှန်မှာ ကီဝီဖြစ်သည်)

''ဦး အင်ကြင်းရဲ့ကိစ္စအတွက်''

''နေဦး နေဦး ... မောင်ရင့်ကို မြင်ဖူးသလိုပဲကွ''

ကီဝီက ဝမ်းသာအားရဟန်ဖြင့် ...

''ဦး တီဗီအမြဲကြည့်လို့ ထင်တယ်''

''ဟေ ... မင်းက ကြော်ငြာသရုပ်ဆောင်လား''

''ဟဲ ဟဲ ... ကျွန်တော်က မဂ္ဂဇင်းသတင်းထောက်လေ၊ တီဗွီမှာ အင်တာဗျူးတွေ လုပ်ဖူးတယ်''

ဘာမှလည်းမဆိုင်ပါ။ ဦးချစ်ခင် ကြောင်သွားပြီး ...

''မင်းက ခု ဘယ်ကလာတာလဲကွ ... ဟေ''

''အိမ်ကပေါ့၊ ကျွန်တော်က ဟိုဘက်ရပ်ကွက်တင်နေတာ''

''ဟာ ... ဒါဆို ပြင်ဦးလွင်က မဟုတ်ဘူးပေါ့''

''မဟုတ်ပါဘူး ဦးရယ် ... ရန်ကုန်သားစစ်စစ်ပါ''

''မင်းနာမည်က ခင်မောင်ဇော်လည်း မဟုတ်ဘူးပေါ့''

''ပေါက်ပေါက်ရှာရှာဗျာ ... ကျွန်တော့်နာမည် ကီဝီ (ဇော်ဝင်းထင်) ပါ''

''ဘာတွေလဲကွာ၊ ဒီနေ့ ကိုးနာရီကို ငါ့သမီးက ခင်မောင်ဇော်ဆိုတာ လာမယ်ဆိုလို့ကွ၊ မင်းက ဘာလာလုပ်တာလဲ''

ဦးချစ်ခင် စိတ်ပျက်လက်ပျက်ဖြစ်သွားပုံကို ကီဝီကကြည့်ကာ ...

''ကျွန်တော်လာတာကလည်း ခင်မောင်ဇော်ကိစ္စပါ''

''ဟေ ... ဘယ်လို ဘယ်လို''

''ဟုတ်ပါတယ် ဦး၊ ဒါနဲ့ ဦးမိန်းမကော ရှိလားဗျ''

''ဘာကွ ... မင်း ဘာစကားပြောတာလဲ''

မိန်းမကိုမေးလိုက်၍ ဒေါသထွက်သွားပုံရသည်။ ကီဝီက ကမူး တယာပဲ ...





www.burmeseclassic.com

www.burmeseclassic.com

''ဟာ . . . မဟုတ်ဘူး မဟုတ်ဘူး၊ ခင်မောင်ဇော်က ဦးမိန်းမကို ဒီနေ့ သူမလာဖြစ်ကြောင်း တောင်းပန်စာပေးခိုင်းလိုက်လို့''

''ငါ့ကိုပေးခဲ့လေကွာ၊ အဲဒီကောင် ဘာဖြစ်လို့ မလာတာတဲ့လဲ''

''မသိဘူးဗျ . . . စာကို ဦးဆီပေးထားလို့ ဖြစ်ပါ့မလား''

ဦးချစ်ခင် ဒေါသအမျက် ခြောင်းခြောင်းထွက်သွားလေသည်။ ကီဝီကို ခပ်တင်းတင်းကြည့်ရင်း . . .

''ဟေ့ကောင် . . . ဒီအိမ်မှာ ငါ အကြီးဆုံးကွ၊ ငါပြီးမှ အကုန်ပြီးတာ၊ ငါ့ကိုပဲ ပေးခဲ့''

ဘယ်သူမှ မရှိ၍ (အထူးသဖြင့် ဒေါ်ခင်မေမြင့်) ဦးချစ်ခင် ရဲရဲဝံ့ဝံ့ ပြောလိုက်ပါသည်။ ကီဝီလည်း မနေသာတော့ချေ။ စာအိတ်ကလေးကို ထုတ်ပေးရင်း တုန်တုန်ယင်ယင်ဖြင့် . . .

''ဒါ ဒါ ဒါဆိုလည်း ဦးကိုပဲ ပေးခဲ့မယ်နော်''

''ပေးစမ်းပါကွာ မြန်မြန်''

ကီဝီက စာကိုပေးကာ ကုပ်ကုပ်ကလေး ထွက်လာခဲ့၏။

စာ၏ ပထမစာကြောင်း ဖတ်လိုက်စဉ်မှာပဲ ဦးချစ်ခင် မျက်လုံးများ ပြာဝေသွားရ၏။ ဒေါသဖြင့် အသားတွေ တဆတ်ဆတ်တုန်ကာ ဆက် မဖတ်နိုင်တော့။ ပထမစာကြောင်းက . . .

သို့

ချစ်ခင်လေးစားအပ်ပါသော ဒေါ်ခင်မေမြင့်ခင်ဗျား . . . တဲ့။

တောက်တစ်ချက်ကို အသံကုန်ခေါက်လိုက်မိသည်။ ခင်မောင်ဇော် ဆိုသော သတ္တဝါက မသိလို့ရေးသည် ထားဦးတော့ . . . ဒီလိုအခြေ မကောင်းချေ။ အခုတော့ 'စ'ထားသောစာကြောင်းအရ ကိုယ့်မှာ မိန်းမ ကြောက်ပြီး လေးစားနေရသော ပေါတာကြီး ဖြစ်ရပြီ၊ ဦးချစ်ခင်တစ်ယောက် ကိုယ့်တဝကိုယ် အတော်ရင်နာသွားလေ၏။ အိမ်ဦးနတ်ဟု ပြောမိသည်ကိုပင် နောင်တရချင်သွားသည်။

ထိုသို့ဖြင့် ချစ်ခင်လေးစားသော ဒေါ်ခင်မေမြင့်မသိအောင် စာအိတ်ကို အသာလေး ပြန်ပိတ်ထားလိုက်ရ၏။

ထိုအချိန် . . . အင်ကြင်းတစ်ယောက်မှာ ဆုတွေတောင်းနေရသလို ခင်မောင်ဇော်ကတော့ ရပ်ကွက်ထဲမှာပဲ ဘိလိယက်ထိုးကောင်းနေသဲ။

ထိုသို့ဖြင့် . . .။

■







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ပြဿနာတွေက ဆင့်ကဲဆင့်ကဲ ဖြစ်လာ၏။ ဘယ်လိုဖြစ်ကုန်သည် မသိ။ နောက်ဆုံးတော့ အင်ကြင်းအရှုံးခံရသည်။ ပြီး အောက်ပါကြော်ငြာချက်တွေ တန်းစီပြီးထွက်လာလေ၏။

၁။ ခင်မောင်ဖော် မလေးမစားလုပ်သည်ဟုဆိုကာ မေမေက ပယ်ချလိုက်ခြင်း။

၂။ ဖေဖေကလည်း မေမေ့ဘက်က အပြည့်အဝထောက်ခံလိုက်ခြင်း။

၃။ ကိုလှတင်ကလည်း အောင်သန်းဦး ပိုပြီးအတင့်ရဲလာကြောင်းကို အိမ်မှာပြောပြပြီး မင်္ဂလာပွဲကို အမြန်ဆုံးစီစဉ်ပေးစေချင်ခြင်း။





၄။ နောက်ပိုင်း အင်ကြင်းအပြင်ထွက်လျှင် ကိုလှတင် တန်းလန်းတန်းလန်း ဖြစ်နေခြင်း။ (အမြဲကပ်ပါနေသည်ဟု ဆိုလိုပါသည်)

အမှန်တော့ ခင်မောင်ဖော်က (အင်ကြင်း၏အဖေသည် သူ့ အိုင်စတိုင်းဘော်ဒါကြီးဖြစ်နေသောကြောင့်) နောက်တစ်ပတ်မှ လာတွေ့ပါမည်ဟု စဉ်းစားချိန်ရအောင် အချိန်ဆွဲပြီး စာနှင့်တောင်းပန်လိုက်ခြင်းဖြစ်သည်။ ခုတော့ ဇာတ်လမ်းက ပြတ်ပြီ။

အင်ကြင်းလည်း ခင်မောင်ဖော်ရောက်မလာဘဲ ဘာကြောင့် ခုလိုလုပ်လိုက်သည်ကို စဉ်းစားမရဖြစ်မိသည်။ စိတ်တွေထွေပြားနေပြီး ခင်မောင်ဖော်နှင့်သာ တွေ့ချင်နေမိ၏။

မထူးတော့ပါဘူးဆိုပြီး အဖြေပေးလိုက်ရန် မဟုတ်ချေ။ ကက်ကက်လန်ရန်တွေ့ဖို့လည်း မဟုတ်။ ဘာကြောင့် ခုလိုဖြစ်ရတာလဲဟု မေးချင်၍ ဖြစ်၏။

ခုလည်း ဟိုလိုလို ဒီလိုလိုနှင့် အပြင်ထွက်လာတော့ ကိုလှတင်က မေမေပေးထားသည့်အာဏာကို အပြည့်အဝသုံးကာ ပါလာပြန်သည်။ အင်ကြင်းကို ရှုန်းရှုန်းစားစားကြည့်ကာ ...

"အင်ကြင်းလေး ... ခု ဘယ်သွားမလို့လဲ"

"မသိဘူး"

စိတ်တိုတိုနှင့် ပြန်အော်ပစ်လိုက်၏။ ကိုလှတင်ကတော့ အပြုံးဝင်မပျက်ဘဲ ...

"ဒါဆို ကိုယ်နဲ့ဘုရားသွားကြမလား ... ရွှေဂုံလေ"

"ရှင်"

အင်ကြင်း ပြူးကြောင်ကြောင် ပြန်ကြည့်လိုက်သည်။ စကားနားသွားမှန်းသိ၍ ကိုလှတင်က ရှက်ရယ်ရယ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အပီး ... ရွှေတိဂုံလို့ပြောတာပါ၊ ကိုယ်လည်း ပြောဖင်ချောနဲ့ မျောသွားဟာ"

သွားပြီ ... ကိုလှတင်မျက်နှာကြီး ရဲရဲနီကာ ထူပူသွား၏။ အင်ကြင်းလည်း တကယ် စိတ်လက်ကုန်ခန်းသွားသည်။ ပြီးတော့ ဒီလူကြီးနှင့် နှစ်ယောက်တည်း ဘုရားမတက်ချင်ပါ။

ဟိုတစ်နေ့ကပဲ သွားပြီးပြီ။

ထို့ကြောင့် ...

"ကျွန်မ သွားစရာရှိလို့ ထွက်လာတာ"

"ကိုယ်လိုက်ပို့မှာပေါ့ ... ဘယ်ကိုသွားမှာလဲ"

"မဝင်းမာတို့အိမ်"

ခပ်ပြတ်ပြတ်ပြောရင်း ခပ်သွက်သွက် လျှောက်လိုက်သည်။ ကိုလှတင်က နှင်လို့လည်း ရမည်မဟုတ်ချေ။ ခုလည်း နဖူးပြောင်ပြောင်ကြီးနှင့် အတင်းကပ်သပ်လိုက်လာ၏။

လမ်းတစ်လျှောက် စကားထပ်မပြောတော့။ တော်သေးသည်။ သူမလည်း တလွဲတွေ ထပ်နားမထောင်ချင်။

သို့နှင့် ... မဝင်းမာအိမ်သို့ တန်းတန်းမတ်မတ် ရောက်သွားကြသည်။

အင်ကြင်းနှင့် တွဲဝင်လာသည့် (လက်တွဲပြီး ဝင်လာခြင်း မဟုတ်၊ အတူတကွဟု ဆိုလိုသည်) ပုံဆိုးပန်းဆိုးကြီးကို ကြည့်ကာ မဝင်းမာ အံ့ဩနေ၏။

အင်ကြင်းက (မကောင်းတတ်၍) ...

"မဝင်းမာ ... ဒါ ကိုလှတင်လေ"

"ဩော်"





ထိုမျှလောက်ပဲ အသိအမှတ်ပြုနိုင်ရှာသည်။ အင်ကြင်းကိုလည်း ကိုယ်ချင်းစာမိသွားသည်။ ဒါကြီးကို ပိုက်ဆံဘယ်လောက်ရှိရှိ ဘယ်သူကရင်ခုန်မည်နည်း။

ပြီးတော့ ဒီလောက် မည်းမည်းပြောင်ပြောင်ကြီးက တရုတ်လည်း မဖြစ်နိုင်ပါ။

သူမ တိတ်တခိုး မြတ်နိုးနေမိသည့် ဆရာကြင်စိန် (ကမန်းကတန်း) နှင့်တော့ ဆီနဲ့ရေ၊ အီးနဲ့မိုးကြိုးပဲဟု တွေးမိသည်။ ဟိုက ဖြူဖြူဖွေးဖွေး တရုတ်ကြီး။

အင်ကြင်းနှင့်ကိုလှတင်ကို ကော်ဖီဖျော်ပြီး ဧည့်ခံနေရသည်။ အင်ကြင်းကိုကြည့်ရသည်မှာ သူ့အား တစ်ခုခုပြောချင်နေသည်ပုံစံ။ ဧည့်ခန်းထဲမှာ ကိုလှတင်ရှိနေ၍ ဖြစ်မည်။

ထွေရာလေးပါးပြောရင်း ကိုလှတင် ကော်ဖီကုန်လောက်မှ မဝင်းမာက အားနာဟန်ဖြင့် ...

"ဟို ကိုလှတင် ... ခဏလောက် ရှောင်ပေးလို့ရမလား"

"ဗျာ"

"ဒီ ဒီလိုပါ ... ကျွန်မနဲ့အင်ကြင်း မိန်းကလေးကိစ္စလေး တိုင်ပင်စရာ ရှိလို့"

"အို ... မဝင်းမာကလည်း ရှက်စရာကြီး"

အင်ကြင်းကပါ အလိုက်သင့်လေး စကားထောက်ပေးလိုက်၏။ ကိုလှတင် မျက်နှာအထားခက်သွားပြီး သူ့နဖူးပြောင်ပြောင်ကြီးကို ပွတ်ကာ ထရပ်လိုက်ပြီး ...

"ရ ... ရ ရပါတယ်၊ မိန်းကလေးတွေဆိုတော့ ဒီလိုကိစ္စတွေ ရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

''ရှင်''

ဒီတစ်ခါတော့ မဝင်းမာ မျက်လုံးပြူးပြီး ကြောင်သွားရသည်။ ဒီမျိုးလိုးဆိုတာ သူမ မကြားဖူးပါ။ ဒီလိုမျိုးပဲ ရှိပါသည်။ အင်ကြင်းက သဘောပေါက်စွာပဲ . . .

''ကဲ ကဲ . . . ကိုလှတင် သွားမယ်ဆိုလည်း သွားလေ၊ ကျွန်မပဲ ရှင်းပြလိုက်မယ်''

''အင်း အင်း''

ကိုလှတင် ရှက်ရှက်နဲ့ ထထွက်သွား၏။ ခြံထဲဆင်းလာပြီးမှ ကိုယ့်ဘာကိုယ် ရင်နာမဆုံး ဖြစ်နေမိ၏။ အရေးရယ်အကြောင်းရယ် ဆန္ဒစောပြီး စကားပြောမိလျှင် ကယောင်ကတမ်းပြောတတ်သော လျှာကို ဖြတ်ပစ်လိုက်ချင်သည်။ ဒါကြောင့်လည်း တချို့အတွင်းသိတွေက 'အင်္ဂါကြိုဟ်' ဆိုသည့် နာမည်ပြောင်အပြင် 'ယောင်ခြောက်ဆယ်'ဟု ဘွဲ့တစ်ခုထပ်ပေးကြခြင်း ဖြစ်သည်။

ဘယ်လိုလုပ်ရပါ့မလဲ။ ထိုသို့ တောင်စဉ်ရေမရတွေးမိနေစဉ် . . .

''ဟေ့လူ . . . မဝင်းမာရှိလား''

မေးမေးပြီးချင်း ခင်မောင်ဇော်က ကိုလှတင်မှန်း သိသွား၏။ ကိုလှတင်ကတော့ ဖဝေဖဝါမျက်နှာနှင့် . . .

''အဲ အင်း . . . ရှိတယ် ရှိတယ်''

''ကျေးဇူးပဲ''

ခင်မောင်ဇော်က အိမ်ပေါ်လှမ်းတက်ရန် ပြင်လိုက်၏။ ကိုလှတင်က ကသောကမျောနှင့် လှမ်းဆွဲကာ . . .

''ဟာ ဟေ့ . . . မင်း သွားလို့မဖြစ်ဘူး ထင်တယ်''

''ဘာဖြစ်လို့ မဖြစ်ရမှာလဲ . . . ကျွန်တော် ဒီကိုလာနေကျပဲဥစ္စာ''





''မဟုတ်သေးဘူးကွ၊ အထဲမှာ အင်ကြင်းလည်း ရှိသေးတယ်''

ပိုကောင်းတာပေါ့ဟု တွေးရင်း ခင်မောင်ဇော် ဝမ်းသာသွား၏။ ထိုအရိပ်အကဲကို မျက်နှာမှာ မပေါ်စေရဘဲ . . .

''ဟုတ်လား . . . ကိစ္စမရှိပါဘူးဗျာ၊ အင်ကြင်းဆိုလည်း ရပါတယ်''

''ဘာ ဘာ . . . ဘာရတာလဲကွ''

''ခြော် . . . မဝင်းမာဆီလာတဲ့ကိစ္စက လူသိမခံဝံ့တဲ့ကိစ္စမှ မဟုတ်တာ''

ကိုလှတင်က ခင်မောင်ဇော်အား စိတ်ပျက်သွားသည့်ပုံစံဖြင့် ကြည့်လျက် . . .

''မသိဘူးကွာ၊ ငါပြောတာက သူတို့မိန်းမချင်းကိစ္စတွေ ပြောနေလို့ မင်းကို မသွားနဲ့ဦးလို့ပြောတာ''

ထိုစဉ် . . .

''ခင်မောင်ဇော် ရောက်နေတာလား . . . လာလေ အပေါ်ကို''

အိမ်ဝမှ ခေါင်းပြူကာ မဝင်းမာက လှမ်းခေါ်ခြင်းဖြစ်သည်။ ကိုလှတင်ကိုတော့ ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင် ထင်ပုံမရ။ နာမည်တပ်ကာ အတိအကျခေါ်ခြင်းကြောင့် ခင်မောင်ဇော်က ကိုလှတင်ကို မတွေမတန်သလို ကြည့်ရင်း အပေါ်သို့ မြောက်ကြွကြွတက်သွားပါသည်။

ကိုလှတင်ခမျာ ဘလိုင်းကြီး အနိုင်ခံလိုက်ရ၏။ ခင်မောင်ဇော်ဆိုသော နာမည်ကိုလည်း စိတ်စနောင့်စနင်း ဖြစ်နေမိသည်။ ကြားဖူးသလိုလို။ ဒီကောင့်ကိုလည်း တစ်နေရာရာမှာ တွေ့ဖူးသလိုလို။

ထိုအချိန်တွင် ခင်မောင်ဇော်နှင့်အင်ကြင်း ထိပ်တိုက်တွေ့နေကြပြီး တစ်ယောက်နှင့်တစ်ယောက် နဖူးချင်းတော့တိုက်နေခြင်းတော့ မဟုတ်သော်လည်း ဘိုင်ဝမ်း (one by one) တွေ့နေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော်က ဖြစ်စဉ်ကို ရှင်းပြလိုက်ပြီး (သုံးလုံးပေါင်းတစ်ဆယ် မဟုတ်ပါ)။

"အဲဒါပါပဲ အင်ကြင်းရယ် . . . ကျွန်တော် ဘယ်လိုမှ လာလို့မရလို့ ကီဝီကို လွှတ်ပြီး စာပေးခိုင်းလိုက်တာ"

"ရှင့်ကို အကူအညီတောင်းမှပဲ ပိုဆိုးကုန်တော့တယ်"

"ဟင် . . . ဘာဖြစ်လို့လဲ"

ဒီဘက်က အခြေအနေကိုလည်း ကိုယ်တော်အား ပြောပြရပြန်သည်။ စကားဆုံးတော့ ခင်မောင်ဇော် စိုးထိတ်တုန်ခါသွား၏။

"ဒုက္ခပါပဲဗျာ . . . အင်ကြင်း ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ"

"ဒီအခြေအနေရောက်တော့မှ ကျွန်မက ဘာလုပ်လို့ရဦးမှာလဲ"

စိတ်ပျက်အားလျော့နေသည့် အင်ကြင်းကိုကြည့်ကာ ခင်မောင်ဇော် သနားသွားသည်။

"မဟုတ်သေးဘူးလေ အင်ကြင်းရဲ့ . . . ပြဿနာတစ်ခုမှာ တတိယ နည်းလမ်းဆိုတာ ရှိသေးတာပဲ"

"ရှင်က ဘာလုပ်စေချင်လို့လဲ"

"မထူးတော့ပါဘူးဗျာ၊ အင်ကြင်း ကျွန်တော့်ကိုပဲ အဖြေပေးလိုက်တော့၊ အဲဒါ အကောင်းဆုံးပဲ"

"အရေးထဲ ရှင်ကတစ်မျိုး"

အင်ကြင်းက မျက်ခုံးနှစ်ဖက်ကိုစုရင်း ပြောလာ၏။

ခင်မောင်ဇော်က . . .

"အဲလိုမထင်ပါနဲ့ဗျာ၊ လူဆိုတာ ကျဉ်းထဲကျပ်ထဲရောက်ရင် စိတ်ရင်းအမှန် ပေါ်လာတတ်တယ်လေ၊ ကျွန်တော့်အပေါ် အင်ကြင်းရဲ့စိတ်ရင်း အမှန်လည်း သိရပြီပေါ့၊ ပြောလေ . . . ကျွန်တော် စီစဉ်လို့ရအောင်"





"အောင်မာ . . . ရှင်က ဘာကိုစီစဉ်ချင်လို့လဲ"

"အင်ကြင်းပဲ စဉ်းစားကြည့်လေ . . . ချစ်သောသူနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲ၏။ မချစ်မနှစ်သက်သောသူနှင့် အတူတကွ ပေါင်းသင်းနေထိုင်ရခြင်းသည် ပို၍ဆင်းရဲ၏တဲ့၊ အဲဒီဆင်းရဲခြင်းတွေနဲ့ ကင်းဝေးတဲ့နေရာကို ကျွန်တော် လိုက်ပို့ချင်လို့ပါ"

သူ့စကားကို အင်ကြင်းက မထုံတက်တေးပုံစံလေးဖြင့် . . .

"ဆိုစမ်းပါဦး . . . ဘယ်နေရာလဲလို့"

"သုခမြို့တော်ပေါ့ဗျာ၊ အဲ . . . ဆရာမြသန်းတင့်ဘာသာပြန်တဲ့ သုခမြို့တော် မဟုတ်ဘူးနော်၊ နှစ်ယောက်တည်းနေလို့ရတဲ့ ကိုယ်ပိုင် သုခမြို့တော်ကိုပြောတာ"

ခင်မောင်ဇော်က လက်ဦးမှုရအောင် အပြင်းအထန် ကြိုးပမ်းနေ၏။ အင်ကြင်းက လွှင်လွှင်သိမ့်သိမ့်လေး ရယ်တော့သည်။

ပြီးမှ မျက်လုံးလေးထောင့်ကပ်ပြီး . . .

"အင်းလေ . . . ရှင် ဒီလောက် အာမခံနေတော့လည်း"

"ဟာ အင်ကြင်း . . . ကျွန်တော့် ကျွန်တော့်ကို လက်ခံပြီပေါ့နော်"

"ဘယ်တတ်နိုင်တော့မှာလဲ . . . ကိုလှတင်နဲ့ လိုက်သွားရတော့မှာ ပေါ့"

"ဗျာ"

စားခါနီးထမင်းလုတ် ပုတ်ချခံရသလို ခင်မောင်ဇော် ပြာဝေသွား၏။ အင်ကြင်းကိုလည်း တုန်လှုပ်စွာ ကြည့်မိ၏။

အင်ကြင်းက မထူးခြားဟန်နှင့် ထရပ်ရင်း . . .

"ဟုတ်တယ်လေ . . . သွားလေရာကို အဲဒီလူကြီးက ပါလာ ခုလည်း သူနဲ့ပြန်ရတော့မယ်လို့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိစ္စကတော့ အင်ကြင်းရယ်"

"ရှင်နဲ့က ပြောစရာ မရှိတော့ဘူးလေ"

ခင်မောင်ဇော်ရင်ထဲမှာ ရှုံ့အက်နာကျင်သွား၏။ ဒါ အင်ကြင်းပေးတဲ့ အဖြေပေါ့။ ရပါတယ် အင်ကြင်း ... ကျွန်တော် လက်ခံပါတယ်။ နာကျင်စွာတွေးရင်း ခင်မောင်ဇော် ခေါင်းငုံ့ချလိုက်သည်။ ရင်ထဲက အားအင်တွေက စုပ်ယူခံရသလို နုံးခွေသွားသည်။

နောက်ဆုံးစကားပါပဲဟု မျှော်လင့်တကြီးတွေးကာ ခင်မောင်ဇော် မေးလိုက်သေး၏။

"အင်ကြင်း ကျွန်တော့်ကို ဘာမှပြောစရာ မရှိတော့ဘူးပေါ့နော်"

"ဟုတ်တယ် ... ပြောစရာမရှိတော့ဘူး။ ရှင့်ဘက်က အလုပ်နဲ့ သက်သေပြဖို့ပဲ ကျန်တော့တယ်"

"ဟာ"

ခန္ဓာကိုယ် လေထဲမြောက်တက်သွားသလို ခံစားလိုက်ရ၏။ မျှော်လင့်မှုက ရင်ထဲကို ကောက်ကွေ့ယိမ်းထိုးပြီး ပြန်ဝင်လာချေပြီ။ ထိုအချိန်မှာပဲ အင်ကြင်းက မျက်နှာလေးရဲကာ အနားက ပြေးထွက်သွားတော့သည်။ တားဆီးချိန်ပင် မရလိုက်။

ခြံထဲမှာ ဦးဆွေးဆံမြည့်ထိုင်စောင့်နေသော ကိုလှတင်ကိုကြည့်ကာ အင်ကြင်း၏ရင်ခုန်သံတချို့က ဆွံ့အသွားကြသည်။

ဒင်းက ဖွဲကောင်းလှချည်လား။ ရပါသည် ... သိပ်မကြာတော့ပါဘူး။

ကိုလှတင်က အင်ကြင်းကို စူးစိုက်ပြီး ကြည့်လိုက်၏။ ပြီး တည်ငြိမ်ပြတ်သားစွာပင် ...

"အင်ကြင်း ... ခုနက ဝင်သွားတဲ့ ခင်မောင်ဇော်ဆိုတာကို ကိုယ်





သိသွားပြီ"

အင်ကြင်း အလန့်တကြား ကြည့်မိလိုက်သည်။ ဒီတစ်ခါ စကား မများသော်လည်း ကိုလှတင်အသံက နားထဲကို သံရည်ပူလို ဝင်လာ၏။ ကိုလှတင်က ဆက်မပြောတော့။ ကြည်စင်နေသော ကောင်းကင်မှာ တိမ်မည်းတစ်အုပ်က ဖြတ်အုပ်သွားသလိုမျိုး သူမရင်ထဲ မှောင်ကျသွားလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

နောက်နေ့မှာ အခြေအနေက တစ်မျိုးထပ်ဖြစ်လာပြန်၏။ အင်ကြင်း သူ့အပေါ် စိတ်ထားပြောင်းသွားခြင်းတော့ မဖြစ်နိုင်။ ခင်မောင်ဇော်က ပူပူနွေးနွေး ချစ်သူနှင့် တွေ့ချင်လှသည်မို့ တရုတ်စကားပြောသင်တန်းသို့ လိုက်သွားသည်။ သို့သော်လည်း ချစ်သောအင်ကြင်းက ရောက်မလာ။ အောင်သန်းဦးကိုပဲ ကင်တင်းမှာ ငုတ်တုတ်ကြီးတွေ့ရလေသည်။

ခင်မောင်ဇော် စိတ်ပူသွားမိ၏။ အင်ကြင်းမှာ ဘာပြဿနာရှိပြန်ပြီလဲ။ အောင်သန်းဦးကတော့ အင်ကြင်း သင်တန်းလာမတက်သည်ကို သူ့ရှေ့တွင် မသိနားမလည်စွာဘဲ အားမနာလျှာမကျိုး အဖြစ်သည်းပြနေသည်။ အဖြစ်မှန် သာသိလျှင်တော့ အောင်သန်းဦး သွက်သွက်ခါသွားလောက်ပြီ။

သင်တန်းအဆင်းမှာ မဝင်းမာကိုမေးကြည့်တော့လည်း အဖြေ





ရေရေရာရာမရှိလှ။ သို့ဖြစ်၍ နောက်နေ့ ထပ်လာစောင့်ရန် တေးထားလိုက်ရသည်။

နောက်တစ်ရက်မှာလည်း ထူးမခြားနား။ အင်ကြင်း ရောက်မလာပါ။ အပြန်မှာ မဝင်းမာကို အင်ကြင်းတို့အိမ် လှည့်ဝင်ခိုင်းရတော့သည်။ ကိုယ့်မှာလည်း နေလိုမီးလို ပူနေပြီလေ။ ဒါတောင် မဝင်းမာက အင်တင်တင်။ သူ့ဆရာ ကမန်းကတန်းကြင်စိန်နှင့် ကင်တင်းမထိုင်လိုက်ရ၍ သိပ်မကျေနပ်လှ။

နောက်ထပ်တစ်ရက်က သင်တန်းပိတ်ရက်ဖြစ်သည်။ ခင်မောင်ဇော်လည်း အကျိုးအကြောင်းသိချင်၍ မဝင်းမာအိမ်ကို လိုက်သွားရတော့သည်။ ရောက်တော့ ဟိုမှာ အင်ကြင်းကလွဲပြီး သူ့သူငယ်ချင်းများ မမြတ်သစ်၊ မေသန္တာ၊ ဇာခြည်တို့ ရောက်နေကြပြီ။ မဝင်းမာက သူလာတာကိုပင် ဂရုမစိုက်ဘဲ ငွေတိုးပေးစားသည့် မမြတ်သစ်၏အလုပ်အကြောင်း စပ်စုနေသေးသည်။

ခင်မောင်ဇော်က မနေနိုင်တော့ဘဲ . . .

"မဝင်းမာ . . . အင်ကြင်းက ဘာတဲ့လဲဗျာ"

"ဘာမှမဟုတ်ပါဘူးဟယ်၊ ဟဲ့ မမြတ်သစ် . . . ရွှေအပေါင်ထားရင် အတိုးဘယ်လောက်ယူလဲ"

"သူများတွေတော့ မသိဘူး . . . ကျွန်မတော့ သုံးကျပ်ပဲယူတယ်"

ခင်မောင်ဇော် စိတ်ညစ်သွားသည်။ ဒုတိယမို့ ထပ်မေးလိုက်သည်။

"မဝင်းမာ မဝင်းမာ . . . အင်ကြင်းက ဘာဖြစ်နေတာလဲလို့"

"ဒီလိုပါပဲ၊ အလွတ်ဆိုရင်တော့ နင် ဘယ်လောက်ယူလဲ"

"အဲဒါဆိုရင်တော့ နှစ်ဆယ်ပဲလေ"

ဒုက္ခပါပဲ၊ အပေါင်ကိစ္စကိုပဲ စတော့ရှယ်ယာဈေးကွက်ပို အရေး



www.burmeseclassic.com

www.burmeseclassic.com

တကြီး ခွေးနွေးနေကြသည်။

တတိယမ္ဘိ ခင်မောင်ဇော်လည်း သည်းမခံနိုင်တော့ချေ။ မဝင်းမာ လက်ကို ဆွဲလိုက်ပြီး ...

"မဝင်းမာ ပြောတော့ဗျာ ... အင်ကြင်းက ဘာဖြစ်လို့ သင်တန်း မတက်တာလဲလို့"

"ဟာ ... နင်ကလည်း ဘာမှမဖြစ်ဘူး၊ ဟိုဟာတွေ ဖြစ်နေလို့ပေါ့ အတင်းပဲမေးနေတယ်၊ မမြွတ်သစ် ပြောဦး ... ငွေဘယ်လောက်ရှင်းရ ရလဲ"

စတုတ္ထမှာ ခင်မောင်ဇော် ပါးစပ်ပိတ်သွားတော့သည်။ နားလည် လိုက်ပါပြီ။ ဟိုဟာဆိုတော့လည်း ဟိုဟာပဲပေါ့လေ။

မဝင်းမာက သူ၏ ကြီးကျယ်ခမ်းနားသော အပေါင်ကိုစွကြီး ဝံ့စမ်း မေးမြန်းပြီးတော့မှ ...

"ခင်မောင်ဇော် ... နင် ဘာလုပ်နေတာလဲ"

"ထိုင်နေတာလေ ... အစ်မ စကားမပြတ်သေးလို့"

ခင်မောင်ဇော် အူကြောင်ကြောင်နှင့် ဖြေလိုက်၏။ မဝင်းမာက ကျွတ်စ်ခနဲ အသံထွက်ကာ ခေါင်းခါရင်း ...

"နင် ထိုင်နေတာကို ပြောတာမဟုတ်ဘူး... ဘာလုပ်နေတာလဲ ဆိုတာက နင် အင်ကြင်းကို မသိသေးဘူးလား။ ဟိုဘက်မှာ နီးနေပြီနော်"

"မဝင်းမာပဲ အင်ကြင်းက ဟိုဟာဖြစ်နေတယ်ဆို"

"အာ ဒီကောင်လေး ... ပေါက်ကရတွေ ပြောမနေနဲ့၊ အမြန်သွား တော့ဟဲ့"

"ဖြစ်ပါ့မလား ... ကျွန်တော် အင်ကြင်းနဲ့တောင် မတိုင်ပင်ရသေး ဘူး"





မြင်နေလျက်သားနဲ့ မဝင်းမာက သူ့ကို အထူးအဆန်းလို ကြည့် သည်။ ပြီး တအံ့တသြနှင့် ...

"ဟယ် ခင်မောင်ဇော်ရယ် ... ဒိုးဝေးလိုက်တာဟဲ့၊ အင်ကြင်း ဒီလောက်စိတ်ဆင်းရဲနေတာ နင်သိသားနဲ့၊ နင် ခုချိန်သာမိုးရင် လိုက်ပြီး သွားပဲ"

"အဟီး ... တားတားက အတိဘူးလေဂျာ"

ခင်မောင်ဇော် ပေါတောတောလုပ်ပြလိုက်၏။ ရင်ထဲမှာလည်း အတော် ပျော်နေပြီ။

ဇာခြည်ကလည်း ...

"မြန်မြန်မိုးစမ်းပါဟယ်၊ အဲဒီကိုလုတင်ဆိုတဲ့လူကို အမူမကျွဲခတ် တာ ကြည့်ချင်လို့"

"ဟုတ်ပ ... အောင်သန်းဦးလည်း ရင်ကွဲပက်လက်ဖြစ်သွားမှာ မြင်ယောင်သေးတယ်"

မေသန္တာက အပြည့်အဝ ဆန္ဒပြုသည်။ အားလုံးတော့ ကိုယ့်ဘက် ပါနေကြပြီ။ ပါးစပ်တော့ ဟာမပေးနိုင်ပါ။

ထို့ကြောင့် ခင်မောင်ဇော်က တိုင်ပင်လိုက်၏။

"ကဲ အကြံပေးကြဦးဗျာ ... ဘယ်နေ့ဆိုရင် ကောင်းမလဲ"

မဝင်းမာက ချက်ချင်းပဲ ...

"လာမယ့်ရှစ်ရက်နေ့သာ မိုး၊ အကောင်းဆုံးပဲ"

"ရက်ရာဇာကြောင့်လား"

"မသိဘူးဟေ့ ... ရက်ရာဇာတွေ ပြဿဒါးတွေကို၊ တရုတ်အဆို အရ ရှစ်ဂဏန်းဟာ ကံကောင်းစေတဲ့ဂဏန်းပဲ၊ အဲဒါကြောင့် ပြောတာ"

"လာပြန်ပြီ၊ ဟုတ်တယ် ခင်မောင်ဇော်ရဲ့ ... မဝင်းမာက သူ

www.burmeseclassic.com

www.burmeseclassic.com

ကြိုက်နေတဲ့ တရုတ်ဆရာ ဦးကြင်စိန်ကိုတောင် ရှစ်ရက်နေ့မှာ အဖြေပေး မလို့တဲ့ပေ့၊ သူ့စကား နားထောင်လိုက်''

ရယ်ကြရတော့သည်။ မဝင်းမာ၏ မျိုးချစ်စိတ်က အံ့မခန်း။

မည်သို့ပင်ဖြစ်စေ လေးစားလိုက်နာရပေမည်။ ရှစ်ဆိုတာ ချစ်နဲ့ အသံထွက်မှ သိပ်မဝေးသည်ပဲလေ။

အင်ကြင်းဘက်မှ မိန်းကလေးသူငယ်ချင်းများက အင်တိုက်အား တိုက် ဖြစ်နေကြသလို ခင်မောင်ဇော်၏ရောင်းရင်းများကလည်း တစ်တစ်ခွခွ မြှောက်ပေးနေကြသည်။ ထိုသို့သော အားပေးမှုများကြောင့် အများဆန္ဒ ကိုပဲလိုက်လျောရန် ခင်မောင်ဇော် ရှုပ်ရှုပ်ရှုံ့ရှုံ့ ဆုံးဖြတ်လိုက်ပါတော့သည်။

အင်ကြင်း၏အိမ်မှ အနေအထားများကို ပြည့်ပြည့်စုံစုံပြောပြပေး သည့် မဝင်းမာကိုလည်း ခင်မောင်ဇော်က အပြည့်အဝ ကျေးဇူးတင်လိုက်ပါ သည်။

''ကျေးဇူးတင်ပါတယ် မဝင်းမာ . . . ခုလိုဖြေကြားပေးတာ ကျေးဇူး ပါပဲ''



## အခန်း (၁၇)

အင်ကြင်းကို ဒီနေ့ခိုးမည်။ ရုပ်ရှင်တွေထဲကလို သူငယ်ချင်းများနှင့် အရေးတကြီး တိုင်ပင်နေစရာမလို။ ရှင်းရှင်းလေး။ အင်ကြင်းကို တစ်နေရာ မှာ ချိန်းလိုက်မည်။ ဘယ်သူ့ကိုမှ အသိမပေးထား။ အံ့ဩပျော်ရွှင်သွား အောင် ဖြစ်သည်။ ပြီးမှ နှစ်ယောက်သားအတူတူ အေးအေးလူလူ သွား လိုက်မည်။ အေးဆေးလုံခြုံသည့် တစ်နေရာရာပေါ့။ ဘာမှ ညကြီး မင်းကြီး ခိုးနေစရာမလို။ ညဘက်ခိုးရအောင် ကိုယ်က သူခိုးမဟုတ်သလို အင်ကြင်း ကလည်း ခိုးရာပါပစ္စည်းမှ မဟုတ်သည်ဘဲ။

သူငယ်ချင်းတွေ တစ်ပြုံကြီးနှင့် ကားတွေ၊ ရထားတွေလည်း မလိုပါ။ ချိန်းလိုက်မည်၊ ရောက်လာမည်၊ ပြောလိုက်မည်။ ပြီး သွားလိုက် မည်။ ရင်ခုန်ကြပြီ၊ ဒန့်တန့်တန်။ ပြတ်ရော။



www.burmeseclassic.com

www.burmeseclassic.com

မနက်ပိုင်း ခင်မောင်ဇော် အဝတ်အစားလဲနေစဉ်မှာပဲ နန္ဒာ ဝင်လာပြီး . . .

"ကိုကို . . . ဒါက ဘယ်တုံး၊ ပြောက်ကျားဘောင်းဘီတွေ ဘာတွေနဲ့"

"ဒီနေ့ အော်ပရေးရှင်းရှိတယ်လေ၊ ဒါကြောင့် ဒီဘောင်းဘီ ဝတ်နေတာ"

"ဘာအော်ပရေးရှင်းလဲ . . . ရှင်းရှင်းပြော"

"မိန်းမသွားခိုးမလို့ဟေ့၊ မိန်းမသွားခိုးမလို့"

"ဟယ် . . . တကယ်၊ ဟိုမမပဲလား"

"အေး . . . နင်ပြောတဲ့ ငါ့ရဲ့ချစ်သူပဲ"

"ဒေါ်လေးရေ . . . ဒီမှာ ကိုကိုရယ် မိန်းမသွားခိုးမလို့တဲ့"

"ဟာ"

တားရန်မမီလိုက်ပါ။ နန္ဒာ၏ အော်ကြီးဟစ်ကျယ်အသံကြောင့် အဒေါ်က အခန်းထဲ ပြေးဝင်လာသည်။

ပြီး ရင်ဘတ်ကိုဖိကာ . . .

"သား အတည်ပြောနေတာလား"

"ဒေါ်လေး"

"ဟေ"

"ကျွန်တော် ဒီညနေ ပြန်မရောက်လို့ကတော့ ခင်မောင်ဇော် လူပျို ဘဝကို ဆွဲကြိုးချလိုက်ပြီလို့သာ မှတ်လိုက်ကြတော့"

"ဘုရားရေ"

အဒေါ် ဘုရားတာပြီး ကျန်ခဲ့၏။ သေချာတာကတော့ ခဏနေလျှင် မေမေတို့ဆီ အဒေါ်ဖုန်းဆက်ပြောလိမ့်မည်။ ခင်မောင်ဇော်ကတော့ ပြောက်





ကျားဘောင်းဘီ တကားကားနှင့် ရင်ကော့စွာ။

အပြင်ရောက်တော့ အင်ကြင်းဆီ ဖုန်းဆက်လိုက်၏။ ချက်ချင်း တန်းဝင်သွားသည်။ ဖုန်း။

အင်ကြင်းက . . .

"လာခဲ့မယ်လေ၊ ဈေးထိပ်က လက်ဖက်ရည်ဆိုင်ကပဲ စောင့်နေ။ အဲဒီမှာ လူတစ်ယောက်နဲ့ စာရင်းရှင်းစရာလေးရှိနေလို့"

"အင်း အင်း"

အင်ကြင်းဖုန်းချသွား၏။ ဘယ်တစ်ယောက်နှင့် ဘာစာရင်းတွေ ရှင်းမည်လဲ။ လက်ဖက်ရည်ဆိုင်ရောက်တော့ ခင်မောင်ဇော် သဘောပေါက် သွားသည်။ အဲဒီမှာ တွေ့လိုက်ရတာက အောင်သန်းဦးဆိုသည့် လအလေး

သူ့သူငယ်ချင်းများဖြစ်ကြသည့် ဖရီး၊ ငပိကောင်၊ ကက်ဆက်ကြီး နှင့် စံမတူတို့ ထိုင်နေကြသည်။ ခင်မောင်ဇော်ကိုတွေ့တော့ လှမ်းခေါ်ပြီး . . .

"အစ်ကို . . . ထိုင်ဗျာ၊ ကြိုက်တာစား။ ဒီနေ့ ကျွန်တော် အကာခံ နေတာ"

"တယ်ဟုတ်ပါလားကွ . . . မင်း မွေးနေ့လား"

"မဟုတ်ဘူးဗျ၊ ဒီနေ့ မမကို ကျွန်တော်ခိုးပြေးမလို့လေ၊ ဟိုမှာ ကားတောင်ရောက်နေပြီ"

"ဟေ"

ခင်မောင်ဇော် အကြီးအကျယ် တုန်လှုပ်သွားရသည်။ ဆိုင်ရှေ့မှာ လည်း ကားတစ်စီးက ရှိနေ၏။ မမဆိုသည်က အင်ကြင်း။ ပြီး အင်ကြင်းက ဘာမှသိမည်မဟုတ်။ ဒါဆိုလျှင် . . .

"ဒါနဲ့ မင်းမမက လာမှာသေချာလို့လားကွ"

"သေချာပါတယ်၊ သေချာအောင်ကို တစ်ဖက်လှည့်နဲ့ ခေါ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ကျွန်တော် မမကို လုံးဝ အဆုံးအရှုံးမခံနိုင်တော့ဘူးဗျာ၊ ဟို . . . ကိုလှတင်ဆိုတဲ့ လူကြီးကိုလည်း မကျေနပ်ဘူး၊ ပြီးတော့ မမရဲ့ဘာညာဆိုပြီး ပြင်ဦးလွင်ကလူတစ်ယောက် လာဦးမယ်လို့ ကြားတယ်၊ ကျွန်တော် ဘာမှ ရှမစိုက်တော့ဘူးဗျာ၊ မမလာရင် ကားတင်ပြေးမယ်၊ ကျွန်တာတွေ ဖြစ်ချင်သလိုဖြစ်''

ဘုရား ဘုရား . . . ဒီကောင် တကယ်ကြံစည်နေတာပါလား။

ခံပြင်းမှုတွေနှင့် ရဲရဲနီနေသော အောင်သန်းဦး၏မျက်နှာကို ကြည့်ကာ ခင်မောင်ဇော် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်၊ ဘယ်သူ့ကိုမှ မတိုင်ပင်မိတာမှာပြီ၊ အောင်သန်းဦးနှင့် သူ့အဖော် ဖရီး၊ ငပိကောင်၊ ကက်ဆက်ကြီးနှင့် စံမတူတို့ အရက်လည်းသောက်ထားကြပုံ ရ၏၊ ပုံစံတွေက ခပ်တွေတွေ။

အမှုအရာမပျက်အောင် ထိန်းရင်း ခင်မောင်ဇော် ခေါင်းကို အလုပ်ပေးရတော့သည်။ အင်ကြင်းက ခုအချိန်မှာ အိမ်မှထွက်လာလောက်ပြီ။

သူစဉ်းစားနေတုန်းမှာပဲ အောင်သန်းဦးက သူ့အဖော်များအား . . .

''ဟေ့ကောင် ကက်ဆက်ကြီး . . . မင်းတို့ ကားပေါ်က အဆင်သင့်စောင့်နေ၊ ငါ မမကို ဖိန့်နဲ့ ခေါ်လာခဲ့မယ်''

ကက်ဆက်ကြီးဆိုသည့် လမ်းသူရဲဆန်ဆန်ကောင်လေးနှင့် အဖော်များ ထသွားကြ၏။ အောင်သန်းဦးတစ်ယောက်တည်းကျန်မှ ခင်မောင်ဇော် ခေါင်းထဲမှာ လက်ခနဲဖြစ်သွားသည်။ အောင်သန်းဦးကို ခပ်တည်တည် လက်ဆွဲနှုတ်ဆက်ရင်း . . .

''ဂုဏ်ယူပါတယ်ကွာ ညီလေး၊ ဒါနဲ့ မင်းကိုကောထားတဲ့ ကိုလှတင်ဆိုတဲ့လူကို ဆားနဲ့ပက်လိုက်ဦး''

''ဗျာ . . . ဆားနဲ့ဟုတ်လား''

''အေးလေ . . . ဒီအချိန် မင်းမမက အိမ်ကထွက်လာလောက်ပြီ





အဲဒီကိုလှတင်ကို ဖုန်းဆက်ပြီး ကလိထားခဲ့လိုက်၊ မင်း မမကို ခိုးသွားပြီပေါ့ကွာ၊ တီကောင်လိုတွန့်ပြီး ကျန်ခဲ့လိမ့်မယ် . . . ဟား ဟား ဟား ဟား''

ခင်မောင်ဇော်ရယ်တော့ အောင်သန်းဦးကပါ လိုက်ရယ်ရင်းက . . .

''ကောင်းလိုက်တဲ့အကြံဗျာ၊ ဒါနဲ့ သူ့ဖုန်းနံပါတ်''

''ရော့ ရော့ . . . ယူသွား''

သွေးနားထင်ရောက်နေသည့် အောင်သန်းဦးမှာ ကိုလှတင်ဖုန်းနံပါတ်ကို ခင်မောင်ဇော် ဘယ်လိုရသလဲဟူ၍ပင် မမေးပါ။ နံပါတ်ယူပြီး ဖုန်းရှိရာ ခပ်လှမ်းလှမ်းဆိုင်သို့ လှမ်းကြည့်ပြီးမှ ခင်မောင်ဇော်ကို . . .

''မမကို အစ်ကိုလည်း မြင်ဖူးတာပဲ၊ ဖုန်းဆိုင်က နည်းနည်းဝေးတော့ မမလာရင် အစ်ကိုအကျိုးအကြောင်း ပြောထားပေးပါဗျာ''

''အေးပါကွာ . . . သွားမှာသာသွားစမ်းပါ၊ ငါ မင်းကို လုံးဝကတိပေးတယ် . . . သွား သွား''

တကယ်ပင် ရင်ထဲက လေးလေးနက်နက် ကတိပေးလိုက်ခြင်းဖြစ်သည်။ အောင်သန်းဦးက ဆိုင်ထဲမှထွက်သွားပြီး သူ့အဖော်များအားမှာကြားနေသေး၏။ ပြီးမှ ဖုန်းရှိရာစတိုးဆိုင်သို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေသည်။

မကြာပါ . . . အင်ကြင်းရောက်လာသဖြင့် ခင်မောင်ဇော် သက်ပြင်းချရတော့သည်။ အင်ကြင်းအနားကို အမြန်သွားလိုက်၏။

''အင်ကြင်း . . . အရမ်းအရေးကြီးနေတယ်၊ လာ လာ . . . ကျွန်တော်တို့ သွားရအောင်''

ကယောင်ချောက်ချားဖြစ်နေသည့် ခင်မောင်ဇော့်ပုံစံကို အင်ကြင်းက နားမလည်ဟန်ဖြင့် . . .

''ဘာတွေဖြစ်နေတာလဲ . . . ဒီဆိုင်မှာ အောင်သန်းဦးတို့တဲ့ ကောင်



www.burmeseclassic.com

www.burmeseclassic.com

လေးနဲ့ ချိန်းထားသေးတယ်၊ သူက တောင်းပန်ချင်တယ်ဆိုလို့"

အရေးထဲ မရွှေအင်ကြင်းက ပုဆိန်ရိုးကို မေးနေသေးသည်။ ခင်မောင်ဇော်က အတိုချုံ့ပြီး မိတ္တူကိုပြောပြလိုက်မှ ခပ်လှမ်းလှမ်းမှကားကို ကြည့်ကာ ရင်ကလေးဖိုသွားပြီး ဘုရားတတော့၏။ ပြီး အထစ်ထစ်အငေါ့ ငေါ့နှင့် ...

"ဘယ် ဘယ် ဘယ်လိုလုပ်ကြမလဲ၊ အဲ အဲဒါဆို ကိုလှတင်က လည်း သိသွားတော့မှာပေါ့"

"စိတ်နည်းနည်းလျှော့လိုက် အင်ကြင်း"

ပြောရင်း အေးစက်နေသည့် အင်ကြင်း၏လက်ကလေးကို ခင်မောင်ဇော် ဆွဲကိုင်လိုက်၏။ အင်ကြင်း၏မျက်လုံးလေးများက အဝိုင်းသား။ လက်နှစ်ခုကြားက နွေးထွေးသည့်စီးဆင်းမှုနှင့်အတူ ခင်မောင်ဇော် ခိုင်ကျည်စွာ ပြောလိုက်ပါသည်။

"ကျွန်တော့်ကိုယုံပါ အင်ကြင်း။ အင်ကြင်း ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူး။ လာ ... သွားရအောင်"

"ဘာ ... မင်း ဘာစကားပြောတာလဲ"

ဖုန်းကိုင်ထားသည့် ကိုလှတင်၏လက်များက တဆတ်ဆတ် တုန်နေကြသည်။ သူ့ဘေးနားက ဦးချစ်ခင်က ဘာလဲဟု မျက်မှောင်ကြုတ်နေ၏။ သူရောက်တော့ အင်ကြင်းက အပြင်ခဏထွက်သွားသည်တဲ့။ ခုတော့ ကိုယ့်ကျိုးတွေ နည်းကုန်ပြီ။





"ဟော့ကောင် အောင်သန်းဦး(ဆိုဗူး) ... မင်း မင်း"

တစ်ဖက်မှ အောင်သန်းဦးက တဟားဟားရယ်ကာ ဖုန်းချသွားလေသည်။ ကိုလှတင်က ဦးချစ်ခင်အား တစ်လုံးချင်းပြောချလိုက်၏။

"ကျွန်တော် ကျွန်တော်တော့ ကော်စားခံလိုက်ရပြီ ဦးရယ်"

"ဘာကွ"

ဦးချစ်ခင် နဝေတိမ်တောင် ဖြစ်သွား၏။ ကြက်ကြီးလို လည်သိမ်ကာ ကိုလှတင်က အဖြစ်အပျက်ကို ရှင်းပြလိုက်ပါသည်။

ဦးချစ်ခင် ဝရုန်းသုန်းကား ထရပ်ပြီး ...

"ငါ့ကို ဘယ်ကောင်မှ ကော်စား အဲ ... စော်ကားလို့ မရဘူးကွ လာ ... ခု လိုက်ကြမယ်၊ သမီးသွားတာ ရပ်ကွက်ထဲက ဈေးနားတင်ပဲ"

နှစ်ယောက်သား ကိုလှတင်ကားဖြင့် ချက်ချင်းထွက်လာခဲ့ကြလေသည်။

လက်ဖက်ရည်ဆိုင်ထဲမှထွက်ကာ ခင်မောင်ဇော်နှင့်အင်ကြင်းတို့ လမ်းကြားလေးတစ်ခုအတိုင်း ပြေးဝင်သွားလိုက်သည်။ လောလောဆယ် အောင်သန်းဦးတို့ နောက်ကလိုက်မလာဖို့ အရေးကြီးသည်လေ။

"အင်ကြင်း ရရဲ့လား၊ ကျွန်တော် ကုန်းပိုးရမလား"

ပြေးရင်းလွှားရင်းက အင်ကြင်း ချစ်မျက်စောင်းလေးထိုးကာ ...

"ဟွန်း ... လုပ်မနေနဲ့၊ ဒီလို ခိုးရာလိုက်ရမယ်လို့ မိအင်ကြင်းတို့ စဉ်းတောင်မစဉ်းစားဖူးဘူး"

"ဒီလိုပဲပေါ့ အင်ကြင်းရယ် ... အနည်းလို အများစားခြေပေါ့"

"ဘာမှလည်း မဆိုင်ဘူး"

"ဟုတ်လား ... ဟာ"

သွားပြီ၊ ပြေးရင်း နောက်လှည့်ကြည့်လိုက်တော့ လူတစ်အုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အော်ဟစ်ကာ ပြေးလိုက်လာကြပြီ။ သူ့အသံကြောင့် အင်ကြင်းကပါ လှည့်ကြည့်ပြီး ...

"ဟယ် ... ဖေဖေတို့ပါ လိုက်လာကြပြီ"

"အရှိန်မြှင့်စို့ အင်ကြင်းရေ၊ ညာဘက်ကိုချိုးကြမယ်"

ညာဘက်ကို ချိုးချိုးချင်း တွေ့လိုက်ရသည်က အဖေ့သား တုတ်ကြီးကို ခွနင်းလာသည့် 'ပုပ္ပါး'ဆိုသော ဆိုက်ကားသမားလေး တင်ဦး။

ခင်မောင်ဇော်တို့အတွဲကိုကြည့်ကာ ဆိုက်ကားရပ်လိုက်ရင်း ...

"အစ်ကိုလေး အပြေးအလွှားနဲ့ ဘာဖြစ်လာတာလဲ"

"မမေးနဲ့ကွာ ... လာ လာ အင်ကြင်း၊ အင်ကြင်း ရှေ့ခန်းက တက်လိုက်"

အင်ကြင်းက အမြန်ပဲ တက်လိုက်သည်။ ခင်မောင်ဇော်လည်း ဆိုက်ကားပေါ်တက်ကာ ပုပ္ပါးအား ...

"ကဲ အဖေ့သားတုတ်ကြီးရေ ... ရှယ်တကာ့ရှယ်သာ နင်းတော့ ဟေ့၊ နောက်မှာ ငါ့ယောက္ခမရိုးရိုးကြီးတို့ လိုက်လာလို့"

"ရတယ်လေ ... လာထားပဲ"

ခင်မောင်ဇော်တို့အတွဲ စီးနင်းလိုက်ပါသွားသည့် ပုပ္ပါးနင်းသော အဖေ့ သား တုတ်ကြီးက လမ်းပေါ်မှာ အရှိန်ပြင်းစွာ။

●

"ဟောဟဲ ဟောဟဲ မောင်လှတင် ... ခင်မောင်ဇော်ဆိုတာ ဘယ်ကောင်လဲကွ ... ဟေ ... ဟောဟဲ ဟောဟဲ"





"ဟိုမှာ ဟိုမှာ ဦး ... ဟို ကျောက်ပြားဘောင်းဘီနဲ့ကောင်ပဲ ဆိုက်ကားနောက်က ပါသွားတာ"

"ဟာကွာ ... အရေးထဲ ပြောက်ကျားဘောင်းဘီပါကွ"

"မသိတော့ဘူး ဦးရာ ... မီလည်းမမီတော့ပါဘူး"

●

လမ်းဆုံလမ်းခွမှာ တွေတွေကြီးရပ်နေသည့် ကိုလှတင်ကို အောင်သန်းဦးက ...

"ကျွန်တော်တို့ တစ်ခုမေ့သွားတယ် ကိုလှတင်၊ အဲဒီ ခင်မောင်ဇော် ဆိုတဲ့လူလည်း မမအင်ကြင်းကို ချစ်နေနိုင်တယ်ဆိုတာပဲ"

"အေးကွာ ... ငါလည်း ပစ်ခွာခံလိုက်ရပါပြီ"

"ဘာထူးလို့လဲဗျာ ... ကျွန်တော်လည်း ဆုတ်ခွာရတာပါပဲ"

နှစ်ယောက်သား ပြိုင်တူပြုံးမိကြ၏။ မချိပြုံး။ ကောင်းကင်ကို မော့ကြည့်လိုက်တော့ သက်တံတစ်ခုကို တွေ့လိုက်ရသည်။ သက်တံဆိုတာ ကောင်းကင်နှင့်ပဲလိုက်ဖက်ကြောင်း ရင်ထဲမှာ ကိုယ်စီသိသွားကြလေ၏။

အဝေး ကောင်းကင်ထောင့်ချိုးတစ်နေရာမှာတော့ သက်တံလေးက ညွတ် ကွေး လှပလျက်။

■



www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

ခင်မောင်ဇော်တို့ ပူပူနွေးနွေး လင်မယားအား ပထမဆုံးအကြော

အဖြစ် ဦးချစ်ခင်က ခေါ်တွေ့ခြင်းဖြစ်သည်။ ချစ်ခင်လေးစားအပ်ပါ

ဒေါ်ခင်မေမြင့်က ဘေးမှာ မိန့်မိန့်ကြီး။

အင်ကြင်းက သူတို့လင်မယားအတွက် ပေးထားသည့် အခန်း

ဝင်သွားပြီ၊ ခင်မောင်ဇော်လည်း လိုက်သွားချင်ပြီပေါ့။ သို့ပေမယ့်

ဦးချစ်ခင်က သားသမက်လေးကို ဆုံးမနေသေး၏။ ခင်မောင်ဇော်မှာ

မျော့နေပြီ။

"မင်း ဒီအတိုင်းနေလို့တော့ မရဘူး။ အလုပ်တစ်ခုလုပ်ကိုလုပ်

လိမ့်မယ်"

"ဟိုလေ ... ဘာအလုပ်လဲ မသိဘူး"





"ဒါ ငါ့ကိစ္စပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ပြီးတော့ မင်းတို့ ဒီမှာပဲ ပြောင်းနေရမယ်ကွ"

"ဒီအိမ်မှာ လူမများဘူးလား ဦးရယ်"

"ဒါ ငါ့ကိစ္စပါ"

"ဟုတ်"

"နောက်ပြီး မင်းလိုအပ်ရင် ငါ့ကားကို ယူသုံးလို့ရတယ် ... ကြား လား"

"ဦးများ သွားစရာရှိရင် ခက် ခက် ..."

"ဒါ ငါ့ကိစ္စပါကွ"

"ဟုတ်ကဲ့ပါဦး"

"အေး ... မင်းသွားလို့ရပြီ"

ခင်မောင်ဇော်လည်း ဦးချစ်ခင်ရှေ့မှ ကုပ်ချောင်းချောင်း ထွက်လာခဲ့၏။ ပြီး သူ့မိန်းမရှိနေသည့် အခန်းတံခါးကို ခေါက်လိုက်၏။ အထဲကို ရောက်ချင်လှပါပြီ။

BURMESE CLASSIC .com

"ဟော့ကောင် ... မင်း ဘာလုပ်တာလဲ"

"ဗျာ"

ခင်မောင်ဇော် ရုတ်တရက် လန့်သွားသည်။ လှမ်းကြည့်လိုက်တော့ သူ့ ယောက္ခမ အိုင်စတိုင်းဘော်ဒါကြီး။ သူ့သမီး ကိုယ့်မိန်း အခန်းတံခါးခေါက် သည်ကို မျက်ထောင့်နီကြီးနှင့် ကြည့်နေသေးသည်။

ခင်မောင်ဇော်က ရယ်ပြုရင်း တံခါးထပ်ခေါက်လိုက်သဖြင့် ...

"မင်းကိုမေးနေတာ ... အခန်းတံခါးခေါက်ပြီး ဘာလဲမှာလဲ"

"ဒါ ကျွန်တော့်ကိစ္စပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

အဘိုးကြီး ဒေါသတကြီးပြန်အော်၏။ ဒီအချိန်မှာ သူ့သမီး ဆိုပေမယ့် ကိုယ်က ပိုင်နေပြီ။

ထို့ကြောင့် ခင်မောင်ဇော်က ရယ်ကျဲကျဲလုပ်ပြီး . . .

"ဟုတ်တယ်လေ . . . ဒါ ကျွန်တော့်ကိစ္စပဲ"

"ဟေ့ကောင် . . . အဲဒါ အကြီးမအခန်းကွ၊ ငါ မပြောလိုက်ချင်ဘူး"

"ဂျာ . . . အဟီး . . . အခုလိုပြောကြားပေးတာ ကျေးဇူးတင်ပါတယ်ဦး"

အခန်းက ကပ်လျက်မို့ တံခါးကလည်း ဆင်တူဖြစ်နေသောကြောင့် မှားယွင်းသွားခြင်းဖြစ်သည်၊ ရောက်ရောက်ချင်း ခေါက်နှင့်ထွင်းခြင်း မဟုတ်ရပါ။ ကိုယ့်အခန်းထဲရောက်တော့ ခင်ကြင်းဆီမှ ခေါင်းခေါက်ခံလိုက်ရသည်။ ခင်မောင်ဇော်ကလည်း ချစ်ရှုံခံပါသည်၊ ပြီးမှ ခင်ကြင်းကို လက်စားချေလိုက်၏။

သူတို့၏ ပူပူနွေးနွေးရယ်သံများက အခန်းလေးထဲမှ ငြင်သာ တိုးသက်စွာ ထွက်ခွာသွားကြသည်၊ ညကောင်းကင်ထဲမှာ ကြယ်တွေ စုံနေကြပြီ။ ကောင်းကင်တစ်မိုးအောက်မို့လည်း အချစ်တွေက နူးညံ့ စူးရှမှုတစ္စာ၊ အရာအားလုံးသည် တိတ်ဆိတ်စွာ ဆူညံနေကြလေသည်။

ထိုသို့ဖြင့် . . .॥

လေးစားစွာ

မိုးမြင့်

(2013)

## ဤဝတ္ထုတွင်ပါဝင်သော
## သူရ(၁၂)ဖောင်တြီးတျောင်းဆင်း သူငယ်ချင်းများ

၁။ ရဲမှူးကြီး ခင်မောင်ဇော် (CID မန္တလေး)
၂။ ရဲမှူးကြီး အုန်းခိုင် (တပ်ရင်းမှူး-မုံရွာ)
၃။ ရဲမှူးကြီး ကျော်မိုး (ရန်ကုန်)
၄။ ဒုရဲမှူးကြီး အောင်သန်းဦး (နေပြည်တော်)
၅။ ဒုရဲမှူးကြီး ညွန့်လှိုင် (ငြိမ်း)
၆။ ဒုရဲမှူးကြီး ဝင်းသန်း (ငြိမ်း)
၇။ ဒုရဲမှူးကြီး ဇော်မင်းအောင် (ငြိမ်း)
၈။ ဒုရဲမှူးကြီး ဝင်းဦး (ငြိမ်း)
၉။ ဒုရဲမှူးကြီး လှမြင့် (ငြိမ်း)
၁၀။ ဒုရဲမှူးကြီး ဖေအောင် (ငြိမ်း)
၁၁။ ဒုရဲမှူးကြီး သိန်းထွန်း (ငြိမ်း)
၁၂။ ဒုရဲမှူးကြီး ဦးထွန်းစိန် (ငြိမ်း)
၁၃။ နိုင်ဝင်း - ဒု-ညွှန်မှူး၊ စစစ (ငြိမ်း)
၁၄။ သိန်းဟန် - ဒု-ညွှန်မှူး၊ စစစ (ငြိမ်း)
၁၅။ လှတင် - ဒု-ညွှန်မှူး၊ စစစ (ငြိမ်း)
၁၆။ မြင့်ဦး - လ/ထညွှန်မှူး၊ စစစ (ငြိမ်း)
၁၇။ ဖရီး (ခ) ဝင်းကြည် ကာလ ၂၂
၁၈။ ကက်ဆက်ကြီး (ခ) စောလွင် ကာလ ၂၄

www.burmeseclassic.com

www.burmeseclassic.com

၁၉။ အနှစ်လေး (ခ) လှမြင့် ကသ ၄၁
၂၀။ အာလာခင် (ခ) တင်မောင်အေး ကသ ၅၂
၂၁။ ပုပ္ပါး (ခ) တင်ဦး ကသ ၅၅
၂၂။ ငါ့ကောင် (ခ) ခင်ဇော် ကသ ၅၈
၂၃။ တာတီး (ခ) စိုးဝင်း ကသ ၇၇
၂၄။ တောကျိုးကန်း (ခ) လှမျိုးမြင့် ကသ ၉၁
၂၅။ ကမန်းကတန်း (ခ) ကြင်စိန် ကသ ၁၀၅
၂၆။ ကိုဝိ (ခ) ဇော်ဝင်းထင် ကသ ၁၂၀
၂၇။ သူကြီး (ခ) အောင်သိန်း ကသ ၁၃၃
၂၈။ ကုလားကြီး (ခ) ညွန့်အောင် ကသ ၂၂၂

BURMESE CLASSIC .com

အတိတ်ကိုမမေ့နိုင်လို့ ပြန်လည်တူးဆွတဲ့

ချန်ကေရှိတ် (ခ) အောင်စိုး (ကသ-၃၉)
သူရ (၁၂) မောင်ကြီး

## မိုးတာဂိုင်

ထွက်ပြီးလုံးချင်းဝတ္ထုများ

#၁ ချစ်သူရေးတဲ့ ရည်းစားစာ (ဗွီဒီယို)
#၂ ချစ်သူဝှက်တဲ့ ခေတ်သစ်ဖဒင်
#၃ ချစ်သူပြောတဲ့ ရည်းစားစကား (ဗွီဒီယို)
#၄ အပျိုစင် (ဗွီဒီယို)
#၅ ချစ်လို့ (ဗွီဒီယို)
#၆ အိပ်မက်အက်ဆေး (ဗွီဒီယို)
#၇ ဟန်းနီးမွန်း (ဗွီဒီယို)
#၈ စူပါဆန်းဒေး
#၉ ဖူးစာကွန်ရက် (ဗွီဒီယို)
#၁၀ သူငယ်ချင်းဖိုင်ယာရီ
#၁၁ ရိုးမြေကျသီဇိုရီ (ဗွီဒီယို)
#၁၂ ပန်းသီးမက်ခေ့ချ် (ဗွီဒီယို)
#၁၃ ကျောင်းစိမ်း (ဗွီဒီယို)
#၁၄ ရာသက်ပန်ပရိဂရမ် (ဗွီဒီယို)
#၁၅ လေဒီစာအုပ်ကြီး (ဗွီဒီယို)
#၁၆ ကြည်နူးရာ ကြေကွဲရာ
#၁၇ အဲမှန်းမဲ့ဇုန် (ဗွီဒီယို)
#၁၈ အမည်ပေါက်သမီးရည်းစား
#၁၉ အနမ်းဂိမ်း (ဗွီဒီယို)

www.burmeseclassic.com